ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**တပ်မက်မှုကိုစွန့်လွှတ်**

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ်စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကိုအလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်းသဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်းမရှိ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၃)

၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ 16, Tuesday August 2016 (၈၆၅၅)

# ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အစည်းအဝေးကျင်းပ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၁၅**

မိမိတို့နိုင်ငံအတွက် ငြိမ်းချမ်းရေးသည် အဓိကအရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံငြိမ်းချမ်းရေးမရရှိခြင်းမှာ မိမိတို့ပြည်ထောင်စုသားများအားလုံး၏ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ခြင်းကြောင့် ဖြစ်ပါကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် ပြောကြားခဲ့သည်။

နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးရရှိမှ မိမိတို့ပြည်သူလူထု၏ စိတ်နှလုံးချမ်းသာနိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် အတိတ်ကိုသင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်သူလူထုတိုးတက်နိုင်ရန်မှာ ရေရှည်တွင် ငြိမ်းချမ်းရေးမရှိဘဲနှင့် စီးပွားရေးကိုမည်သို့မျှ ထိန်းသိမ်းထားနိုင်မည်မဟုတ်ပါကြောင်း၊ စီးပွားရေးမည်မျှတိုးတက်သည်ဖြစ်စေ ငြိမ်းချမ်းမှုမရှိလျှင် စီးပွားရေးပြိုလဲသွားနိုင်ပါကြောင်း။

ယင်းကို ဖြည့်ဆည်းပေးနိုင်ရန်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးဘက်ကလည်း ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး သဘောထားပါရှိရေးမှာ အရေးကြီးပါကြောင်း။

သို့သော်လည်း ၁၀၀ ရာခိုင်နှုန်း သဘောတူရန် မဖြစ်နိုင်ပါကြောင်း၊ ယင်းမှာ လူသားများ၏သဘာဝပင်ဖြစ်ကြောင်း၊ သို့သော်လည်း မတူညီသည့် သဘောထားများကို

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် ဆေးဝါးသိပ္ပံပညာရှင်များ

ရန်ကုန် ဩဂုတ် ၁၅

**“အာရောဂျံ ပရမံ လာဘံ” ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသည့် ဆိုရိုးစကားအတိုင်း ကျန်းမာရေးကောင်းမွန်ခြင်းသည် မြတ်သော မင်္ဂလာတစ်ပါးဖြစ်သည်။ ကျန်းမာရေးကောင်းမွန်ရန် မိမိကိုယ်တိုင် ကံ၊ စိတ်၊ ဥတု၊ အာဟာရညီညွတ်မျှတစေရေး သတိပြုနေထိုင်တတ်ဖို့ လိုအပ်သလို ကျန်းမာရေးဖောက်ပြန်လာပါကလည်း သက်ဆိုင်ရာ ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်ပေသည်။**

စာမျက်နှာ ၇ ကော်လံ ၁ သို့

# လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့မွန်းလွဲ ၁ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

**(ကြေးမုံ)**



# ကြေးမုံ

## ကြိုတင်ပြင်ဆင် ရေကြီးရေလျှံမှုတွင် ပူးပေါင်းပါဝင်

မိုးလယ်ကာလဖြစ်၍ နိုင်ငံတစ်ဝန်းတွင် မိုးအလွန်ကောင်းခြင်းနှင့်အတူ ရေကြီးရေလျှံမှုများ ဒေသအများတွင် ဖြစ်ပေါ်နေသည်။ နိုင်ငံအထက်ပိုင်းမှ အပေါ်ရေများ တစ်စတစ်စကျဆင်းလာသောအခါ မြစ်ဝကျွန်းပေါ်ဒေသအတွင်းရှိ မြစ်ချောင်းများရေပြည့်ရေလျှံဖြစ်ပေါ်လာပြီး စိုးရိမ်ရေအမှတ်သို့ ရောက်ရှိလာသည်။ လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူသိန်းနှင့်ချီ၍ ရေဘေးဒုက္ခနှင့်ကြုံတွေ့နေရသည်။

ရေကြီးရေလျှံမှုမှာ မိုးကာလဖြစ်၍ ဖြစ်ရိုးဖြစ်စဉ်ဟုဆိုနိုင်သော်လည်း ရာသီဥတုဖောက်ပြန်မှုအယ်နီညို ဖြစ်စဉ်နှင့် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်များ၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်နှင့်ကမ်းရိုးတန်းဒေသများတွင် မိုးပိုခဲ့ရာ ရေလွှမ်းမိုးမှုကျယ်ပြန့်ပြီး ရေဘေးဒုက္ခသည်များ ပိုမိုများပြားလာခဲ့သည်။ လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး အိမ်ထောင်စု တစ်သိန်းကျော် ရေဘေးသင့်ခဲ့သည်။ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်း ၆၈၀ ကျော်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးနေသည်ကို အားရဖွယ်တွေ့မြင်ရသည်။

ကယ်ဆယ်ကူညီထောက်ပံ့ရေးအပိုင်းတွင် ယမန်နှစ်ရေကြီးရေလျှံမှုဖြစ်စဉ်များက မြန်မာနိုင်ငံအတွက် အတွေ့အကြုံကောင်းများ ရရှိခဲ့ပြီးဖြစ်သည်။ ရေကြီးရေလျှံမှုမဖြစ်ခင်၊ ရေကြီးရေလျှံမှုဖြစ်စဉ် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုများမှာ ကျေးဇူးတင်စရာပင်ဖြစ်သည်။ ကူညီထောက်ပံ့ရေးအတွက် ရေဘေးသင့်ပြည်သူများအား လွှမ်းခြုံကူညီနိုင်ရန် အရေးကြီးသည်။ အမှန်တကယ်ဖြစ်ပွားမှုနှင့် သတင်းအချက်အလက်မှန်ကန်ရေးအတွက် စနစ်တကျဆောင်ရွက်မှုများလိုအပ်ပြီး တာဝန်ရှိအဖွဲ့အစည်းများနှင့်အတူ စေတနာရှင်အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများ အတူတကွပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်။ စနစ်တကျစီမံဆောင်ရွက်ပေးမှုနှင့် အတူတကွပူးပေါင်းဆောင်ရွက်မှုများ ရှိနေရန်လိုအပ်သည်။

ရေဘေးသင့်မှုဧရိယာမှာ ကြီးမားကျယ်ပြန့်လှသဖြင့် လက်လှမ်းမမီသည့် အချို့ကျေးလက်ဒေသများ ရှိနေဦးမည်ဖြစ်သည်။ လက်လှမ်းမီရာဒေသများအား ကူညီထောက်ပံ့မှုများပေးနေသလို လက်လှမ်းမမီသောဒေသများအတွက်လည်း မှန်ကန်တိကျသော သတင်းအချက်အလက်များကိုရယူကာ တာဝန်ရှိသူများ၏အကူအညီဖြင့် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ စေတနာရှင်များအနေဖြင့်လည်း တတ်အားသမျှပါဝင်ပူးပေါင်းကူညီလှူဒါန်းမှုများ ပြုလိုကြရာ မှန်ကန်စနစ်ကျသော အလှူခံမှုများဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ယခုအခါ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတကိုယ်တိုင် ရေကြီးရေလျှံမှုဖြစ်ပွားရာဒေသများသို့ ကွင်းဆင်းသွားရောက်ပြီး ကူညီထောက်ပံ့ စီမံဆောင်ရွက်မှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် ရေဘေးအန္တရာယ်ကင်းဝေးရေးအတွက် ကြည့်ရှုစစ်ဆေးဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရသည်။ ရေဘေးသင့်ကာလကျော်လျှင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးရဦးမည်ဖြစ်သည်။ ယင်းကာလများတွင် ယခုကဲ့သို့ပင် ဆက်လက်၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်လည်း လိုအပ်ပေသည်။

ရေဘေးသင့်ဖြစ်စဉ်များမှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ ဖြစ်ပွားနေခြင်းမဟုတ်ဘဲ အခြားနိုင်ငံများတွင်လည်း ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိသည်။ ယခုအခါ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်အတူ မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုဖြစ်စဉ်များ ဆက်တိုက်ဖြစ်ပေါ်နေသည်ကို ရေရှည်မြော်တွေး၍ အလေးထားစဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်သည်။ အနာဂတ်ကာလတွင် ရေကြီးရေလျှံမှုဖြစ်စဉ်များ လျော့ပါးသက်သာလာစေနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆက်လက်ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ။

## ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေမှုအခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်သောင်းသည် ဂျပန်နိုင်ငံမှအောက်လွှတ်တော်ကိုယ်စားလှယ် Mr. Masaharu NAKAGAWA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အဆောင်အမှတ် (I-6) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းရင်းသားရေးရာကိစ္စများ၊ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေမှု အခြေအနေများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကျင်းပမည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲ အသင်းလိုက်ဗိုလ်လုပွဲစဉ်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ယနေ့နံနက် ၉ နာရီမှစ၍ ကျင်းပလျက်ရှိသည်။

ယနေ့အမျိုးသားအသင်းလိုက် တတိယလုပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရ၍ တတိယဆုရရှိခဲ့သည်။ ဆက်လက်၍ အမျိုးသားအသင်းလိုက် ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရကာ ပထမဆုရရှိသွားခဲ့သည်။

အသင်းလိုက်ပြိုင်ပွဲများအပြီး ဆုများချီးမြှင့်ရာ တတိယဆုရရှိသော ကရင်ပြည်နယ်အသင်းအား ပြိုင်ပွဲကျင်းပရေးဒိုင်ချုပ်အဖြစ် တာဝန်ထမ်းဆောင်သူ ဦးဝင်းမြင့်က တစ်ဦးချင်းဆုများကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ကချင်ပြည်နယ်အသင်းအား မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးအောင်ကျော်မိုးက တစ်ဦးချင်းဆုများကိုလည်းကောင်း၊ ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား မြန်မာနိုင်ငံပိုက်ကျော်ခြင်း အတွင်းရေးမှူး ဦးကျော်ဇင်မိုးက တစ်ဦးချင်းဆုများကိုလည်းကောင်း အသီးသီးချီးမြှင့်ခဲ့သည်။

**(မောင်မောင်ဇော်)**

## မျိုးသန့်မျိုးပွားမိုးစပါးခင်း မျိုးကွဲပယ်ခြင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၅**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် မျိုးသန့်မျိုးပွား မိုးစပါးခင်း (RS-CS) မျိုးကွဲပယ်ခြင်းအား ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ဧက(၅၀၀) အဆင့်မြင့် လယ်ယာ ကွင်းအမှတ် ၁၆၃၆(က)ရှိ တောင်သူဦးတင်ထွန်း၏ စိုက်ကွက်၌ စိုက်ပျိုးထားသော ဆင်းသုခစိုက်ခင်းတွင် ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။



မျိုးကွဲပယ် ကွင်းဆင်းဆောင်ရွက်ခြင်း အခမ်းအနားသို့ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးတင်ဦးကြိုင်၊ ဥတ္တရခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးကျော်ကျော်ဦး တိုင်းမျိုးစေ့ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းမြနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးစီးအရာရှိ ဦးဖိုးတိုးက မျိုးကွဲပယ်ခြင်း လုပ်ငန်းများကို စိုက်ခင်းထဲသို့ ကွင်းဆင်းပြီး တောင်သူများအား လက်တွေ့သင်ကြားပြသခဲ့ကြောင်း သိရသည်။

**ဆရာမင်း(ရှုပဗေဒ)**





## မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကျိုက်ထို ဩဂုတ် ၁၅**

ကျေးလက်နေပြည်သူများ လူမှုစီးပွား ဘဝ စဉ်ဆက်မပြတ် တိုးတက်ရေးအတွက် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် နိုင်ငံတော်က ထူထောင်ပေးသည့် မြစိမ်းရောင် စီမံကိန်းကို ကျိုက်ထိုမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငှက်ပျောတောင်ကျေးရွာ၊ ကော့ဘိန်းကျေးရွာ၊ ကမ်းနီကျေးရွာတို့အား တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပြီး ကျေးရွာတစ်ခုချင်း အလိုက် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို ဖွဲ့စည်းပေးခဲ့ပြီး ရန်ပုံငွေလွှဲအပ်ပွဲများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ကျိုက်ထိုမြို့နယ်၌ မြစိမ်းရောင် စီမံကိန်းစတင်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာသုံးရွာ၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ကျေးရွာလေးရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာသုံးရွာ စုစုပေါင်းကျေးရွာ ဆယ်ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

**သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**


ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဩ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

✪ ရှေ့ဖုံးမှ

ညှိနှိုင်းနိုင်ရန် အရေးကြီးပါကြောင်း၊ မိမိတို့အတွက် အပေါင်းလက္ခဏာဆောင်ရန်ဆိုလျှင် သဘောထားအမျိုးမျိုးရှိရမည်ဖြစ်ပြီး အမြင်အမျိုးမျိုးရှိရမည်ဖြစ်ကြောင်း၊ အမြင်အမျိုးမျိုးသည် အားလုံးအပေါ် အကျိုးပြုရန်ဆိုလျှင် ညှိနှိုင်းတွေ့ဆုံရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ယခုအစည်းအဝေးတွင် ညီလာခံအတွက် ဆွေးနွေးစရာများစွာရှိမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် အဖွဲ့အစည်း၏ရပ်တည်ချက်၊ တစ်ဦးချင်းစီ၏ရပ်တည်ချက်များကို လေးစားပြီးဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ(၂) ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ယခုဆွေးနွေးပွဲမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအတွက် အခြေခံများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် နိုင်ငံရေးဆွေးနွေးပွဲများကို ဆွေးနွေးနိုင်မည်ဖြစ်ပါကြောင်းဖြင့်လည်းကောင်း။

တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက ယနေ့အစည်းအဝေးတွင် မကြာမီကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံအတွက် အခြေခံကောင်းများကို ဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီများအစုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးရာတွင် မိမိတို့ရပ်တည်ချက်များကို အစွန်းမရောက်ရန် လိုအပ်ပါကြောင်း၊ အားလုံးက အကောင်းမြင်စိတ်ဖြင့် ဆွေးနွေးကြရန်လိုကြောင်း၊ သို့မှသာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်းဖြင့်လည်းကောင်း ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံညီလာခံတွင် ဆွေးနွေးမည့်အစီအစဉ်များ၊ ညီလာခံကျင်းပရေးပူးတွဲကော်မတီဖွဲ့စည်းရေး၊ ညီလာခံတက်ရောက်မည့်ကိုယ်စားလှယ်များကိစ္စ၊ ကျင်းပမည့်နေ့ရက်၊ ဖွင့်ပွဲနှင့်ညစာစားပွဲအစီအစဉ်တို့ ဆွေးနွေးအတည်ပြုကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ယခင် UPDJC ဆောင်ရွက်ချက်များပြန်လည်ဆွေးနွေးခြင်း၊ UPDJC ကိုယ်စားလှယ်များ အစားထိုးလဲလှယ်ခြင်း၊ မူဘောင်သုံးသပ်ခြင်းအစည်းအဝေးများမှ သုံးသပ်ချက်များ ပြန်လည်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**

# အာဆီယံနေ့အထိမ်းအမှတ် နေ့လယ်စာစားပွဲ တည်ခင်းဧည့်ခံ



**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က (၄၉)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အဖြစ် အာဆီယံနိုင်ငံများမှ သံတမန်များအား နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ယနေ့မွန်းလွဲပိုင်းတွင် နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံဆိုင်ရာ အာဆီယံသံအမတ်ကြီးများနှင့် ရင်းနှီးခင်မင်စွာ နှုတ်ဆက်စကားပြောဆိုပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပခဲ့သော (၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ပတ်သက်သည့်အတွေ့အကြုံများကို ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံသံအမတ်ကြီးများနှင့် ဇနီးများ၊ အာဆီယံအသိုက်အဝန်းမဏ္ဍိုင်(၃)ရပ်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ အက်စ်တိုးနီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဩဂုတ် ၁၆**

နယူးဒေလီမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အက်စ်တိုးနီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် Mr.Riho Kruuv အားခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ သဘောတူညီပြီးဖြစ်သည်။

Mr. Riho Kruuv ကို ၁၉၇၂ ခုနှစ် ဇွန်လ ၁၄ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်တွင် အက်စ်တိုးနီးယားနိုင်ငံ တာတူတက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အက်စ်တိုးနီးယားနိုင်ငံ တယ်လ်လင်းမြို့ရှိ သံတမန်ရေးရာကျောင်းတွင် နိုင်ငံတကာဆက်ဆံရေးနှင့် ဥရောပပေါင်းစည်းမှုသင်တန်းကိုတက်ရောက်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်ရှိ ဂျော့မေဆင်တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် မူဝါဒဆိုင်ရာမဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အက်စ်တိုးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ညွှန်ကြားရေးမှူး၊ ဒုတိယလက်ထောက်အတွင်းဝန်အပါအဝင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ဝါရှင်တန်ဒီစီနှင့် အော်တာဝါမြို့တို့ရှိ အက်စ်တိုးနီးယားသံရုံးများတွင် ရာထူးအဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ်မှ ယခုအချိန်အထိ အက်စ်တိုးနီးယားနိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန လုံခြုံရေးရာမူဝါဒနှင့် လက်နက်ထိန်းချုပ်ရေးဌာန၏ အကြံပေးပုဂ္ဂိုလ်နှင့် ပို့ကုန်ထိန်းချုပ်ရေးအာဏာပိုင်အဖွဲ့၏ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကနေဒါနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စ ကယ်ရင်အန်နီတာ မက်အာသာအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စ ကယ်ရင်အန်နီတာ မက်အာသာသည် ၁၉၉၈ ခုနှစ်တွင် ကနေဒါနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့သည်။ ၎င်းသည် ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် သံမှူး(နိုင်ငံရေးရာဌာနစိတ်မှူး)အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကနေဒါနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင် အကြီးတန်းဌာနဆိုင်ရာ အကြံပေးအဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ တောင်နှင့်အရှေ့အာဖရိကဆက်ဆံရေးဌာန၌ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့ရှိ ကနေဒါသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် တိုရွန်တိုမြို့ ကနေဒီယန်ဖို့ဇစ်(စ်)ကောလိပ်၌ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအတွက် ဖွင့်လှစ်သည့် အမျိုးသားလုံခြုံရေးအစီအစဉ် (၂၀၁၅-၂၀၁၆)သို့ ကနေဒါ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဝန်ကြီးဌာန၏ ကိုယ်စားလှယ် အဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

မစ္စ ကယ်ရင်အန်နီတာ မက်အာသာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦး ရှိသည်။ **(သတင်းစဉ်)**






(ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆ တွင် ပြသထားသော ကာတွန်းများမှ ခွင့်ပြုချက်အရ ဖော်ပြခြင်းဖြစ်ပါသည်)

# အာဟာရပညာရပ်ဆိုင်ရာဟောပြောပွဲကို ဩဂုတ် ၂၀ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၅**

အာဟာရပညာရပ်ဆိုင်ရာဟောပြောပွဲကို ဩဂုတ် ၂၁ ရက်(အစား) ဩဂုတ် ၂၀ ရက်နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park Building 10 ရှိ STI Myanmar University အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း ထပ်မံသိရှိရသည်။

**(သတင်းစဉ်)**

# ဂျပန်အမျိုးသမီးကာကွယ်ရေးဝန်ကြီး ဆိုမာလီယာပင်လယ်ဓားပြနှိမ်နင်းရေးတပ်ဖွဲ့ကို သွားရောက်စစ်ဆေး

**တိုကျို ဩဂုတ် ၁၅**

ဂျပန်အမျိုးသမီးကာကွယ်ရေးဝန်ကြီး တိုမာမီအနာဒါသည် ဆိုမာလီယာကမ်းလွန်တွင် ပင်လယ်ဓားပြတိုက်ဖျက်နှိမ်နင်းရေးတာဝန်ထမ်းဆောင်နေသည့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးရေတပ်ဖွဲ့ဌာနသို့ သွားရောက်ခဲ့သည်။

အနာဒါသည် ဂျီဘူတီနိုင်ငံအခြေစိုက်၍ ပင်လယ်ဓားပြတိုက်ဖျက်နှိမ်နင်းရေး တာဝန်ထမ်းဆောင်နေသည့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးရေတပ်ဖွဲ့သို့ ဩဂုတ် ၁၅ ရက်တွင် သွားရောက်စစ်ဆေးခဲ့သည်။

အခက်အခဲအမျိုးမျိုးကြားမှ ပင်လယ်ဓားပြနှိမ်နင်းရေးတာဝန်ထမ်းဆောင်နေသည့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ဆောင်ရွက်ချက်များကို ကျေးဇူးတင်အသိအမှတ်ပြုကြောင်းနှင့် ဂျပန်နိုင်ငံ၏ပင်လယ်ဓားပြနှိမ်နင်းရေးဆောင်ရွက်ချက်များကို နိုင်ငံတကာကလည်းအသိအမှတ်ပြု တန်ဖိုးထားကြောင်း အနာဒါက ထိပ်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

အနာဒါသည် ဆိုမာလီယာကမ်းလွန်တွင် ပင်လယ်ဓားပြနှိမ်နင်းရေးတာဝန်ထမ်းဆောင်နေသည့် ဂျပန်ဖျက်သင်္ဘောများ၊ ကင်းလှည့်လေယာဉ်များနှင့်ပတ်သက်၍ စစ်ဆေးညွှန်ကြားချက်များပြုလုပ်ပြီးနောက် တာဝန်ရှိသည့် တပ်ဖွဲ့ဝင် ၉၀ ခန့်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ကာကွယ်ရေးဝန်ကြီးသစ် အနာဒါသည် ပင်လယ်ဓားပြတိုက်မှုဖြစ်ပွားရသည့် အဓိကနောက်ကွယ်မှ အကြောင်းမှာ ဆိုမာလီယာတွင် ဆင်းရဲမွဲတေမှုပြဿနာကို မဖြေရှင်းနိုင်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါဒေသတွင် ရေကြောင်းလုံခြုံရေးနှင့်ပတ်သက်၍ အခက်အခဲရှိနေဆဲဖြစ်ကြောင်း ပြောကြားသည်။

တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြရန်နှင့် ယင်းတာဝန်မှာ ဂျပန်နိုင်ငံ၏ လုံခြုံရေးမဟာဗျူဟာအတွက် အလွန်အရေးကြီးကြောင်း ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**



## ဟဲလ်မန့်ပြည်နယ်တွင် တာလီဘန်စစ်သွေးကြွများကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက ချေမှုန်းတိုက်ခိုက်

**ကဘူး ဩဂုတ် ၁၅**

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ပြည်နယ်၌ ကျူးကျော်တိုက်ခိုက်လာသော တာလီဘန်တိုက်ခိုက်ရေးသမားများကို လုံခြုံရေးတပ်ဖွဲ့များက ပြန်လည်တွန်းလှန်ချေမှုန်းတိုက်ထုတ်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် ဒေသခံပြည်သူများမှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရပြီး စာသင်ကျောင်းများကို ဆက်လက်ပိတ်ထားရဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟဲလ်မန့်ပြည်နယ်သည် တာလီဘန်စစ်သွေးကြွအဖွဲ့၏ ခြေကုပ်စခန်းတည်ရာဒေသဖြစ်ပြီး ဥပဒေမဲ့ မူးယစ်ဆေးဝါးကုန်သွယ်ရေးလုပ်ငန်းများလည်း ရှိနေသည်။ ပြည်နယ်မြို့တော် လက်ရှ်ခါဂါးကို သိမ်းပိုက်နိုင်ခြင်းဖြင့် စိတ်ဓာတ်ရေးရာအရ အောင်ပွဲခံနိုင်မည်ဟု တာလီဘန်အဖွဲ့က ယူဆထားပြီး ယင်းပြည်နယ်ကို စစ်သွေးကြွများက မဟာဗျူဟာမြောက် ပစ်မှတ်အဖြစ် သတ်မှတ်ထားသည်။

တာလီဘန်အဖွဲ့မှ လက်နက်ကောင်းစွာ တပ်ဆင်ထားသော စစ်သွေးကြွများသည် ပြည်နယ်မြို့တော် လက်ရှ်ခါဂါးမှ ၁၀ ကီလိုမီတာ (၆မိုင်)အကွာရှိ ချန်အီးအန်ဂျီမြို့ကို ကျူးကျော်တိုက်ခိုက်လာခဲ့ကြောင်း၊ အမေရိကန်၏ လေကြောင်း ပစ်ကူပေးမှုနှင့်အတူ အာဖဂန် အထူးတပ်ဖွဲ့များက စစ်သွေးကြွများကို တွန်းလှန်တိုက်ခိုက်ခဲ့ကြောင်း အာဖဂန်အထူးတပ်ဖွဲ့တပ်မှူး ဆာယိဒ်မူရက်က ပြောကြားသည်။ **ရိုက်တာ။**



## တရုတ်နိုင်ငံ စံနှုန်းအရ ထုတ်လုပ်ထားသော ကျည်ဆန်ရထားခရီးစဉ်သစ် စတင်

**တလျံ ဩဂုတ် ၁၅**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်၌ တရုတ်နိုင်ငံစံနှုန်းအရ ထုတ်လုပ်ထားသော ကျည်ဆန်ရထားခရီးစဉ်သစ် ပြေးဆွဲသည့်လုပ်ငန်းကို စတင်လိုက်ပြီဖြစ်ကြောင်း၊ တရုတ်ရထားလုပ်ငန်းကော်ပိုရေးရှင်းက ဩဂုတ် ၁၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်၌ ပထမဆုံးအကြိမ် အီးအမ်ယူ လျှပ်စစ်စွမ်းအင်သုံး ကျည်ဆန်ရထားခရီးစဉ်အဖြစ် ရထားအမှတ်-ဂျီ ၈၀၄၁ ဟု အမှတ်အသားပြုထားသော ကျည်ဆန်ရထားတစ်စင်းသည် ဩဂုတ် ၁၅ ရက်က ပြည်နယ်မြို့တော် တလျံမှ ရှန့်ယန့်မြို့သို့ ထွက်ခွာသွားခဲ့သည်။ တရုတ်နိုင်ငံ၏ စံနှုန်းအရ ကျည်ဆန်ရထားဟု သတ်မှတ်သော အီးအမ်ယူရထားများကို အသုံးပြု၍ ခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းကို လျောင်နင်းပြည်နယ်၌ ပထမဆုံးအကြိမ် အကောင်အထည်ဖော်ခြင်းဖြစ်သည်။

အီးအမ်ယူ လျှပ်စစ်စွမ်းအင်သုံးရထားများကို ထုတ်လုပ်နိုင်ရန် တရုတ်ပညာရှင်များက ဒီဇိုင်းပုံစံထုတ်ကာ တည်ဆောက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံက ကမ္ဘာ့နိုင်ငံများသို့ အီးအမ်ယူ ကျည်ဆန်ရထားများကို ထုတ်လုပ်ကာ ရောင်းချသွားရန် မျှော်မှန်းကြောင်း တရုတ်ရထားလုပ်ငန်းကော်ပိုရေးရှင်း၏ နည်းပညာစီမံခန့်ခွဲရေးအဖွဲ့အကြီးအကဲ ကျိုးလီက ပြောကြားသည်။ **ဆင်ဟွာ။**

## ခြစားမှုစွပ်စွဲချက်များကြောင့် သီရိလင်္ကာသမ္မတဟောင်း၏သား ဖမ်းဆီးခံရ

**ကိုလံဘို ဩဂုတ် ၁၅**

ဘဏ္ဍာရေးဆိုင်ရာလိမ်လည်မှုစွပ်စွဲချက်များဖြင့် အတိုက်အခံလွှတ်တော်အမတ်နှင့် သမ္မတဟောင်း၏ သားတစ်ဦးဖြစ်သူ နာမယ်လ်ရာဂျာပက်ဆာအား သီရိလင်္ကာစုံစမ်းစစ်ဆေးသူများက ဩဂုတ် ၁၅ ရက်တွင် ဖမ်းဆီးလိုက်သည်။

ဘဏ္ဍာရေးဆိုင်ရာပြစ်မှုများ စုံစမ်းစစ်ဆေးရေးဌာနကြီး(FCID)မှ အရာရှိများ၏ စုံစမ်းစစ်ဆေးမှုခံရပြီးနောက် နာမယ်လ်အား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ယခင်အစိုးရသက်တမ်းကာလအတွင်း စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သော Hellocorp ရှယ်ယာများကို စည်းကမ်းနှင့်မညီညွတ်ဘဲ ဝယ်ယူခဲ့သည်ဆိုခြင်းကြောင့် သူ့အားဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယခုအကြိမ်မှာ လိမ်လည်မှုစွပ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးသူများက နာမယ်လ်အား လအနည်းငယ်အတွင်း ဒုတိယအကြိမ်မြောက် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဖခင်ဖြစ်သူအုပ်ချုပ်စဉ်အတွင်း ရူပီး သန်း ၇၀ (အမေရိကန်ဒေါ်လာ ၄၈၀၀၀၀) ပမာဏရှိသော ရန်ပုံငွေများအလွဲသုံးသည်ဆိုသောစွပ်စွဲချက်များဖြင့် ၎င်းမှာ ဇွန်လအတွင်းက ဖမ်းဆီးခံခဲ့ရသည်။ နာမယ်လ်မှာ သီရိလင်္ကာသမ္မတဟောင်း မဟင်ဒရာဂျာပက်ဆာ၏ အကြီးဆုံးသားဖြစ်သည်။ ယခင်သမ္မတဟောင်းမိသားစုဝင်များအားလုံးမှာဖခင်ဖြစ်သူ မဟင်ဒရာလက်ထက်အတွင်း ပြုလုပ်ခဲ့သည်ဆိုသော လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှုစွပ်စွဲချက်များကြောင့် အကျင့်ပျက်ခြစားမှုဆိုင်ရာစုံစမ်းစစ်ဆေးခြင်းခံနေရသည်။ **ဆင်ဟွာ။**

## ထိုင်းစစ်ရဟတ်ယာဉ်အပျက်အစီးအပိုင်းအစများနှင့် ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိပြီ



**ဗန်ကောက် ဩဂုတ် ၁၅**

ထိုင်းနိုင်ငံတောင်ပိုင်း ချင်းမိုင်စီရင်စု သစ်တောဒေသ၌ ဩဂုတ် ၁၄ ရက်က ပျက်ကျသွားခဲ့သော ထိုင်းစစ်ဘက်ရဟတ်ယာဉ်တစ်စင်း၏ အပျက်အစီး အပိုင်းအစများနှင့် ရဟတ်ယာဉ်ပေါ် လိုက်ပါလာသည့် ထိုင်းကြည်းတပ်မှ တပ်ဖွဲ့ဝင်ငါးဦးတို့၏ ရုပ်အလောင်းများကို ဩဂုတ် ၁၅ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

သေဆုံးသွားသူများထဲတွင် ထိုင်းကြည်းတပ် အမှတ်(၄) တပ်မမှူးဗိုလ်ချုပ် နေ့ဖရမ် ဝူအန်ချန်၊ ရဟတ်ယာဉ်မှူးနှစ်ဦးနှင့် စက်မှုကျွမ်းကျင်သူ နှစ်ဦးတို့ ပါဝင်ကြသည်။ ယင်းတို့၏ ရုပ်အလောင်းများနှင့် ရဟတ်ယာဉ်ပျက်၏ အစိတ်အပိုင်းများကို ချင်းမိုင်စီရင်စု န္တိုင်အင်ဒေါင်းတောင်ကုန်းရှိ ရေဒါစခန်းမှ ကီလိုမီတာ အနည်းငယ်အကွာ၌ ရှာဖွေတွေ့ရှိရကြောင်း ကြည်းတပ်အမှတ် (၃)စစ်ဒေသတိုင်းမှူးက ပြောကြားသည်။

ရှာဖွေရေးကယ်ဆယ်ရေးအဖွဲ့ဝင်များသည် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် တောင်ပေါ်မြူဆိုင်းနေခြင်းတို့ကြောင့် ရှာဖွေရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အခက်အခဲများ တွေ့ကြုံခဲ့ရသည်။ သေဆုံးသူများ၏ ရုပ်အလောင်းများနှင့် ရဟတ်ယာဉ်အပျက်အစီးများအရ ခက်ခက်ခဲခဲ ရှာဖွေခဲ့ရသည်။ ပျက်ကျသွားသော ရဟတ်ယာဉ်မှာ ယူအိတ်ချ်-၇၂ လာကိုတာ အမျိုးအစားဖြစ်သည်။

ပျောက်ဆုံးသွားသော ရဟတ်ယာဉ်ရှာဖွေရေးကို ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် စတင်ခဲ့ပြီး ဆိုးရွားသော ရာသီဥတုအခြေအနေကြောင့် ယင်းနေ့ မွန်းလွဲပိုင်းနှောင်းပိုင်းတွင် ရပ်ဆိုင်းခဲ့ရသည်။ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ရှာဖွေရေးလုပ်ငန်းကို ပြန်လည်စတင်လုပ်ဆောင်နိုင်ခဲ့သည်။

ချင်းမိုင်စီရင်စု အနောက်ဘက် မဲဟောင်ဆောင်ပြည်နယ်အတွင်း ပျံသန်းနေသည့် ယူအိတ်-၇၂ အမျိုးအစား ရဟတ်ယာဉ်သည် ဩဂုတ် ၁၄ ရက် နံနက်ခင်းတွင် မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ် မရရှိတော့ကြောင်း၊ အဆိုပါ ရဟတ်ယာဉ်သည် ချင်းမိုင်၏ အရှေ့တောင်ဘက် ပစ်စနုလောက်ပြည်နယ်ရှိ ထိုင်းကြည်းတပ်အမှတ် (၄) တပ်မအခြေစိုက်စခန်းသို့ ပျံသန်းလာခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ **ဆင်ဟွာ။**

# မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုရုပ်သိမ်းရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုတင်သွင်း

နေပြည်တော် ဩဂုတ် ၁၅

**မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် (၁၃၈၄) မိုင်၊ လာအိုနိုင်ငံနှင့် (၁၄၉) မိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် (၁၆၈) မိုင်၊ အိန္ဒိယနိုင်ငံနှင့် (၁၀၁၀)မိုင်၊ ထိုင်းနိုင်ငံနှင့် (၁၃၁၈) မိုင် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက် မြန်မာအစိုးရအဆက်ဆက်သည် ဗြိတိသျှလက်ထက်ကသတ်မှတ်ခဲ့သည့် နယ်နိမိတ်များကို ပြန်လည်တိုင်းတာသတ်မှတ်မှုများပြုလုပ်ခဲ့ရာ တရုတ်နိုင်ငံနှင့် နယ်နိမိတ်စာချုပ်ကို ၁၉၆၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်တွင်ချုပ်ဆိုခဲ့ပြီး နယ်နိမိတ်ကို စနစ်တကျတိုင်းတာသတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ဖြေကြားသည်။**

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် နယ်နိမိတ်တိုင်းတာမှု မပြီးပြတ်သေးသော နိုင်ငံများနှင့် သံတမန်လမ်းကြောင်းများမှတစ်ဆင့် နှစ်ဖက်ညှိနှိုင်းပြီး တိုင်းတာသတ်မှတ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးက မြန်မာ-လာအိုနယ်နိမိတ်တွင် မဲခေါင်မြစ်အား ပုံသေနယ်နိမိတ်အဖြစ် သတ်မှတ်သည့် မြန်မာ-လာအို နယ်နိမိတ်စာချုပ်ကို ၁၉၉၄ ခုနှစ် ဇွန် ၁၁ ရက်တွင်ချုပ်ဆိုခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်အား ၁၉၆၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် နတ်မြစ်အား ပုံသေနယ်နိမိတ်သတ်မှတ်ခြင်းစာချုပ်၊ ၁၉၉၈ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ကုန်းနယ်နိမိတ်သတ်မှတ်ခြင်းစာချုပ်များကို ချုပ်ဆိုသတ်မှတ်ခဲ့ပါကြောင်း။

မြန်မာ-အိန္ဒိယနယ်နိမိတ်နှင့် ပတ်သက်၍ ၁၉၆၇ ခုနှစ် မတ် ၁၀ ရက်တွင် နယ်နိမိတ်တိုင်းတာရေးစာချုပ် ချုပ်ဆိုပြီးသတ်မှတ်ခဲ့ရာ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ် (၁၀၁၀) မိုင်ထိစပ်လျက်ရှိသည့်အနက် ကဘော်ချိုင့်ဝှမ်းတွင် မြေပုံနှင့် မြေပြင်ကွဲလွဲမှုကြောင့် (၂၄) မိုင်အတွက် မှတ်တိုင် (၉) တိုင်စိုက်ထူရန်နှင့် မြောက်ဘက်စွန်းရှိ မြန်မာ- အိန္ဒိယ-တရုတ် သုံးနိုင်ငံဆုံမှတ်သတ်မှတ်ရန် ကျန်ရှိနေပါကြောင်း၊ မှတ်တိုင် (၉) တိုင်ကိစ္စမှာ နှစ်နိုင်ငံအကြား မြေအပေးအယူပြုလုပ်ပြီး ဖြေရှင်းနိုင်သော်လည်း (၃)နိုင်ငံဆုံမှတ် သတ်မှတ်ရေးကိစ္စမှာ အိန္ဒိယနှင့် တရုတ်အကြား အငြင်းပွားမှုကြောင့် အဆိုပါနှစ်နိုင်ငံအကြား ပြေလည်မှုရရှိမှသာ ကျန်ရှိသည့် (၇၉)မိုင်ကိစ္စကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကဘော်ချိုင့်ဝှမ်း၌ မှတ်တိုင်(၉) တိုင်ကိစ္စဖြေရှင်းရန် အိန္ဒိယဘက်မှ အဆိုပြုချက်အသစ်ပေးမည်ဖြစ်ကြောင်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၆ ရက်က ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံပူးတွဲနယ်နိမိတ်လုပ်ငန်း အဖွဲ့အစည်းအဝေးတွင် ညှိနှိုင်းထားသောကြောင့် အိန္ဒိယဘက်မှ အဆိုပြုချက်အသစ်ရရှိပါက နှစ်ဖက်ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ မြန်မာ-ထိုင်း နယ်နိမိတ်နှင့်ပတ်သက်၍ ၁၉၉၁ ခုနှစ် ဇွန် ၁၈ ရက်က အရှည် (၁၆) မိုင်ရှိ မဲဆိုင်-မဲဟောက်ချောင်းကိုသာ စနစ်တကျပြန်လည်သတ်မှတ်နိုင်ခဲ့ပါကြောင်း၊ ကျန်ရှိနေသေးသည့် နယ်နိမိတ်အစိတ်အပိုင်းများကို စနစ်တကျပြန်လည်သတ်မှတ်နိုင်ရန် ၁၉၉၃ ခုနှစ်တွင် ပူးတွဲနယ်နိမိတ်ကော်မတီဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလအထိ (၈) ကြိမ်မြောက် အစည်းအဝေးကျင်းပခဲ့ပါကြောင်း၊ ယင်းအစည်းအဝေးတွင် နယ်နိမိတ်အား အပိုင်းလိုက်တိုင်းတာသတ်မှတ်သွားရန်နှင့် ပထမအဆင့်အနေဖြင့် တောင်ဘက်စွန်းရှိ ပတ်ချန်မြစ်နှင့် ယင်း၏မြောက်ဘက်ကုန်းပိုင်း စုစုပေါင်း မိုင် (၂၀၀) ခန့်ကို တိုင်းတာနိုင်ရေးအတွက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရေး၊ မြေပုံထုတ်လုပ်ရေးနှင့် နယ်နိမိတ်တိုင်းတာရေး သဘောတူညီချက် MoU ရေးဆွဲချုပ်ဆိုရေးတို့ကို ဆောင်ရွက်သွားရန် ညှိနှိုင်းခဲ့ပါကြောင်း။



ဒုတိယဝန်ကြီး ဦးကျော်တင်



ဦးသန်းစိုး

ယခုအခါ အဆိုပါနှစ်ဖက်ညှိနှိုင်းထားပြီးဖြစ်သည့်ကိစ္စကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယခုနှစ်ပွင့်လင်းရာသီတွင် ထိုင်းနိုင်ငံနှင့် သံတမန်လမ်းကြောင်းမှတစ်ဆင့် နှစ်ဖက်ညှိနှိုင်းပြီး တိုင်းတာသတ်မှတ်ရန် အစီအစဉ်ရှိပါကြောင်း ဒုတိယဝန်ကြီးက ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးစောနိုင်၏ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက်ရှိ အားကစားပန်းခြံအား ပြန်လည်ခွင့်ပြုပေးနိုင်ပါရန်နှင့် မည်သို့စီစဉ်ဆောင်ရွက်ထားရှိသည်ကို သိရှိလိုကြောင်း မေးခွန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးက အဆိုပါမြေနေရာသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၉) မြေကွက်အမှတ် (၁၀၁၉)၊ ဧရိယာဧက (၀ ဒသမ ၃၉၀)၊ အမည်ပေါက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ဟု မှတ်သားထားရှိပြီး မြေငှားစာချုပ်အမှတ်-၁ /တဥ-၇၇၁/၂၀၀၂ အရ ၂၀၀၂ ခုနှစ် ဇွန် ၉ ရက် ရက်စွဲဖြင့် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်) ခွင့်ပြုထုတ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါမြေကွက်လပ်သည် ၁၉၉၂ -၁၉၉၃ ခုနှစ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ယခုမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန) မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်စဉ်ကတည်းကပင် မြို့ကွက်ကျမြေပုံ၌ ပန်းခြံ၊ ကလေးကစားကွင်း စသည်ဖြင့် မှတ်သားပါဝင်မှုမရှိသည့် မြေလွတ်၊ မြေလပ်ဖြစ်ပါကြောင်း၊ မြို့မြေစာရင်းနှင့် မြေငှားခစည်းကြပ်မှုစာရင်းတို့တွင်လည်း အမည်ပေါက်မှတ်သား ပါဝင်မှုမရှိသည့်မြေကွက်လပ်ဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနေရာဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ အထက်ဖော်ပြပါမြေနေရာအား နှစ် (၆၀) မြေငှားစာချုပ် (ဂရန်) ခွင့်ပြုထုတ်ပေးစဉ် ၂၀၀၂ ခုနှစ်ကာလများက ပုဂ္ဂလိကပိုင်မြေအဖြစ် လွှဲပြောင်းပေးအပ်ခဲ့ခြင်းမဟုတ်ကြောင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တောင်ဥက္ကလာပမြို့နယ် ရုံးမြေနေရာအဖြစ် ခွင့်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အဆိုပါ နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မြေအား အမည်ပြောင်းလျှောက်ထားမှုအရ ၂၀၁၄ ခုနှစ် ဇွန် ၁၆ ရက်တွင် ကျင်းပသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များအစည်းအဝေး အမှတ်စဉ်(၂၃/၂၀၁၄)၊ အပိုဒ် (က/၇၀)ဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမည်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအမည်သို့ ပြောင်းလဲမှတ်သားခဲ့ခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အား နှစ်(၆၀) မြေငှားစာချုပ် (ဂရန်) ခွင့်ပြုဆောင်ရွက်ခြင်းသည် လျှောက်ထားစဉ်ကာလများဖြစ်သည့် ၂၀၀၂ ခုနှစ်ကာလများတွင် ပုဂ္ဂလိကတစ်ဦးတစ်ယောက်၏ အခွင့်အရေးနှင့် ပိုင်ရေးဆိုင်ခွင့်အရ ခွင့်ပြုချထားခဲ့ခြင်းမဟုတ်ကြောင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏အမည်ဖြင့် ခွင့်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် လက်ရှိအခြေအနေတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအမည်ဖြင့်သာ ဆက်လက်တည်ရှိမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့သည်။

သာစည်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၏ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့မှု ရုပ်သိမ်းရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာ မိုင်းပျဉ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်က ထောက်ခံဆွေးနွေးသည်။

အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံးအဖြတ်ကိုရယူရာ ထောက်ခံမဲ ၁၅၁ မဲ၊ ကန့်ကွက်မဲ ၂၁၉ မဲနှင့် ကြားနေဆန္ဒမဲ ၁၆ မဲ ရရှိသည့်အတွက် အဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**(သတင်းစဉ်)**

# ဇလုံတောင်သစ်တောကြီးကို သဘာဝနယ်မြေအဖြစ် သတ်မှတ်အကောင်အထည်ဖော်မည်

**နေပြည်တော် ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင်သစ်တောကြီးကို ရေရှည်တည်တံ့အောင် ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် သဘာဝနယ်မြေအဖြစ် သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းကပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

ပြည်ထောင်စုဝန်ကြီးက ဇလုံတောင်ဒေသသည် သစ်တောဥပဒေအရ သတ်မှတ်ကာကွယ်ထားသည့် နန့်ခေါင်ဟူး ကြိုးဝိုင်းတောအတွင်း ပါဝင်နေသည့် ဒေသတစ်ခုဖြစ်သဖြင့် သဘာဝအမွေအနှစ်များ၊ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ရေးအတွက် သစ်တောနယ်မြေဖြစ်သည့် ကြိုးဝိုင်းတောအမျိုးအစားမှ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေအမျိုးအစားတစ်ခုအဖြစ်သို့ သတ်မှတ်တည်ထောင် ဖွဲ့စည်းနိုင်ရေးအတွက် ယင်းဒေသပတ်ဝန်းကျင်တွင် နေထိုင်ကြသော ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ သဘောထားဆန္ဒ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်များကိုရယူပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သဘာဝနယ်မြေအဖြစ် ဖွဲ့စည်းတည်ထောင်နိုင်ရန် သတ်မှတ်ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း၊ အတည်ပြုဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၄) ရက်မြောက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးခင်မောင်ဝင်း၏ "စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင်သစ်တောကြီးကို ရေရှည်တည်တံ့အောင် ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် သဘာဝနယ်မြေအဖြစ် သတ်မှတ်အကောင်အထည်ဖော်ပေးရန်အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရာ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါ်ထုမေ၏ "ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ပွင့်လင်းမြင်သာမှုမရှိဘဲ ဆောင်ရွက်လုပ်ကိုင်နေသည့် လုပ်ငန်းများကို တားဆီးပေးပါရန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအသစ် ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို စိတ်ကူးစီမံချက်ရေးဆွဲခြင်း၊ အကြံပေးကုမ္ပဏီအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ ရင်းနှီးတည်ဆောက်သူများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း စသည့် အဆင့်လေးဆင့်ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အဆင့်တစ်ဆင့်ချင်း စနစ်တကျ ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။



ဦးခင်မောင်ဝင်း

ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ တရားဝင်အင်တာနက်စာမျက်နှာအဖြစ် www.kpsez.org ကို လွှင့်တင်ကာ အချိန်မရွေးဝင်ရောက်ဖတ်ရှုနိုင်ရန် စီမံထားခြင်း၊ ပြည်တွင်း ပြည်ပ စာနယ်ဇင်းများတွင် ဆောင်းပါးများ၊ သတင်းများ၊ တွေ့ဆုံမေးမြန်းခန်းများမှတစ်ဆင့် အများပြည်သူသို့ အသိပေးတင်ပြခြင်း၊ ပြည်ထောင်စုလွှတ်တော်၌ နှစ်ကြိမ်၊ ရခိုင်ပြည်နယ်လွှတ်တော်၌ နှစ်ကြိမ် ဆွေးနွေးတင်ပြခြင်း၊ ကျောက်ဖြူဒေသသို့ အကြိမ်ပေါင်းများစွာ သွားရောက်ကွင်းဆင်းပြီး ဒေသခံလူထုနှင့် အသိပေးဆွေးနွေးတိုင်ပင်ခြင်း၊ မိတ်ဖက်အဖွဲ့ပေါင်းစုံနှင့် ဆွေးနွေးတိုင်ပင်သည့် အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်ပြုလုပ်ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် သီးခြားစီဆွေးနွေးတိုင်ပင်မှု အကြိမ်(၁၀၀)ကျော် လုပ်ဆောင်ခဲ့ပါကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီးက စီးပွားရေးပုံစံနှင့်ပတ်သက်၍ စီမံကိန်းအမျိုးအစားအလိုက် အောင်မြင်အကျိုးရှိနိုင်သော ပုံစံကို ချမှတ်အကောင်အထည်ဖော်ရသည်ဖြစ်ရာ စီမံကိန်းသဘောသဘာဝအမျိုးအစားတူသည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ စက်မှုဇုန်စီမံကိန်းနှင့် သီလဝါအထူးစီးပွားရေးဇုန်၏ စက်မှုဇုန်စီမံကိန်းတို့တွင် Design, Build, Finance and Lease (DBFL) စီးပွားရေးပုံစံကိုအသုံးပြုပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ရေနက်ဆိပ်ကမ်းစီမံကိန်းကိုမူ စီမံကိန်း သဘောသဘာဝချင်းမတူသဖြင့် Design,Build, Finance, Operate and Transfer (DBFOT) စီးပွားရေးပုံစံကို အသုံးပြုရခြင်းဖြစ်ပါကြောင်း။

ယခင်အစိုးရ လက်ထက်တွင် ဖွဲ့စည်းခဲ့သော အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၊ ဗဟိုလုပ်ငန်းအဖွဲ့၊ စီမံခန့်ခွဲမှုကော်မတီများ ပြန်လည်ဖွဲ့စည်းရေးနှင့် တာဝန်ခံဝန်ကြီးဌာန သတ်မှတ်ပေးရေးအတွက် ၂၀၁၆ ခုနှစ် ဇွန် ၃ ရက်က ကျင်းပသော အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီအစည်းအဝေးသို့တင်ပြခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီးဌာနအဖြစ် သတ်မှတ်ပေးခဲ့ပါကြောင်း၊ အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်သည့် ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့တို့ကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၆) ဖြင့် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းရေးကိစ္စကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးသို့ မေးမြန်းစုံစမ်းမှုအရ လက်ရှိအစိုးရလက်ထက်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများ ပြန်လည်ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားစဉ်ကာလအတွင်း မြေပြင်တွင် လုပ်ငန်းဆောင်ရွက်နေခြင်းမရှိကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများကို နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်များ၊ လက်ရှိအစိုးရ၏ စီးပွားရေးမူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

# လယ်ယာလုပ်သားရှားတဲ့အခါ

စောနန္ဒာအောင်

မိုးစပါးစိုက်ပျိုးပြီးစီးသွားတာ ဇူလိုင်လဆန်းကတည်းက ဖြစ်ပေမယ့် ယခုအချိန်ထိ ကျွန်တော်တို့မှာ လယ်ထဲက မတက်နိုင်သေးပါ။ ကောက်ပင်ဖာရ၊ မြက်နုတ်ရတာတွေ လက်စမသတ်နိုင်သေးတော့ လယ်ထဲဆင်းလို့ကို မပြီးနိုင်သေးဘဲဖြစ်နေပါတယ်။ ကျွန်တော်တို့ လယ်ယာလုပ်ငန်းခွင်မှာ ဆင်းတယ်၊ တက်တယ်ဆိုတဲ့ အသုံးအနှုန်းက ရုံးတွေ ကျောင်းတွေနဲ့က ပြောင်းပြန်။ ရုံးတွေမှာက ရုံးတက်တယ်ဆိုတာ အလုပ်လုပ်ရတာဖြစ်ပြီး ရုံးဆင်းတယ်ဆိုတာ အလုပ်ချိန်ပြီးတာ။ လယ်မှာက လယ်ထဲဆင်းတယ်ဆိုတာ အလုပ်လုပ်တာဖြစ်ပြီး မြက်နုတ်ဆင်းတယ်ဆိုတာမျိုး၊ မြက်နုတ်တက်တယ်ဆိုတာက အလုပ်ဖြုတ်တာကိုပြောတာပါ။ မနက်ဆင်း ညတက်ဆိုသလို ကာလတိုသုံးတာလည်းရှိပြီး မြက်နုတ်ဆင်းနေတာ တက်ရတယ်မရှိသေးဘူးဆိုသလို ၁၀ ရက်၊ ၁၅ ရက် စသဖြင့် မပြီးမချင်းလုပ်နေရတဲ့သဘော ကာလရှည်သုံးတာလည်း ရှိပါတယ်။

**မြက်နုတ်သားတွေ ရှားတော့**

ယခု ကျွန်တော်ရေးလိုက်တဲ့ လယ်ထဲဆင်းလို့ မပြီးသေးတာ၊ လယ်ထဲက မတက်နိုင်သေးတာတို့က အလုပ်ရက်တွေ ရှည်ကြာနေရတာကို ပြောချင်တာပါ။ ဟိုးယခင်ကဆိုရင် မိုးစပါးစိုက်ပျိုးပြီးပြီဆိုတာနဲ့ တစ်ပတ်ဆယ်ရက်လောက်နား၊ ကောက်ပင်တွေလှန်ပြီဆိုမှ၊ ကန်သင်းနားခုတ်၊ မြက်ကောက်၊ မြက်နုတ်ပြီဆိုရင်လည်း တစ်အိမ်ကို မြက်နုတ်သား အနည်းဆုံးဆယ်ယောက်လောက်တော့ရှိစမြဲ။ မြက်နုတ်တယ်ဆိုတာက တစ်ဆိုင်းကို လေးနာရီ၊ မနက်ဆိုင်းဆို ၆ နာရီဆင်း ၁၀ နာရီတက်၊ ညဆိုင်းဆို ၁၂ နာရီဆင်း ၄ နာရီတက်၊ သိပ်ပင်ပင်ပန်းပန်းလုပ်ရတာမျိုးမဟုတ်တော့ ကလေး၊ လူကြီးအကုန်လုပ်နိုင်တဲ့အလုပ်၊ ဒီတော့ လုပ်သားမရှား။ ကျောင်းနေတဲ့ကလေးတွေတောင် ကျောင်းပိတ်ရက်မှာ လိုက်နေကျ၊ တချို့ဆို မနက်ဆိုင်းပြီး အိမ်မပြန်ဘဲ ထမင်းထုပ်နဲ့ ညဆိုင်းဆက်ဆင်း၊ သူ့ကွင်းကိုယ့်ကွင်း စကားတွေတဖောင်ဖောင်၊ သီချင်းသံတစာစာနဲ့ ပျော်စရာလို့တောင် ဆိုရပါမယ်။

ခုတော့ ဒီလိုမဟုတ်တော့။ ပြောင်းလဲလာတဲ့ ရေစီးမှာ ကောက်စိုက်သမက အထည်ချုပ်သမဘာဝပြောင်း။ ပျိုးနုတ်သားက ပန်းရန်လုပ်သား၊ ကျောက်ထမ်းသမားအဖြစ်ပြောင်း။ တချို့ကြတော့လည်း နယ်ဝေးပယ်ဝေး ရော်ဘာခြံ၊ ဆီအုန်းခြံ၊ မက်မန်းခြံ လုပ်သားတွေအဖြစ် ကလေးပါမကျန် မိသားစုပါလိုက်ပြောင်းကုန်ကြရလို့ လယ်ယာလုပ်ငန်းခွင်မှာ မပြောင်းမဖြစ်တဲ့ လူအချို့နဲ့သာ စခန်းသွားရလို့ ကျီးနဲ့ဖုတ်ဖုတ်ဖြစ်ကျန်ခဲ့ပါပြီ။ ကျွန်တော်တို့ လယ်ထဲဆင်းရက်ရှည်နေတဲ့ အဓိက အကြောင်းရင်းက ဒါပါပဲ။ အမှန်က လုပ်သားရှားတာ ယခုမြက်နုတ် ကောက်ပင်ဖာချိန်မှာမှ မဟုတ်။ ပြီးခဲ့တဲ့ စိုက်ပျိုးချိန်တုန်းကလည်း ကောက်စိုက်သမရှားပါးလွန်းလို့ တစ်နယ်တစ်ကျေးက ဈေးကောင်းပေးခေါ်ခဲ့ရပြီးပြီ။ ယခုမြက်နုတ်၊ ကောက်ပင်ဖာချိန်မှာတော့ ကရိကထခံပြီး ခေါ်မနေနိုင်တော့။ ဒီတော့ အိမ်ကဇနီးမယားပါ မနေသာ၊ စောစောထချက်ပြုတ်ပြီး အိမ်တံခါးပိတ်၊ လယ်ထဲဆင်းရပါပြီ။ ရှိတဲ့လူလေးနဲ့ပဲ လုပ်ရတယ်ဆိုမှ ကောက်ပင်ဖာတဲ့ အလုပ်ကလည်း တစ်ခါမပြီး နှစ်ခါမပြီး။ ဒီနှစ်မှာမှ ပုစွန်တွေက ပေါချင်တိုင်းပေါ၊ ဖျက်ချင်တိုင်းဖျက်၊ ကိုယ်ကရှေ့ကဖာ၊ သူတို့က နောက်ကဆွဲဆိုတော့ ဖာလို့လက်စမသတ်နိုင်တော့။ ပုစွန်ဆေးချတာအခါခါ အိုးထောင်ဖမ်းတာတောင် ကုန်တယ်မရှိ။ ဖာစရာပင်စိပ်ပေါလို့သာ တော်ပါတော့တယ်။

မြက်နုတ်ရတော့လည်း ကျွတ်နိုင်တယ်မရှိ၊ တစ်မျိုးနုတ်ပြီးရင် နောက်တစ်မျိုးကပေါက်၊ ရေကပြတ်တော့ တမန်းကြောတင်းတင်းမှာ ခြေကန်ပေးနုတ်နေရတော့ အလုပ်ကသိပ်မတွင်။ လွယ်လွယ်ကူကူ ပေါင်းသတ်ဆေးသုံးရင်ရပေမယ့် ထပ်ခါထပ်ခါ မသုံးချင်တော့ ရှိတဲ့လူနဲ့ပဲ ပြီးချင်တဲ့အချိန်ပြီး အားတင်းနုတ်နေရတဲ့အဖြစ်။ ရက် ၁၀၀ စီမံကိန်းမှာပါတဲ့ ပေါင်းရှင်းကိရိယာဆိုတာကလည်း ဘယ်ကာလရောက်မှ တောင်သူတွေ လက်ထဲရောက်မယ် မသိတော့အခက်သား။ အဖျားရှူးသွားသလား မဆိုနိုင်ပါဘူး။

**လယ်လုပ်သားတွေပါရှား**

လယ်ယာလုပ်ငန်းခွင်မှာ ကောက်စိုက်သမတွေ၊ မြက်နုတ်သားတွေသာမက လယ်လုပ်သားတွေပါ ရှားနေပါပြီ။ လယ်လုပ်သားဆိုတာက သူရင်းငှားလို့ခေါ်တဲ့ လယ်ထွန်၊ စပါးသိမ်း၊ ပဲသိမ်းယူရင်းဒိုင်ဆီမှာ လချုပ်၊ နှစ်ချုပ်လုပ်တဲ့သူတွေကို ခေါ်ဆိုတာပါ။ စပါးစိုက်ချိန်၊ ရိတ်သိမ်းချိန် ရာသီပိုင်း အချိန်ပိုင်းလုပ်မယ့်သူတောင် မနည်းရှာငှားရတဲ့အခြေအနေမှာ ယခင်လို သူရင်းဒိုင်အိမ်မှာ နှစ်လည်နှစ်ပေါက် ကျီဝင်လုပ်မယ့်သူဆိုတာ အတော်ကိုရှားသွားပါပြီ။ ကျီဝင်သမားဆိုတာက မိုးစပါးစိုက်ချိန်ကစလို့ မိုးစပါးရိတ်သိမ်းပြီးချိန် စပါးကျီထဲ စပါးသွင်းပြီးချိန်အထိ လုပ်ခစပါးတင်းတစ်ရာနဲ့ လုပ်တဲ့သူကိုခေါ်ဆိုတာ။ မိုးစပါးစိုက်ပြီးလို့ မြက်နုတ်၊ ကောက်ပင်ဖာ၊ နွားစာမြက်ထမ်း၊ ရေကြည့်စတာတွေပါ အကုန်လုပ်ရတာပါ။ ခုနောက်ပိုင်း သီးထပ်ပဲတွေစိုက်တော့လည်း ဆေးပက်၊ ပဲသိမ်း အမှိုက်ချအလုပ်အတွက် အခထပ်ယူပြီး လုပ်လာရပါတယ်။ ဒါမျိုးက လူပျိုလူလွတ်တွေပဲ လုပ်နိုင်တာဆိုတော့ ခုနောက်ပိုင်းမှာ အတော်ရှားသွားပါပြီ။ သူရင်းဒိုင်ဆီမှာ နှစ်ပတ်လည်အချိန်ပြည့်ဝင်ရတာဆိုတော့ ခုလူငယ်တွေ သိပ်မလုပ်ချင်ကြတော့ပါဘူး။ တစ်နှစ်ပတ်လုံးဝင်လုပ်တာနဲ့စာရင် ရာသီပိုင်းပဲဝင်လုပ်၊ ကျန်တဲ့အချိန်မှာ ဘေးထွက်လုပ်တာက ပိုကိုက်တာလည်း ပါပါတယ်။

ကျွန်တော်ဆိုရင်လည်း အားကိုးရတဲ့ညီဝမ်းကွဲက မိန်းမယူသွားလို့ ဘဝကိုတစ်က ပြန်စရသလို ဖြစ်နေပါတယ်။ အသစ်ခေါ်လိုက်ရတဲ့ကလေးကလည်း မနှစ်ကမှ ဆယ်တန်းထွက်၊ မလည်မဝယ်၊ နွားမကိုင် ထွန်မကိုင်ဖူးသေးလို့ အစကနေသင်ပေးရ။ စက်မောင်းတာကိုလည်း ကိုယ်တိုင်မောင်းပြပြီး သင်ပေးရနဲ့ ခုမှသင်တန်းပေးနေရတာပါ။ ရာသီပိုင်းလုပ်တဲ့ တပည့်ကျော်တွေကလည်း အနယ်နယ်ထွက်ကုန်လို့ ပြန်ခေါ်မရတော့ပါဘူး။ ဒါကြောင့်လည်း ဒီကလေးကို စိတ်ရှည်ရှည်နဲ့ သင်ပေးနေရတာပါ။ ယခုစပါးစိုက်ပြီးလို့ ပြုပြင်ချိန်မှာလည်း မြေဩဇာပက်တာကအစ လက်ထပ်သင်ပေးနေရသလို လယ်ရေပေး၊ ရေယူကိစ္စတွေလည်း လွှတ်ထားလို့မရသေးပါဘူး။

စပါးရိတ်သိမ်းချိန်ဆိုရင်လည်း ကောက်လှိုင်းတင်တာ၊ ပဲထိုးတာ၊ စက်ခြွေတာကအစ သင်ပေးရပါဦးမယ်။ လယ်လုပ်ငန်းနဲ့ပတ်သက်သမျှ သင်ယူတတ်မြောက်ပြီးသွားလို့ ကျွမ်းကျင်လုပ်သားဖြစ်သွားပြီဆိုရင်လည်း ကျွန်တော့်အိမ်မှာဆက်မြဲနေရမယ်လို့ မျှော်လင့်လို့တော့ မရပါဘူး။ ခုခေတ်မှာက အရွယ်ရောက်လာ ဖုန်းပွတ်နိုင်လာတာနဲ့အမျှ မိန်းမအရင်ရှာလေတော့ ဟိုးယခင်ကလို ရိုးရိုးကုပ်ကုပ် မိဘလုပ်ကျွေးမယ့်သူက ရှားလာပြီး စောစောအိမ်ထောင်ကျကုန်တာနဲ့ပဲ ကျွန်တော့်အိမ်က ထွက်ကြဦးမှာပါ။ ကျွန်တော်တို့ကလည်း နောက်ထပ်အသစ် အသစ်သော လူငယ်လုပ်သားတွေကို ရှာဖွေမွေးထုတ်နေရဦးမှာပါ။ ကျွမ်းကျင်ပြီးသားသူတွေရဖို့တော့ အရင်လို မျှော်လင့်လို့မရတော့ပါဘူး။ လယ်ယာစီးပွားကို အဓိက အားထားနေရတဲ့နိုင်ငံမှာ ကျွန်တော်တို့ လယ်သမားတွေအနေနဲ့ လယ်ယာလုပ်ငန်းကို စွန့်ခွာဖို့ မဖြစ်နိုင်ဘဲ ဆက်လက်ပြီး ကြိုးစားလုပ်ကိုင်နေရဦးမှာ ဖြစ်ကြောင်းပါ။ ။



"ခုတော့ ဒီလိုမဟုတ်တော့။ ပြောင်းလဲလာတဲ့ ရေစီးမှာ ကောက်စိုက်သမက အထည်ချုပ်သမဘာဝပြောင်း။ ပျိုးနုတ်သားက ပန်းရန်လုပ်သား၊ ကျောက်ထမ်းသမားအဖြစ်ပြောင်း။ တချို့ကြတော့လည်း နယ်ဝေးပယ်ဝေး ရော်ဘာခြံ၊ ဆီအုန်းခြံ၊ မက်မန်းခြံ လုပ်သားတွေအဖြစ် ပြောင်းမှာ။ ကလေးပါမကျန် မိသားစုပါလိုက်ပြောင်းကုန်ရလို့ လယ်ယာလုပ်ငန်းခွင်မှာ ပြောင်းမဖြစ်တဲ့ လူအချို့နဲ့သာ စခန်းသွားရလို့. . ."

# အများပြည်သူသို့ အသိပေးပန်ကြား

230 KV သာကေတပင်မဓာတ်အားခွဲရုံ၏ ၂၀၁၆ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း အပတ်စဉ် တနင်္ဂနွေနေ့များတွင် ပင်မဓာတ်အားခွဲရုံထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အောက်ဖော်ပြပါ နေ့ရက်၊ အချိန်များတွင် ဓာတ်အားပိတ်၍လုပ်ငန်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁။ ၆၆ ကေဗွီ စိန်ပန်းမြိုင်(၁) (၂) (၂၁. ၈. ၂၀၁၆) ရက်နေ့ (၀၈း၀၀)နာရီမှ (၁၂း၀၀) နာရီထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ်- မရမ်းကုန်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ လှိုင်၊ ရန်ကင်း၊ ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံမြောက်)

၂။ ၆၆ ကေဗွီ ဒဂုံတောင်၊ ပုသိမ်ညွှန့် (၂၁. ၈. ၂၀၁၆)ရက်နေ့ (၁၃း၀၀)နာရီမှ (၁၆း၀၀) နာရီထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ်- သာကေတ၊ သဃ်န်းကျွန်း၊ ဒဂုံတောင်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်)

၃။ ၃၃ ကေဗွီ MOGE၊ ဒဂုံမြောက် (၂၈. ၈. ၂၀၁၆)ရက်နေ့ (၀၈း၀၀)နာရီမှ (၁၁း၀၀) နာရီထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ် - သာကေတ၊ ဒေါပုံ၊ ဒဂုံမြောက်)

၄။ ၆၆ ကေဗွီ ကျိုက္ကဆံ (၂၈. ၈. ၂၀၁၆)ရက်နေ့ (၁၃း၀၀)နာရီမှ (၁၄း၃၀)နာရီထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ် - သဃ်န်းကျွန်း၊ ရန်ကင်း၊ တောင်ဥက္ကလာ၊ ဗဟန်း၊ တာမွေ)

၅။ ၆၆ ကေဗွီ ဒဂုံအရှေ့ (၂၈. ၈. ၂၀၁၆) ရက်နေ့ (၂း၃၀) နာရီမှ (၄း၀၀) နာရီအထိ(ဓာတ်အားပြတ်တောက်မည့်မြို့နယ်-ဒဂုံတောင်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း)

၆။ ၆၆ ကေဗွီ ပုသိမ်ညွှန့် (၄. ၉. ၂၀၁၆) ရက်နေ့ (၀၈း၀၀) နာရီမှ (၁၁း၀၀) နာရီထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ်-တာမွေ၊ မင်္ဂလာတောင်ညွန့်)

၇။ ၆၆ ကေဗွီ ဒဂုံတောင် (၄. ၉. ၂၀၁၆) ရက်နေ့ (၁း၀၀) နာရီမှ (၃း၀၀) နာရီထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ်-ဒဂုံတောင်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း)

၈။ ၃၃ ကေဗွီ MOGE၊ ဒဂုံမြောက် (၁၁. ၉. ၂၀၁၆) ရက်နေ့ (၈း၀၀) နာရီမှ (၁၂း၀၀) နာရီအထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ်-သာကေတ၊ ဒေါပုံ၊ ဒဂုံမြောက်)

၉။ ၃၃ ကေဗွီ ပုသိမ်ညွှန့် (၁၁. ၉. ၂၀၁၆) ရက်နေ့ (၁း၀၀) နာရီမှ (၃း၀၀) နာရီထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ်-သာကေတ)

၁၀။ ၃၃ ကေဗွီ မြင်တော်သာ (၁၈. ၉. ၂၀၁၆) (၀၈း၀၀) နာရီမှ (၁၀း၀၀) နာရီထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ်-သဃ်န်းကျွန်း)

၁၁။ ၃၃ ကေဗွီ ဒဂုံတောင် (၁၈. ၉. ၂၀၁၆) ရက်နေ့ (၁၀း၀၀) နာရီမှ (၁၂း၀၀) နာရီထိ (ဓာတ်အားပြတ်တောက်မည့်မြို့နယ်-ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်း)

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းသို့ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ အသိပေးပန်ကြားထားသည်။

**(ကြေးမုံ)**

❑

## မျိုးသန့်စံပြရွာနှင့် Small scale စိုက်ပျိုးပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ကြီး ဩဂုတ် ၁၅**

ကျောက်ကြီးမြို့နယ် မျိုးသန့်စံပြရွာနှင့် Small scale စိုက်ပျိုးပြီးစီးမှုကို ဩဂုတ် ၉ ရက်က တောင်ငူခရိုင်ဦးစီးမှူး ဦးဝင်းသိန်း၊ ဒုတိယခရိုင်ဦးစီးမှူး ဦးစန်းလွင်နှင့် ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မြစန်းရီတို့ ကွင်းဆင်းစစ်ဆေးမှုအပေါ် ကျောက်ကြီးမြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တောင်ငူခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသိန်းက စိုက်ပျိုးထားရှိပြီး မိုးစပါးနှင့် မိုးသီးနှံစိုက်ကွက်များအား ပေါင်းမြက်များကင်းရှင်းပြီး ပိုးမွှားရောဂါကျရောက်မှုများ မရှိစေရန် အချိန်နှင့်တစ်ပြေးညီ ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ပြီး အချိုးညီ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ စိုက်ကွင်းများတွင် ထည့်သွင်းဆောင်ရွက်နိုင်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်တွင်းရေးရာ

### ပြည်သူများမှ

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဆရာဝန်များနည်းတူ အရေးကြီးသော အခန်းကဏ္ဍတွင် ဆေးဝါးသိပ္ပံပညာရှင်(Pharmacist)များလည်း ပါဝင်လျက်ရှိပေသည်။

မြန်မာနိုင်ငံတွင် အဆိုပါဆေးဝါးသိပ္ပံပညာရှင်(Pharmacist)များကိုမွေးထုတ်ပေးနိုင်ရန် ၁၉၆၄ ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးဘက်ပညာသည်ကျောင်းအဖြစ်ဖွင့်လှစ်၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ပညာရေးအဆင့်မြှင့်တင်ရန် ၁၉၉၁ ခုနှစ် စက်တင်ဘာလတွင် ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ် စတင်ဖွဲ့စည်းခွင့်ပြုခဲ့ပြီး ၁၉၉၂ ခုနှစ် ဇန်နဝါရီလတွင် ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်(ယခင် ဘီအိုစီ ကောလိပ်၊ သထုံလမ်း)ကို ဖွင့်လှစ်ခဲ့သည်။ ထိုမှတစ်ဆင့် ၂၀၀၁ ခုနှစ် မေ ၇ ရက်တွင် ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်(ရန်ကုန်)ကို မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်တွင်ဖွင့်လှစ်ခဲ့ကာ ၂၀၀၅ ခုနှစ် ဇွန်လတွင် ဆေးဝါးတက္ကသိုလ်(ရန်ကုန်)ဟု အမည်ပြောင်းလဲခေါ်တွင်ခဲ့သည်။

အဆိုပါတက္ကသိုလ်တွင် ဘွဲ့စတင်အပ်နှင်းသည့် ၁၉၉၄ ခုနှစ်မှစတင်၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်အထိ ဘွဲ့ရ ၂၁၁၃ ဦးနှင့် ဘွဲ့လွန် ၈၄ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်၍ ပြည်သူတို့၏ကျန်းမာရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့သည်။ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အဓိကကျသောအခန်းကဏ္ဍမှပါဝင်နေသည့် ဆေးဝါးသိပ္ပံပညာရှင်(Pharmacist)များကို မွေးထုတ်ပေးနေမှုနှင့်ပတ်သက်၍ အဆိုပါတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာစန်းစန်းနွဲ့အား မြန်မာ့သတင်းစဉ်က သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။

**မေး။ ။ဒီတက္ကသိုလ်ကပေးအပ်တဲ့ ဘွဲ့အမျိုးအစားနဲ့ သင်ကြားပေးနေတဲ့ဘာသာရပ်တွေကို သိချင်ပါတယ်ခင်ဗျာ။**

ဖြေ။ ။ဒီတက္ကသိုလ်ကပေးတဲ့ ဘွဲ့အမျိုးအစားအနေနဲ့ လေးနှစ်သင်တန်း ဆေးဝါးသိပ္ပံဘွဲ့ (အခြေခံဘွဲ့)၊ ပြီးရင် နှစ်နှစ် ဘွဲ့လွန်သင်တန်း မဟာဘွဲ့ (Master of Pharmacy - M.Pharm)ကို ၂၀၀၃ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။။ ၂၀၁၄ ခုနှစ်ကနေစတင်ပြီး Ph.D သင်တန်းကိုလည်း စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ Ph.D ဘွဲ့လွန်သင်တန်းအနေနဲ့ကတော့ သုံးနှစ်သင်ကြားရပြီး သင်တန်းအမျိုးအစားလေးမျိုးနဲ့ ဖွင့်လှစ်ထားပါတယ်။ M.Sc (M. Pharm) ကို ဖွင့်လှစ်ခွင့်ရရှိပြီး ဖွင့်လှစ်ထားပေမယ့် အရင်တုန်းကအထူးပြုဘာသာရပ်မခွဲခြားဘဲ နှစ်နှစ်သင်တန်းအနေနဲ့ပဲ ဖွင့်လှစ်ခဲ့ပါတယ်။ အခု လာမယ့် ၂၀၁၇ ခုနှစ်မှာ M. Pharm ကို သီးသန့်အထူးပြု လေးမျိုးအနေနဲ့ ပြောင်းလဲဖွင့်လှစ်ဖို့ စီစဉ်နေပါတယ်။

သင်ကြားပေးတဲ့ဘာသာရပ်တွေအနေနဲ့ အခြေခံဘွဲ့ဖြစ်တဲ့ ဆေးဝါးသိပ္ပံဘွဲ့အတွက် လေးနှစ်သင်တန်းတက်ရမယ်။ ပထမနှစ်မှာ ရှစ်ဘာသာ၊ ဒုတိယနှစ်မှာ ခြောက်ဘာသာ၊ တတိယနှစ်မှာ ခုနစ်ဘာသာသင်ကြားရပြီး ခြောက်ဘာသာဖြေဆိုရပါတယ်။ ပထမနှစ်ကနေ တတိယနှစ်အထိသင်ရတဲ့ ဘာသာရပ်တွေများပါတယ်။ စတုတ္ထနှစ်မှာ လေးဘာသာသင်ကြားရပြီး ငါးဘာသာဖြေဆိုရပါတယ်။ စတုတ္ထနှစ်မှာတော့ ဘာသာနည်းပေမယ့် သင်ကြားရမယ့်စာများတဲ့အတွက် ကျောင်းသားတွေ တော်တော်ကြိုးစားရမှာပါ။ B.Pharm ဘွဲ့ရသွားရင် သူတို့ရဲ့အလုပ်က အသက်တစ်ချောင်းနဲ့တင် သက်ဆိုင်တာမဟုတ်ပါဘူး။ အသက်ပေါင်းမြောက်မြားစွာနဲ့ သက်ဆိုင်ပါတယ်။ အဲဒီလိုကြောင့်လည်း စာမေးပွဲမှာ သူတို့ရဲ့အရည်အချင်းတွေကို ထိန်းချုပ်ထားပါတယ်။ တစ်နှစ်ပတ်လုံးကြိုးစားအားထုတ်တဲ့သူမှသာ စာမေးပွဲကိုအောင်မြင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဂုဏ်ထူးတွေအများကြီးနဲ့အောင်ပြီး အမှတ်ကောင်းမှသာ ဒီတက္ကသိုလ်ကိုဝင်လို့ရမှာပါ။ ဒီတက္ကသိုလ်ရဲ့ထူးခြားမှုအနေနဲ့ကတော့ ဆရာဝန်တွေတာဝန်ယူသင်ကြားရတဲ့ ဘာသာရပ်တစ်ခုဖြစ်တဲ့ ခန္ဓာဗေဒဘာသာရပ်ကို ပထမနှစ်ကတည်းက သင်ကြားရမှာဖြစ်ပါတယ်။



ဆေးဝါးတက္ကသိုလ်(ရန်ကုန်)တွင် ကျောင်းသားများအား လက်တွေ့သင်ကြားနေမှုကိုတွေ့ရစဉ်။

**မေး။ ။ဒီတက္ကသိုလ်ကနေ ဘွဲ့ရပြီးရင် အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့ ဘယ်လိုနေရာတွေမှာ ဝင်ရောက်လုပ်ကိုင်လို့ရပါသလဲ။**

ဖြေ။ ။ဒီကျောင်းကနေ အောင်မြင်သွားတဲ့သူတွေအနေနဲ့ လုပ်ငန်းခွင်အသုံးချမှု အများကြီးရှိပါတယ်။ စာတော်တဲ့သူတွေအကုန်လုံးက တက္ကသိုလ်ပြန်ဝင်ဖို့ကြိုးစားကြတာမျိုးရှိတယ်။ ကျွန်မတို့ရဲ့ ဦးစီးဌာနက အလုပ်ခန့်ဖို့ခေါ်တဲ့အခါမှာလည်း ရေးဖြေ၊ နှုတ်ဖြေအောင်တဲ့သူတွေဟာ ဆေးဝါးတက္ကသိုလ်(ရန်ကုန်)နဲ့ မန္တလေးမှာ အလုပ်ဝင်လို့ရပါတယ်။ နောက်တစ်နေရာကတော့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှာ အလုပ်ဝင်လို့ရပါတယ်။ ဆေးဝါးစက်ရုံတွေနဲ့ ဆေးရုံတွေမှာ အလုပ်ဝင်လို့ရပါတယ်။ နောက်ဆုံးနှစ်တောင် မဖြေရသေးဘူး။ ပုဂ္ဂလိကဆေးရုံတွေက အလုပ်အတွက် လာရောက်ကမ်းလှမ်းတာမျိုးတွေ ရှိပါတယ်။ ကျောင်းတက်နေတဲ့အချိန်မှာတောင် အလုပ်က အဆင်သင့်ဖြစ်နေတာ ဒီတက္ကသိုလ်ပါပဲ။

**မေး။ ။ဆေးဝါးသိပ္ပံပညာရှင် (Pharmacist) တစ်ဦးရဲ့အရေးပါမှုကို ရှင်းပြပေးပါ။**

ဖြေ။ ။သမိုင်းကြောင်းနဲ့ပြောရပါလိမ့်မယ်။ ဟိုအရင်တုန်းက Industrial Pharmacy ခေတ်မှာဆိုရင် ဆေးဝါးစက်ရုံတွေမှာ ဆေးဝါးသိပ္ပံပညာရှင် (Pharmacist)မပါရင် မဖြစ်ပါဘူး။ ဆေးဝါးတွေဆိုတာလည်း ကုသတဲ့နေရာမှာ မရှိမဖြစ်ပါဘူး။ ဒီလိုမရှိမဖြစ်တဲ့အရာကို ထုတ်လုပ်တဲ့ ဆေးဝါးစက်ရုံတွေမှာ ဆေးဝါးသိပ္ပံပညာရှင်မပါဘဲနဲ့ ဘယ်နိုင်ငံမှ ဆေးဝါးထုတ်လုပ်လို့မရပါဘူး။ မြန်မာနိုင်ငံမှာဆိုရင် ပိုပြီးထူးခြားတာက ဆေးဝါးစက်ရုံနှစ်မျိုးရှိပါတယ်။ အနောက်တိုင်းဆေးဝါးထုတ်လုပ်တဲ့ စက်ရုံရှိသလို တိုင်းရင်းဆေးဝါးထုတ်လုပ်တဲ့ စက်ရုံလည်းရှိပါတယ်။ အဲဒီစက်ရုံတွေမှာလည်း ဆေးဝါးသိပ္ပံပညာရှင်တွေ မရှိလို့မရပါဘူး။ ဒီလိုပဲ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ FDA ကိုကြည့်ရင်လည်း ဆေးဝါးတွေရဲ့ စံချိန်စံညွှန်း မီ/မမီနဲ့ စစ်မှန်တဲ့ဆေးဝါးတွေ ဟုတ်/မဟုတ်၊ အလှကုန်နဲ့ အစားသောက်တွေမှာလည်း ဘေးအန္တရာယ်မဖြစ်အောင် စစ်ဆေးတဲ့အခါမှာ ဆေးဝါးသိပ္ပံပညာရှင်တွေ ပါဝင်ရပါတယ်။

နောက်တစ်ခုက အရင်တုန်းကဆိုရင် Pharmacist တစ်ယောက်အနေနဲ့ ဆေးရုံတွေက ဆေးဝါးသိုလှောင်ရုံမှာ ဆေးဝါးတွေကို စာရင်းဇယားနဲ့ သိမ်းဆည်းသိုလှောင်ပြီး ဖြန့်ဖြူးပေးတာမျိုးပဲ လုပ်ခဲ့ရတယ်။ နောက်ပိုင်းမှာတော့ ဆေးတွေကလည်းများပြားလာတဲ့အတွက် ဆေးတွေရဲ့ အချက်အလက်တွေနဲ့ပတ်သက်ပြီး အဓိကကျတဲ့အခန်းကဏ္ဍကနေ Pharmacist တွေကဆောင်ရွက်လာရပါတယ်။

လူနာတွေ ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းအောင် သင့်တော်တဲ့ ဆေးဝါးကုထုံးဖြစ်ဖို့အတွက် ဆရာဝန်တွေနဲ့တွဲပြီး ကမ္ဘာပေါ်မှာ Clinical Pharmacist တွေက ပါဝင်လာပါတယ်။ ဒီနည်းအားဖြင့် ကမ္ဘာပေါ်မှာ Clinical Pharmacy ဖြစ်ထွန်းလာပါတယ်။ မြန်မာနိုင်ငံမှာလည်း ပညာရေးဘက်က Clinical Pharmacy ဖြစ်မြောက်အောင် ပြင်ဆင်ပြီးပါပြီ။ နောင်တစ်ချိန်မှာ ဆေးဝါးသိပ္ပံပညာရှင်တွေအနေနဲ့လည်း ကိုယ့်ရဲ့ပညာကို ပိုပြီးအသုံးချနိုင်တော့မှာဖြစ်ပါတယ်။ ပြည်သူလူထုလည်း ဆေးဝါးတွေနဲ့ပတ်သက်ရင် ဘေးအန္တရာယ်ကိုမခံစားရဘဲ ပိုမိုထိရောက်တဲ့ကုထုံးတွေကိုရရှိမှာ ဖြစ်ပါတယ်။ ဒီတက္ကသိုလ်က မွေးထုတ်ပေးလိုက်တဲ့ ဆေးဝါးသိပ္ပံပညာရှင်တွေဟာ ဆေးဝါးတွေကို ဘယ်လိုစတင်ထုတ်လုပ်တယ်၊ ဘယ်လိုထုတ်လုပ်ရတယ်ဆိုတာ သိသလို၊ ဆေးဝါးတွေရဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေကိုလည်း သိပါတယ်။ ဒါကြောင့် ဆေးဝါးတွေနဲ့ပတ်သက်လာရင် ဆေးဝါးသိပ္ပံပညာရှင်တွေကို တိုင်ပင်ဆွေးနွေးပြီး အကြံဉာဏ်တောင်းလို့ရပါတယ်။

**မေး။ ။ဒီတက္ကသိုလ်ကို ဝင်ခွင့်ရဖို့အတွက် ဘယ်လိုအရည်အချင်းတွေလိုအပ်ပါသလဲ။ သင်ကြားပေးနေမှုအပိုင်းကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ဒီတက္ကသိုလ်မှာတက်နေတဲ့ ကျောင်းသားတွေရဲ့အမှတ်က မြင့်ပါတယ်။ ဂုဏ်ထူး သုံးဘာသာနဲ့အထက်ရမှသာ ဒီတက္ကသိုလ်ကိုဝင်နိုင်မှာဖြစ်ပါတယ်။ အမှတ်အနေနဲ့ ပြီးခဲ့တဲ့နှစ် ၂၀၁၅ ခုနှစ်က အနည်းဆုံးအမှတ် ၄၆၀ ရရှိရပါတယ်။ ဆေးဝါးတက္ကသိုလ်ဟာ တက္ကသိုလ်ဝင်ခွင့်မှာ ထိပ်ဆုံးနံပါတ်တစ် တက္ကသိုလ်မဟုတ်ပေမယ့် ထိပ်ပိုင်းတက္ကသိုလ် (၁၀)ခုစာရင်းထဲမှာ ဝင်ပါတယ်။

သင်ကြားမှုအနေနဲ့က စာတွေ့ လက်တွေ့တွေ သင်ကြားပေးပါတယ်။ ဒါ့အပြင် ဆေးဝါးစက်ရုံတွေကို လက်တွေ့ဆင်းတဲ့အချိန်တွေလည်း ရှိပါတယ်။ လတ်တလောမှာတော့ စက်ရုံဆင်းတဲ့အပိုင်းမှာ ညှိနှိုင်းမှုတွေလုပ်ရတဲ့အတွက်ကြောင့် စာတွေ့ကိုပဲ များများသင်ကြားပေးနေပါတယ်။ ကျန်တဲ့အပိုင်းအနေနဲ့က ကျောင်းကဓာတ်ခွဲခန်းတွေမှာ လက်တွေ့လုပ်ဆောင်ရပါတယ်။ နောက်ဆုံးနှစ်မှာတော့ ဆေးရုံတွေကို လက်တွေ့လေ့လာသင်ကြားမှုအနေနဲ့ ဆေးရုံနဲ့ညှိနှိုင်းပြီး အချိန်ပိုင်းသင်ကြားဖို့ လွှတ်ပေးပါတယ်။ ဒါ့အပြင် တပ်မတော်ဆေးဘက်ဆိုင်ရာတက္ကသိုလ်က ဆေးဝါးသိပ္ပံသင်တန်းသားတွေကိုလည်း သင်ကြားပေးနေပါတယ်။ အဲဒီလို သင်ကြားပေးတဲ့အခါမှာတော့ B.Pharm ဘွဲ့ကြိုသင်တန်းသားဆိုရင် အချိန်ပိုင်း၊ M.Pharm ဘွဲ့လွန်သင်တန်းသားဆိုရင် အချိန်ပြည့် အစ၊ အဆုံး သင်ကြားပေးနေပါတယ်။

**မေး။ ။ဆေးဝါးသိပ္ပံပညာရှင် (Pharmacist) မွေးထုတ်ပေးမှုနဲ့ လက်ရှိ လုံလောက်မှု ရှိ မရှိ အခြေအနေကို သိချင်ပါတယ်။**

ဖြေ။ ။ပြည်ပနိုင်ငံတွေလို Pharmacist တစ်ဦးရဲ့ အခန်းကဏ္ဍကို အကုန်လုံးတာဝန်ယူဆောင်ရွက်ရမယ်ဆိုရင် ဆေးဝါးတက္ကသိုလ်နှစ်ခုက မွေးထုတ်ပေးလိုက်တာသည် တစ်ပြည်လုံးအတိုင်းအတာနဲ့ မလုံလောက်သေးပါဘူး။ လက်ရှိအခြေအနေအရ အခန်းကဏ္ဍအသီးသီးမှာ တိုးချဲ့နေတာရယ်၊ တိုးချဲ့နေဆဲအချိန်ဖြစ်တာရယ်ကြောင့် Pharmacist မလုံလောက်တာကို မသိကြသေးတာပါ။ ဒီထက် ထပ်မံပြီးမွေးထုတ်ရဦးမှာပါ။

**ဟုတ်ကဲ့။ ။အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ။**



ပါမောက္ခချုပ် ဒေါက်တာစန်းစန်းနွဲ့
ဆေးဝါးတက္ကသိုလ်(ရန်ကုန်)

**တွေ့ဆုံမေးမြန်း-ဇော်ကြီး(ပဏီတ)၊ဓာတ်ပုံ-ဖေဇော်**

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ဆုချီးမြှင့်

**မန္တလေး ဩဂုတ် ၁၅**

ထူးချွန်သော ဂေါက်သီးအားကစားသမားများ ထွက်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကကြီးမှူး၍ ကမ္ဘောဇဘဏ်လီမိတက်က အဓိကပံ့ပိုးကူညီသော မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်(မန္တလေး) စတုတ္ထနေ့နှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၄ ရက်က မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပသည်။

စတုတ္ထနေ့ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေးက အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြတ်ခိုင်က ပြိုင်ပွဲအား အဓိကပံ့ပိုးကူညီသော ကမ္ဘောဇဘဏ်လီမိတက်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ KBZ Group of Companies မှ ဦးတင်မောင်ထွန်းက လက်ခံရယူသည်။

ဆက်လက်၍ ပြိုင်ပွဲကို လက်ခံကျင်းပခွင့်ပြုသည့် ရေတံခွန်တောင်ဂေါက်ကွင်းအတွက် အမှတ်တရလက်ဆောင်နှင့် လှူဒါန်းငွေ ကျပ်သိန်း ၂၀ ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးကျော်ကျော်မြင့်က ပေးအပ်ရာ ဂေါက်ကွင်းအထွေထွေမန်နေဂျာ ဦးသန့်စင်ဦးက လက်ခံရယူသည်။ ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သို့ ဂရင်းမြက်ရိတ်စက်တစ်လုံးလှူဒါန်းသော Myanmar &Ransomes Jacobsen Limited အား အမှတ်တရလက်ဆောင်ကို အဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် အထက်မြန်မာပြည်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော်ကပေးအပ်ရာ ယင်းကုမ္ပဏီမှမန်နေဂျာ ဦးစိုးသန်းက လက်ခံရယူသည်။

ဆက်လက်၍ KBZ Group of Companies မန်နေဂျင်းဒါရိုက်တာ ဦးထွန်းလင်းက ဝါသနာရှင်အဆင့်(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရ ဖူးပွင့်ရတီခိုင်၊ ဒုတိယဆုရ နန်းအေးအေးအောင်တို့အားလည်းကောင်း မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အထက်မြန်မာပြည်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုကိုက ဝါသနာရှင်အဆင့်(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရ ဟိန်းစည်သူ၊ ဒုတိယဆုရ ကျော်သက်ဦးတို့အားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ပညာရှင်အဆင့်တွင် သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက် လျော့ရိုက်ပြီး ပထမဆုရရှိခဲ့သည့် နိုင်နိုင်လင်းအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။




**(ဖိုးသော်ဇင်)**

✻

## ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး

❖ **ကျောဖုံးမှ**

"ကူးစက်ရောဂါဖြစ်ပွားခဲ့တဲ့ နာဂဒေသက ပြည်သူတွေကို အာဟာရဖြည့်တင်းပေးဖို့ စားသောက်ကုန်ပစ္စည်းတွေ ကနဦး ထောက်ပံ့မှုအနေနဲ့ ဆောင်ရွက်ပေးသွားမှာပါ။ ဆက်လက်ထောက်ပံ့သွားဖို့လည်း ရှိပါတယ်။ အဲဒီဒေသက သွားလာရခက်ခဲတဲ့အတွက် တပ်မတော်(လေ)ရဲ့ အကူအညီနဲ့ ကုန်ပစ္စည်းတွေကို ပို့ဆောင်ပေးသွားမှာပါ"ဟု ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောသည်။

အဆိုပါဒေသတွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက ကူးစက်ရောဂါဖြစ်ပွားခဲ့သဖြင့် ရောဂါဖြစ်ပွားခဲ့သည့် ကျေးရွာများရှိ ပြည်သူများအတွက် အာဟာရအခြေအနေမြှင့်တင်ပေးရန် ဆန် ၁၀၄ အိတ်၊ စားဆီ ၁၀ ပိဿာဝင်ပုံး ၂၀၊ ကုလားပဲ (၃၀ ပိဿာ) အိတ် ၂၀၊ ငါးသေတ္တာ (၁၀၀ ပါဘူး) ၃၃ ဖာတို့ကို သက်ဆိုင်ရာက ကနဦးထောက်ပံ့မှုအနေဖြင့် သွားရောက်ထောက်ပံ့ခြင်းဖြစ်သည်။

ထိုသို့ပို့ဆောင်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူတို့က လိုက်ပါပို့ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ဟုမ္မလင်းမြို့သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် တပ်မတော်ရဟတ်ယာဉ်ဖြင့် စားသောက်ကုန်ပစ္စည်းများကို ခန္တီးမြို့သို့ သယ်ဆောင်ကာ ရာသီဥတုအခြေအနေပေါ် မူတည်၍ အဆိုပါဒေသများသို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

## သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက သိန်း ၁၀၀၀ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၅**

တနင်္သာရီ တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်နိုင်ရန် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)က ဩဂုတ် ၁၅ ရက်တွင် အလှူငွေ ကျပ်သိန်း ၁၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)သည် ၂၀၁၆ ခုနှစ် ဇွန်လမှစ၍ ယနေ့အထိ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးရေးကိစ္စများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ၁၂ ခုသို့ အလှူငွေကျပ်သိန်း ၁၀၀၀ စီဖြင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၂၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။



ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သည် ၂၀၁၆ ခုနှစ် ဇွန်လမှစ၍ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး စုစုပေါင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခု၏ အစိုးရအဖွဲ့ဝန်ကြီးချုပ်များထံသို့ ဖောင်ဒေးရှင်းတာဝန်ရှိသူများကိုယ်တိုင် သွားရောက်၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် သိန်း ၁၀၀၀ စီ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဝဝဝ)**

## သာပေါင်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ပရဟိတလူငယ်အဖွဲ့ တေးဂီတဖြင့် ဖျော်ဖြေအလှူခံ

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ရှင်ကြီးပျော်ကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများအား လှူဒါန်းနိုင်ရန်အတွက် ဘိုကလေးမြို့တွင် တေးဂီတဖြင့် ဖျော်ဖြေအလှူခံပွဲကို ဩဂုတ် ၁၄ ရက်နံနက် ၆ နာရီခွဲက ဘိုကလေးမြို့ ၅ ရပ်ကွက် ပြည်သူ့ဈေးထိပ်၌ ကျင်းပရာ မော်လမြိုင်ကျွန်းမြို့နယ် ပရဟိတလူငယ်အဖွဲ့က ဖျော်ဖြေရေးမော်တော်ယာဉ် လေးစီးဖြင့် အနုပညာရှင်များ ပါဝင်သီဆိုဖျော်ဖြေအလှူခံကြသည်။

သီဆိုဖျော်ဖြေအလှူခံခဲ့ရာတွင် ဘိုကလေးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် အဖွဲ့များ၊ မြို့မ ၅ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။ မော်လမြိုင်ကျွန်းမြို့နယ် ပရဟိတလူငယ်များက တေးဂီတအနုပညာရှင်များနှင့်အတူ တေးဂီတများဖြင့် ဖျော်ဖြေအလှူခံခဲ့ရာ လှူဒါန်းငွေကျပ် ၁၅ သိန်းခန့်အလှူခံရရှိသည်။

သာပေါင်းမြို့နယ် ရှင်ကြီးပျော်ကျေးရွာအုပ်စု ရေဘေးသင့်ပြည်သူများအား မော်လမြိုင်ကျွန်းမြို့နယ် ပရဟိတလူငယ်အဖွဲ့က ပါဝင်လှူဒါန်းကြမည်ဖြစ်ရာ မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူများ၏ ပါဝင်လှူဒါန်းငွေများနှင့် ဘိုကလေးမြို့နယ် ပြည်သူများ၏ ပါဝင်လှူဒါန်းငွေများကိုပါ စုပေါင်းပြီး ရေဘေးသင့်ကျေးရွာများသို့ ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။

**(မော်ကျွန်းမြင့်အောင်)**

## ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်အောက်ကျဆင်းမှုကြောင့် ရေဘေးရှောင်ပြည်သူအချို့ နေရပ်သို့ ပြန်လည်ပြောင်းရွှေ့

**ဟင်္သာတ ဩဂုတ် ၁၅**

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၏ စိုးရိမ်ရေအမှတ်အောက်ကျဆင်းလာမှုကြောင့် ဟင်္သာတမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်းများမှ အိမ်ထောင်စုဝင်များ နေရပ်သို့ ပြန်လည်ရွှေ့ပြောင်းလျက်ရှိရာ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက စစ်ကုန်းအုပ်စု ရေလဲဘုန်းတော်ကြီးကျောင်းတွင် လူနေအိမ်များ ရေနစ်မြုပ်မှုကြောင့် ယာယီပြောင်းရွှေ့နေထိုင်သည့် ရဘိုစုကျေးရွာမှ ပြည်သူများအား မိမိတို့နေအိမ်များသို့ အဆင်ပြေချောမွေ့စွာ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးနောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး တိုးဝင်းနှင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်နေမျိုးလင်း ဦးစီးသောရဲတပ်ဖွဲ့ဝင် ၃၀ နှင့် မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့က လူနေအိမ်များရေနစ်မြုပ်ပြီး ရေလဲဘုန်းတော်ကြီးကျောင်းတွင် ယာယီပြောင်းရွှေ့နေထိုင်ခဲ့ရသည့် ရဘိုစုကျေးရွာမှ ရေဘေးရှောင်အိမ်ထောင်စု (၃၀)အား အဆိုပါအိမ်ထောင်စုများ၏ နေအိမ်များသို့ ကူညီပြောင်းရွှေ့ပေးခဲ့ပြီး ရေပြန်ကျသွားပြီး လူနေအိမ်များတွင် တင်ကျန်ခဲ့သည့် ရွှံ့ညွန်နှင့် အမှိုက်များအား ဝိုင်းဝန်းရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**





Asian Wings လေကြောင်းလိုင်းမှ ဩဂုတ် ၁၃ ရက်တွင် ရေဘေးဒုက္ခကြုံတွေ့နေရသော သာယာဝတီခရိုင် သုံးဆယ်မြို့ အသနော်၊ ကျောင်းစု၊ အိလ္လာကျေးရွာများသို့ ဆန်၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ဘီစကွတ်စသည်တို့ သွားရောက်လှူဒါန်းစဉ်။ (ကြေးမုံ)

❋ **ညောင်တုန်းမှ**

ရေကြီးနစ်မြုပ်ကာလအတွင်း ခေတ္တယာယီပိတ်ထားခဲ့သော စာသင်ကျောင်းများအား ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများ ပျော်ရွှင်ဖွယ် စာသင်ကြားနေကြပြီဖြစ်သည်။

ဧရာဝတီမြစ်ရေနှင့် ပန်းလှိုင်မြစ်ရေမြင့်တက်မှုများကြောင့် စာသင်ကျောင်းပေါင်း ၁၇၀ ပိတ်ထားရာမှ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းမှစ၍ ရေကြီးနစ်မြုပ်ကျောင်းများနှင့် သွားလာရေးခက်ခဲသော ကျောင်းများမှလွဲ၍ စာသင်ကျောင်းအချို့အား ပြန်လည်ဖွင့်လှစ်၍ သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိအနေအထားတွင် ညောင်တုန်းမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် အန္တရာယ်ရှိရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေမှုအနေအထားများကြောင့် ရပ်ကွက်/ကျေးရွာအုပ်စု(၄၁)စု၊ အိမ်ခြေအလုံး ၁၇၁၀၀၊ အိမ်ထောင်စု ၁၆၉၄၃ လုံး လူဦးရေ စုစုပေါင်း ၇၀၀၆၆ ဦး ရေကြီးနစ်မြုပ်လျက်ရှိပြီး အိမ်ခြေ ၁၆၃၇၃၊ လူဦးရေ ၆၇၀၁၉ ဦး ဆင့်ထိုး၍ နေထိုင်ကြပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဘုတာရုံတို့တွင် အိမ်ခြေ ၇၂၇ အိမ်၊ လူဦးရေ ၃၀၄၇ ဦးမှာ ရွှေ့ပြောင်းနေထိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကျေးရွာအုပ်စု ၂၇ စုမှ မိုးစပါးရေမြုပ်ဧရိယာ ၁၆၉၄၆ ဧက၊ ရေကြီးနစ်မြုပ်ဖြစ်ပွားခဲ့ပြီး မိုးစပါးဧရိယာ ၉၈၀၁ ဧကေ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ ဧရာဝတီမြစ်ရေ ဆက်လက်ကျဆင်းလာပါက ရေကြီးနစ်မြုပ်ခဲ့ပြီး သွားလာရေးခက်ခဲသော အချို့နေရာများ၊ စာသင်ကျောင်းများ အမြန်ဖွင့်လှစ်နိုင်ရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပညာရေးဌာနတို့ ညှိနှိုင်းပေါင်းစပ်ပြီး အမြန်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ရေကြီးနစ်မြုပ်ဒေသများမှ ဒေသခံရေဘေးသင့်ပြည်သူများသည်လည်း တာဝန်ရှိအဖွဲ့အစည်းများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**



ကရင်ပြည်နယ် ဘောဂလိမြို့ ရေသိုးလေးကျေးရွာရှိ ဒေသခံပြည်သူများအား ဩဂုတ် ၁၄ ရက်က နယ်မြေခံတပ်မှူးဦးစီးသော နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။ (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးဝက်ဘ်ဆိုက်)



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကြည့်မြင်တိုင်အုပ်စု အခြေခံပညာကျောင်းခွဲအတွင်း ဩဂုတ် ၁၄ ရက်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်။ (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးဝက်ဘ်ဆိုက်)

## တပ်ဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများအား ရေနှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်း



**နေပြည်တော် ဩဂုတ် ၁၅**

ပုသိမ်မြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးသူ ဦးစီးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် ၎င်းတို့၏ လစာများထဲမှ စုဆောင်းငွေများဖြင့် ပုသိမ်မြို့ တာဝတိံသာဘုရား စတုဘုမ္မိကဘုန်းကြီးကျောင်း၊ ထန်းကုန်းလေးဘုန်းကြီးကျောင်းနှင့် အလက(၅)ကျောင်းများတွင် နေထိုင်သော ရေဘေးရှောင် အိမ်ထောင်စု ၁၈၉ စုအတွက် ဆန်လေးအိတ်၊ ရေသန့် ကတ် ၁၀၀ တို့အား ဩဂုတ် ၁၄ ရက် ညနေပိုင်းတွင် သွားရောက်လှူဒါန်းခဲ့သည်။ အလားတူ ဝါးခယ်မမြို့ ရွှေလောင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ဒွေးဝင်း ဦးစီးအဖွဲ့ကလည်း အထက်ပေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ယာယီပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စု ၁၁ စုအတွက် ခေါက်ဆွဲခြောက်နှင့် ဆီ စုစုပေါင်း တန်ဖိုးငွေကျပ် ၃၅၀၀၀ တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဒုတိယဥက္ကဋ္ဌတို့သည် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့်တွေ့ဆုံကာ ရေဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့်အတူ မိမိတို့ အမျိုးသမီးရေးရာအဖွဲ့မှ ပါဝင်ဆောင်ရွက်မည့် ရေဘေးကယ်ဆယ်ရေးစခန်းများနှင့် ရေဘေးသင့်ကျေးရွာများသို့ စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးမှုများ၊ နောက်ဆက်တွဲ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို Mobile Team များဖြင့် ဆောင်ရွက်မည်ဖြစ်၍ သက်ဆိုင်ရာဒေသရှိ အမျိုးသမီးရေးရာအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အလှူငွေများပေးအပ်ရာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သို့ကျပ်သိန်း ၁၆၀၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သို့ ကျပ်သိန်း ၁၀၀ စီနှင့် စုစုပေါင်း ကျပ်သိန်း ၃၆၀ လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

# ရေကြီးရေလျှံမှုဖြစ်ပွားရာဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုရှိ မြို့နယ် ၇၂ ခုတို့တွင် ဇူလိုင်လလယ်ပိုင်းမှစတင်၍ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတက်ခြင်းနှင့်ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ဩဂုတ် ၁၄ ရက်အထိ အိမ်ခြေစုစုပေါင်း ၁၀၃၁၄၄နှင့် လူဦးရေ ၄၇၂၉၇၃ ဦးရေဘေးသင့်ခဲ့ရာ အဆိုပါသဘာဝဘေးဖြစ်ပွားမှုဖြစ်စဉ်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲနှင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၏အစီအစဉ်ဖြင့် သဘာဝဘေးကျရောက်ရာရပ်ကွက်၊ ကျေးရွာများရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများဖွင့်လှစ်၍လည်းကောင်း၊ ရွေ့လျားဆေးအဖွဲ့များဖြင့်လည်းကောင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အရေးပေါ်ဆေးနှင့်ဆေးပစ္စည်းများထောက်ပံ့ပေးခြင်း၊ ကူးစက်ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ သန့်ရှင်းသောအစားအစာနှင့် သောက်သုံးရေရရှိစေရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းအစရှိသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။


ရေဝင်ရောက်ရာဒေသများရှိကျန်းမာရေးဌာနများတွင် ဆေးနှင့်ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်ခြင်း၊ အရေးပေါ်လူနာလွှဲပြောင်းပေးခြင်း အဆင်ပြေချောမွေ့စေရန် စီစဉ်ထားရှိခြင်းနှင့် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

ရေပြန်လည်ကျဆင်းသွားပြီးဖြစ်သော မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိစေရန်ရေဝင်နစ်မြုပ်ခဲ့သောရေတွင်း၊ ရေကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်ဆေးပြားများ ထောက်ပံ့ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများအတွက် နှီးနွှယ်ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ရေနှင့် အစာမှတစ်ဆင့်ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်နှိမ်နင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မြွေနှင့်အဆိပ်ရှိသတ္တဝါများ အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် ပညာပေးခြင်းနှင့် လိုအပ်သော မြွေဆိပ်ဖြေဆေးများထောက်ပံ့ပေးခြင်း၊ ကူးစက်ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။


**(သတင်းစဉ်)**



# ပုသိမ်နှင့် ငသိုင်းချောင်းမြို့များတွင် ဇူလိုင်လကုန်မှစ၍ စိုးရိမ်ရေမှတ် ကျော်လွန်လျက်ရှိ




ပုသိမ်မြို့ ဝန်မြစ်ရေအခြေအနေ (စင်တီမီတာ)




ငါးသိုင်းချောင်းမြို့ ဝန်မြစ်ရေအခြေအနေ (စင်တီမီတာ)

## ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

**(ကြေးမုံ)**



# မိုးရာသီစုပေါင်းပန်းချီပြပွဲ မန္တလေး၌ပြသ

**မန္တလေး ဩဂုတ် ၁၅**
ရန်ကုန်နှင့် မန္တလေးပန်းချီဆရာများ စုပေါင်း၍ မန္တလေးပန်းချီပြခန်း၌ မိုးရာသီ စုပေါင်းပန်းချီပြပွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မန္တလေးတောင်ခြေရှိ Mandalay Hill ART GALLERY ၌ ကျင်းပသည်။

ပန်းချီပြပွဲ၌ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် ပန်းချီကားများကို ရန်ကုန်နှင့် မန္တလေးမှ ပန်းချီဆရာ ၃၃ ဦးက ပန်းချီကား ၇၂ ကားပြသထားပြီး မြန်မာ့အငွေ့အသက် ပန်းချီများ၊ သဘာဝပန်းချီကားများကို ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်ထိ နေ့စဉ် နံနက် ၉ နာရီ မှ ည ၉ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်၊ မန္တလေးမှ ပန်းချီဆရာများ ပန်းချီပညာရှင်များ၊ ပန်းချီဝါသနာရှင်များက ရာသီအလိုက်ပန်းချီပြပွဲများကို ပြသလျက်ရှိပြီး ဆောင်းအမှတ်တရ၊ မိုးရာသီစသည့် ရာသီအလိုက် ပန်းချီပြပွဲများကို နှစ်စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၀၂)

■

# ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့ ပန်းချီအခြေခံသင်တန်းဆင်းပွဲကျင်းပ

**သရက် ဩဂုတ် ၁၅**
မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်နှင့် ရင်းနှီးမှုရှိစေရန်နှင့် ကျောင်းစာအပြင် ပြင်ပစာပေများ ဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရန် ရည်ရွယ်၍ အခမဲ့ပန်းချီသင်တန်းကို ဇူလိုင် ၉ ရက်က စတင်ဖွင့်လှစ်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း တစ်ရက်လျှင် နှစ်နာရီ သင်ကြားဖွင့်လှစ်ပေးရာ အခမဲ့ ပန်းချီ အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် “မူးယစ်ဆေးဝါးကင်းစင်ဖို့ အားလုံးတိုက်ဖျက်စို့” ခေါင်းစဉ်ဖြင့် ပုံတူပန်းချီပြိုင်ပွဲ၌ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ တို့က ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုကို ရှုံးရပ် အမကမှ စတုတ္ထတန်းကျောင်းသူ မဝင်းစန္ဒာလှိုင်က လည်းကောင်း၊ ဒုတိယဆုကို ရွှေဘုံသာ အမကမှ တတိယတန်းကျောင်းသူ မဟေမာန်ဇူက လည်းကောင်း၊ တတိယဆုကို ရုံးရပ် အမကမှ စတုတ္ထတန်းကျောင်းသား မောင်သာထက်အောင်က လည်းကောင်း ဆုများရရှိကြသည်။

ထို့နောက် ဆုများရရှိသူများအား ဆုများချီးမြှင့်ရာ ပထမဆုကို လက်ထောက်ပညာရေးမှူး(ငြိမ်း) ဦးအောင်ကျော်စိုးက လည်းကောင်း၊ ဒုတိယဆုကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက လည်းကောင်း၊ တတိယဆုကို ကဗျာဆရာ မောင်ရင်သွေး (ဆင်ပေါင်ဝဲ)တို့ကလည်းကောင်း အသီးသီးချီးမြှင့်ပေးခဲ့ရာ ဆုရ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။ ယင်းနောက် ပန်းချီအခြေခံပညာသင်ကြားပေးခဲ့သည့် မိုး(သရက်)ကို ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက လက်ဆောင်ပစ္စည်းများပေးအပ်၍ လည်းကောင်း၊ ဆုမရရှိသည့် ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်တစ်အုပ်စီနှင့် ဘောပင်တစ်ချောင်းစီ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ပြုလုပ်

**ပေါက် ဩဂုတ် ၁၅**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုကို ပေါက်မြို့ အောင်တော်မူရပ်ကွက် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။



ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ပေါက်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဒေါ်အေးပပစိုးရီက ကျန်းမာရေးနှင့်ပတ်သက်သည့် သွေးလွန်တုပ်ကွေး ရောဂါအကြောင်း၊ စုံလင်ပြည့်ဝသော ကလေးဘဝရရှိရေးနှင့် အသိပညာ၊ အတတ်ပညာများ ရရှိရေးဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးနှင့် ဝန်ထမ်းများက အဆိုပါကျောင်းမှ KG နှင့် မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၉၆ ဦးအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ဆက်လက်၍ ကျောင်းတွင်း သောက်သုံးရေသန့် ရရှိမှု အခြေအနေကို လည်းကောင်း၊ ကျောင်းတွင်းမုန့်ဆိုင်များတွင် စားသုံးရန် မသင့်သောအစားအစာ ရောင်းချမှု မရှိစေရန်အတွက် လည်းကောင်း၊ ကျောင်းတွင်း အိမ်သာများ သန့်ရှင်းမှုအခြေအနေနှင့် ကျောင်းအမှိုက်များ စနစ်တကျစွန့်ပစ်မှု အခြေအနေကို လည်းကောင်း ပြည်သူ့ကျန်းမာရေးဦးစီးမှူးနှင့် ဝန်ထမ်းများက လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

# အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ ဧရာဝတီမြစ်ရေဝင်ရောက်၍ ထိခိုက်ပျက်စီးသည့် မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဆိပ်ဖြူ ဩဂုတ် ၁၅**
ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စု အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ ဧရာဝတီမြစ်ရေဝင်ရောက်၍ ထိခိုက်ပျက်စီးခဲ့သည့် လယ်မြေအချို့အား ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြစ်ရေနစ်မြုပ်ခဲ့သည့် လယ်ပိုင်ရှင်တောင်သူများအား စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများပြုလုပ်လျက်ရှိသည်။ ယင်းသို့ ပြုလုပ်ရာ ဩဂုတ် ၁၄ ရက်က ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးရန်နိုင်ဝင်းနှင့် တာဝန်ရှိသူများသည် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စနစ်မှ ကွင်းအမှတ် (၁၁၂၂/၅၇)မှ တောင်သူ ၂၄ ဦး စိုက်ပျိုးထားရှိသည့် မိုးစပါးလယ်မြေများ ဧရာဝတီမြစ်ရေ ဝင်ရောက်၍ ပျက်စီးခဲ့မှုအခြေအနေများနှင့် ထိခိုက်ကျန်ရှိသည့် စပါးခင်းများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့နောက် မြင်ကကျေးရွာဓမ္မာရုံ၌ မြစ်ရေဝင်ရောက်သည့် လယ်မြေများမှ တောင်သူ ၂၄ ဦးနှင့် တွေ့ဆုံခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက ထိခိုက်ပျက်စီးသွားသည့် လယ်မြေများအား စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးမည့် စိုက်ပျိုးရေးနည်းပညာများကို ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ရှိသူများက သီးနှံပိုးမွှားကာကွယ်ရေးနည်းပညာများ၊ ရေဝင်ရောက်သည့်မြေများကို ပြုပြင်စိုက်ပျိုးရေးနည်းစနစ်များနှင့် မြေဩဇာဆောင်ရွက်နည်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ပျက်စီးခဲ့သည့် လယ်မြေများပြန်လည်စိုက်ပျိုးလျက်ရှိရာတွင် စပါးတစ်တင်းပျိုးလျှင် ကျပ်နှစ်သောင်းခန့်ရှိပြီး တစ်ဧကလျှင် ပျိုးနှစ်တင်းခန့်ကုန်ကျမည်ဖြစ်ကြောင်း ပုံမှန် စိုက်ပျိုးချိန်ဆိုပါက ပျိုးစပါးတစ်တင်းမှာ ကျပ်တစ်သောင်းသာရှိခဲ့ကြောင်း၊ လက်ရှိအချိန်တွင် တောင်သူများအနေဖြင့် စပါးပျိုးအခက်အခဲများနှင့် အလုပ်သမားအခက်အခဲများရှိနေကြောင်း တောင်သူတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်ရေကြီးရေဝင်ရောက်မှုကြောင့် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ လယ်မြေ ၃၇ ဒသမ ၅၇ ဧက မြစ်ရေဝင်ရောက်ခဲ့ပြီး ၂၈ ဒသမ ၂၁ ဧကပျက်စီးခဲ့ကြောင်း၊ ၉ ဒသမ ၃၆ ဧက ထိခိုက်ခဲ့ကြောင်း သိရသည်။ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ စပါးပျိုးအခက်အခဲများနှင့် အလုပ်သမားရှားပါးမှုပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် တိုက်ရိုက်မျိုးစေ့ချစနစ်နှင့် လိုအပ်သောနည်းပညာများကိုလည်း ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စိုးလင်းနိုင်(IPRD)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှု မရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**
မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး (၂၀) ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

### သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်-လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁. ၄၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း-ဖလမ်းမြို့ | ၁၉၅၄ | ၀. ၈၀' |
| ၃။ | ရာဇဗြိုဟ်ရေလှောင်တမံ | စစ်ကိုင်း-ကလေးမြို့ | ၅၂၀၀၀ | ၂. ၀၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၃၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး-ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀. ၁၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး-ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀. ၃၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၂၆၁၈၆ | ၁. ၀၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၁၈၉၁၂ | ၁. ၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး-ပဲခူးမြို့ | ၃၇၀၀ | ၀. ၃၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး-ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀. ၈၂' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး-ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၅၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး-လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀. ၇၅' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး-မြို့သစ်မြို့ | ၂၅၀၀၀ | ၁. ၆၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး-စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၅. ၀၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး-ငဖဲမြို့ | ၁၂၀၀၀၀ | ၁. ၀၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး-ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆. ၄၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး-ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၅၀' |
| ၁၈။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်-ကျောက်တော်မြို့ | ၁၁၄၀ | ၀. ၅၀' |
| ၁၉။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်-နမ္မတူမြို့ | ၂၅၉၀၀ | ၀. ၈၀' |
| ၂၀။ | ကညင်ရေလှောင်တမံ | ဧရာဝတီ-အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၀. ၈၀' |

(သတင်းစဉ်)

# လမ်းမတော်မြို့နယ် နောက်ဖေးလမ်းကြားသန့်ရှင်းရေးလုပ်ဆောင်မှု မြို့တော်ဝန်စစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၅**

ဩဂုတ် ၁၅ ရက်မှစ၍ ပြုလုပ်နေသည့် လမ်းမတော်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်း နောက်ဖေးလမ်းကြားများ သန့်ရှင်းရေးလုပ်ဆောင်မှုများကို ယင်းနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် အတွင်းရေးမှူး၊ ကော်မတီဝင်များ ကြည့်ရှုစစ်ဆေးခဲ့သည်။

လမ်းမတော်မြို့နယ် (၆) ရပ်ကွက် (၁၃) လမ်းနှင့် (၁၄) လမ်းကြား မြို့တော်စည်ပင်၏ အစီအစဉ်ဖြင့် သန့်ရှင်းရေးဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ နောက်ဖေးလမ်းကြား အကျယ် ၁၅ ပေနေရာ အချို့တွင် မရှိခြင်း၊ နောက်ဖေးလမ်းကြားများတွင် ကျူးကျော်အသုံးပြုနေခြင်းများနှင့် ပတ်သက်၍ လမ်းညွှန်ပြောကြားသည်။

မြို့တော်စည်ပင် အစီအစဉ်ဖြင့် နောက်ဖေးလမ်းကြားများ သန့်ရှင်းရေးဆောင်ရွက်မှုအပေါ် သက်ဆိုင်ရာ ရပ်ကွက်တာဝန်ရှိသူများ လက်ခံနိုင်သည့်အဆင့်ရောက်ရှိရန် လုပ်ဆောင်ပေးမည်ဖြစ်ပြီး ထပ်မံ၍ အမှိုက်ထုပ်များ အထပ်မြင့်များပေါ်မှ ပစ်ချခြင်း၊ မြေညီထပ်အချို့မှ ကျူးကျော်အသုံးချခြင်းများအပေါ် အရေးယူဆောင်ရွက်ခြင်းတို့ကို လမ်းညွှန်ပြောကြားသွားသည်။

လမ်းမတော်မြို့နယ် အတွင်း လမ်းသွယ်အချို့တွင် စောင့်ကြည့်ကင်မရာများ တပ်ဆင်ထားသော်လည်း လမ်းသွယ်များပေါ်တွင် စည်းကမ်းမဲ့ အမှိုက်ထုပ်ချသည့် ဖြစ်စဉ်များ ကင်မရာ မြင်ကွင်းများတွင် မြင်တွေ့ရသော်လည်း အရေးယူရန်တင်ပြမှု အားနည်းသဖြင့် ယင်းစောင့်ကြည့်ကင်မရာတပ်ဆင်ထားသော လမ်းသွယ် အချို့ပေါ်တွင် စည်းကမ်းမဲ့ အမှိုက်ချထားခြင်းများ မြင်တွေ့နေရဆဲဖြစ်သည်ဟု လမ်းမတော်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။

နောက်ဖေးလမ်းကြားများတွင် အမှိုက်ထုပ်ပစ်ချရာတွင် အထပ်မြင့်နေသူအချို့က နေရာလွဲ၍ ပစ်ချရာ စောင့်ကြည့်ကင်မရာများ နောက်ဖေးလမ်းကြားများတွင် တပ်ဆင်ခြင်းဖြင့် ငွေကြေးကုန်ကျမှုမှလွဲ၍ အကျိုးရရှိမှုနည်းနိုင်သည်ဟု ယင်းလမ်းနေသူတစ်ဦးက ဆိုသည်။

နောက်ဖေးလမ်းကြားများ အပါအဝင် အများပြည်သူဆိုင်ရာ မြေကွက်လပ်အချို့ လမ်းသွယ်များတွင်ရှိတတ်ရာ အကြောင်းအမျိုးမျိုးပြ အသုံးချနေမှုများရှိသည်ကို မြင်တွေ့နေရဆဲဖြစ်သည်။ ဘုန်းကြီးလမ်းဘေးကျုံးကြီးမြောင်းဖုံးပေါ်ရှိ အခိုင်အမာ ဆောင်ရွက်ရန် ပြုလုပ်ခဲ့သော အဆောက်အအုံတစ်ခုမှာ ယခုနှစ် ဇွန် ၆ ရက်တွင် မြင်တွေ့ခဲ့ရသော်လည်း ဇွန် ၂၂ ရက်တွင် ဖျက်သိမ်းပြီးဖြစ်သည်ကို မြင်တွေ့ရသည်ဟု ယင်းနေရာအနီး လိုင်းကားမှတ်တိုင်မှ လိုင်းကားစီးနေရသည့် မြေနီကုန်းတွင် အလုပ်ဆင်းနေသူ ဦးဇော်က ဆိုသည်။ ယခုစတင်သည့် နောက်ဖေးလမ်းကြား ရှင်းလင်းသန့်ရှင်းရေး ဆောင်ရွက်မှုနှင့်အတူ ကျန်းမာရေး၊ လုံခြုံရေးအရ သန့်ရှင်းသပ်ရပ်သော မြင်ကွင်းများရှိရန် ရန်ကုန်မြို့တွင်း နေထိုင်သူများက မျှော်လင့်နေသည်ဟု ပြောဆိုမှုရှိလာသည်။

**(မောင်စေအောင်)**

# ပျက်စီးလမ်းများနှင့် ကားပတ်လမ်းများကို ပြုပြင်ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၂၀) ရပ်ကွက်အတွင်းရှိ ကားပတ်လမ်းများ ပျက်စီးနေမှုကြောင့် မြို့နယ်စည်ပင်(လမ်းနှင့်တံတား) အင်ဂျင်နီယာဌာနနှင့် ရပ်ကွက်တာဝန်ရှိသူများပူးပေါင်းကာ ပြုပြင်ခြင်းလုပ်ငန်းများကို ဩဂုတ် ၁၄ ရက် ညနေ ၃ နာရီခန့်က စတင်ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ရန်လိုအပ်သည့် ဝေပုလ္လ(၂)လမ်းထိပ် ကားပတ်လမ်းအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြီးရွှေ၊ တာဝန်ရှိသူများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်မိရပ်ဖများနှင့် လှိုင်သာယာမြို့နယ် စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ဝန်ထမ်းများနှင့်အတူ စက်ယန္တရားကြီးများအသုံးပြုကာ မွမ်းမံပြင်ဆင် ခင်းကျင်းဆောင်ရွက်နေမှုကို ဩဂုတ် ၁၄ ရက်က တွေ့မြင်ရသည်။

"ကျွန်တော်တို့ရပ်ကွက်ထဲမှာ ပျက်စီးနေတဲ့လမ်းအချို့နဲ့ ကားပတ်လမ်းတွေကို ရပ်မိရပ်ဖနဲ့ရပ်ကွက်နေပြည်သူတွေကပါ လက်တွဲပူးပေါင်းဆောင်ရွက်မယ်ဆိုရင် မွမ်းမံပြင်ဆင်ရမယ့်လုပ်ငန်းတွေမှာ ပိုပြီးမြန်ဆန်အောင်မြင်လိမ့်မယ်ဆိုတာ ယုံကြည်ပါတယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြီးရွှေက ပြောသည်။ **(မင်းထက်ပိုင်)**



# မိုးညှင်းဆယ်မိုင်ရွာသစ် ရဒူးမှော်နှင့် ရေတံခွန်မှော်မှထွက်သော နီလာကျောက် ဈေးကောင်းရ

**မိုးညှင်း ဩဂုတ် ၁၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ် နန့်ရင်းချောင်းဖျားဒေသ ရဒူးမှော်နှင့် ရေတံခွန်မှော်မှ ထွက်ရှိသော အဖိုးတန်နီလာကျောက်များမှာ ဈေးကောင်းရရှိပြီး (မိုးညှင်း-နီလာကျောက်) အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဆယ်မိုင်ရွာသစ်ကျေးရွာ၏ အရှေ့ဘက် ငါးမိုင်ခန့်အကွာ တောင်တန်းရှိ လျှိုမြောင်တောင်ကမ်းပါးယံ ရေတံခွန်စိမ့်စမ်းများ တည်ရှိရာ နန့်ရင်းချောင်းဖျားမှ အဖိုးတန်နီလာကျောက်ရတနာများ ထွက်သော ရဒူးမှော်နှင့် ရေတံခွန်မှော်တို့တွင် တူးဖော်ရရှိသည်။

"ဒီဒေသမှာထွက်တဲ့ တွင်းထွက်နီလာကျောက်အရိုင်းပုံစံက ဖန်ချောင်း၊ မှန်ချောင်းလိုအပြားတွေ ဖန်တုံးပုံစံတွေ၊ အလွှာပြားပုံစံတွေ တချို့က ကျောက်ဖြူတုံးတွေထဲကနေ ကျောက်ကြားကျောက်လွှာထဲကနေ ထွက်တာပါ။ မောက်ကြားထဲကနေထွက်တဲ့ လချေးကျောက်တွေနဲ့အတူ တူးဖော်တွေ့ရှိရပါတယ်။ ကျောက်သားရဲ့ မာခြင်းအဆင့်က မိုးကုတ်ကျောက်ကို တော့မမီပေမယ့် ကျောက်အရည်အသွေးကပြာလဲ့ပြီး ကြည်တောက်ရှင်းဖြစ်နေတာမို့ ဝယ်ယူသုံးစွဲသူတွေက ကြိုက်နှစ်သက်ပါတယ်"ဟု ဆယ်မိုင်ရွာသစ်ကျေးရွာတွင် နေထိုင်ပြီး နီလာကျောက်တူးဖော်ရောင်းဝယ်ရေးလုပ်ကိုင်သူ ကိုအောင်လင်းက ပြောပြသည်။



"အခု လယ်ယာစိုက်ပျိုးပြီးတဲ့ အချိန်ဖြစ်လို့ ဒေသခံတောင်သူတွေ မိုးညှင်းမြို့နယ်တစ်ဝိုက်က တောင်သူတွေ တစ်နိုင်တစ်ပိုင်တူးဖော်ကြတာပါ"ဟု ထပ်ဆင့်ပြောပြသည်။

အဆိုပါ နီလာကျောက်တစ်ပွင့်ကို ဒေသပေါက်ဈေး ကျပ် ၅ သိန်းမှ ကျပ် ၁၀သိန်း တန်ထိကျောက်များ တစ်ပတ်ကို နှစ်ပွင့်၊ သုံးပွင့် ထွက်ရှိတတ်ကြောင်း၊ အဖိုးတန်ကျောက်ကောင်းတစ်ပွင့်ကို ငွေကျပ်သိန်း ၅၀ ထိ အရောင်းအဝယ် ဖြစ်ထွန်းသော်လည်း တန်ဖိုးကြီး နီလာကျောက်များ အထွက်နည်းပါးကြောင်း၊ မိုးကုတ်ဒေသထွက် နီလာကျောက်များကဲ့သို့ တန်ဖိုးကြီးမားပြီး မာကျောမှုအဆင့် အားနည်းသော်လည်း အရည်အသွေးလှပခြင်းကြောင့် ပုံဖော်ပြီးသွေးကျောက်များမှာ အတူတူပင် ဖြစ်သည့်အတွက် မိုးကုတ်ကျောက်သမားများအကြိုက်တွေ့ကာ အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ယခုအခါ ဖော်ထုတ်လုပ်ကွက် ကုမ္ပဏီတစ်ခုနှင့် ဒေသခံတစ်နိုင်တစ်ပိုင်တူးဖော်လုပ်ကိုင်ကြသူများဖြင့် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **(နီတိုး)**

# မိတ္ထီလာမြို့ ရထားဘူတာယာဒ်ဝင်းရှိသံလမ်းများ ကြံ့ခိုင်မှုရှိရေးနှင့် ပေါက်ကွဲစေတတ်သော ထောင်မိုင်းများကို ရှာဖွေစစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၁၅**

မိတ္ထီလာမြို့နယ်၌ ရထားစီးခရီးသည်များ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ ရထားဘူတာယာဒ်ဝင်းရှိ သံလမ်းများကြံ့ခိုင်မှုရှိစေရေးနှင့် ပေါက်ကွဲစေတတ်သောထောင်မိုင်းများကို ယနေ့ နံနက် ၉ နာရီက လိုက်လံရှာဖွေ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရထားစီးခရီးသည်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မိတ္ထီလာမြို့နယ် တာဝန်ခံရုံပိုင်ကြီး ဦးအောင်မြင့်၊ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဆန်းနိုင်တို့နှင့် ရထားရဲတပ်ဖွဲ့တို့က ရထားသံလမ်းများ ခိုင်ခံ့မှုရှိစေရန် လိုက်လံစစ်ဆေးပြီး ရထားဘူတာယာဒ်ဝင်းအတွင်းရှိ သံလမ်းများတွင် ပေါက်ကွဲစေတတ်သောထောင်မိုင်းများကို လိုက်လံရှာဖွေခဲ့ကြသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မင်းပြားမြို့နယ်အတွင်း ရေကြီးနစ်မြုပ် သောက်သုံးရေကန်အား ရေစုပ်ထုတ် သန့်စင်ပြီးစီး

**မင်းပြား ဩဂုတ် ၁၅**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်း ဇူလိုင်က ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး ကျေးရွာအုပ်စု ၂၃ အုပ်စု ကျေးရွာ ၄၅ ရွာတွင် သောက်သုံးရေကန် ၁၀၅ ကန်တွင် ဒီရေဝင်ရောက်နစ်မြုပ်ခဲ့မှုကို မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်းခွင့်ပြုရန်ပုံငွေဖြင့် မင်းပြားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေကန် ၅၃ ကန်တွင် ရေဆိုးရေညစ်များ စုပ်ထုတ်ပြီး ရေကန်သန့်စင်ခြင်း၊ တာပေါင်မြှင့်ခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဩဂုတ်လ ပထမပတ်တွင် ပြီးစီးခဲ့၍ ရေစုပ်ထုတ်ရန် ကျန်ရှိရေကန် ၅၂ ကန်မှာ ကျေးရွာသူကျေးရွာသားများက နွေရာသီရေရှားပါးမှုကို စိုးရိမ်၍ ရေစုပ်ထုတ်ရန် ဆန္ဒမရှိကြကြောင်း မြို့နယ်ကျေးလက် ဦးစီးမှူး ဦးသန်းစိုးဦး၏ ပြောပြချက်အရ သိရသည်။

**(၅၂၂)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်(ရွှေဈေး) ၈၄၈၀၀၀ - ၈၄၉၀၀၀၊ မန္တလေး(ရွှေဈေး) ၈၄၇၅၀၀ - ၈၄၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၀၀/၅၃၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၅၇၀/ ၆၂၀ ကျပ်၊ | ၆၇၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၀၀/၅၃၀ ကျပ်၊ | ၅၅၀/၅၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၆၀ ကျပ်၊ | ၆၀၀/၆၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၆၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၀၉ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၄၃၀ ကျပ်

**၈-၈-၂၀၁၆ ရက်နေ့မှ ၁၂-၈-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၆၀ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၇၀ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၂၅.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၉.၀၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄.၁၄၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၄.၆၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၇၅၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၇၂.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇.၆၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၈.၀၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၂.၅၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



နေပြည်တော်လူမှုဖူလုံရေးရုံးခွဲတွင် အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းခွင့်ပြုထုတ်ပေးခြင်းအခမ်းအနား ကျင်းပစဉ်။

**ရဲရဲ(ပျဉ်းမနား)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၆- ၈ -၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၂၀ ကာတွန်းအစီအစဉ်
"Arthur Christmas" (အပိုင်း-၁)
၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၆၃)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ကိုယ့်ဘဝ ကိုယ့်အိပ်မက်" (အပိုင်း-၂၃)
၈း၃၀ Premier League (High Light Review)
၉း၂၀ MRTV Entertainment Music
၉း၃၅ စားဖိုမှူး ချိုဝတ်ရည်
၉း၄၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၉း၅၀ ပြည်သူ့နီတိ "အလင်းရောင်"
၁၀း၁၀ MRTV Entertainment Music
၁၀း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "အာရေဘီယံ ၃၃"
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၈း၃၅ ဥပဒေရေးရာအဖြာဖြာ "အသိတစ်ခုဂရုပြု" (ဦးစံပေါ၊ နေသစ်ခန့်၊ ဝေဖြိုးဟိန်း) (ဒါရိုက်တာ-ဝေဠု(ဝသန်))
၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
၁၁း၁၅ "World War Two"(WW-2) (ဒုတိယကမ္ဘာစစ်)
၁၁း၃၅ မျက်မှောက်ရေးရာသုံးသပ်စရာ
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၇)
၁း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၇၉)
၃း၃၅ လူမှုစီးပွားမြင်ကွင်းများ
၄း၁၅ "CLMTV Festival of Song Dance and Music 2016"
၄း၃၅ Football Magazine (ရောဝတီယူနိုက်တက်အသင်း)
၅း၁၅ အဆိပ်အတောက်မဖြစ်စေရေး သန့်ရှင်းရေးကိုဦးစားပေး
၅း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း(စတော့အိတ်ချိန်းတွင်အရင်းအနှီးမြှင့်တင်ခြင်းနှင့်ရင်းနှီးမြှုပ်နှံခြင်း)(အပိုင်း-၁)
၆း၃၅ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (ရတနာမိုင်)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၈၀)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
-Yes of No Talk Show (Season-2) (Physical Library or Digital Library)(Part-3)
-နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၈)
-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား"(အပိုင်း-၃၄)
-မှတ်မှတ်သားသားပုံပြင်များ "အဝတ်မရှိသောမိန်းမ" (စောမြတ်နိုး၊ ဝေယံမင်း၊ ထက်နေချမ်း၊ စောယုနန္ဒာ) (ဒါရိုက်တာသီတာလင်း(L.A.A))

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၅ မေတ္တာပို့
၇း၂၀ ဓမ္မပူဇာတေး
၇း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
၈း၁၅ DVD Hits
၈း၄၅ ခရီးလည်းသွားစကားလည်းဆို
၉း၁၀ World Wide Web
၉း၄၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၁၀း၀၀ တစ်ပတ်အတွင်းမွေးမြူရေး သတင်း
၁၀း၁၅ Books Guide
၁၀း၃၀ Guide For You
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၁၁း၂၅ Sportcast
၁၁း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၀၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၂း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၂၅ ကျန်းမာသုတ
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၀ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ Sport Review
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် (အပိုင်း-၄၇)
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရုဏ်ဦးရဲ့ချစ်ပန်းသခင်" (အပိုင်း-၄၇)
၆း၁၀ Let's Go To
၆း၃၅ Dream Team ရဲ့ စိန်ခေါ်မှုများ
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့အလက်ာ" အပိုင်း(၃၈)
-VOAအင်္ဂလိပ်စာသင်ခန်းစာ
-ဟာသရုပ်စုံ

### MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော် + မေတ္တာသုတ်
၅း၄၀ "ပဋိစ္စသမုပ္ပါဒ်သင်တန်း" (အပိုင်း-၉) တရားတော် [ဆရာတော်အရှင်သူရိယ (ရှမ်းစုအောင်စကြာ)]
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (City Icon Decoration Company Opening Ceremony)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ သွားမယ်စားမယ် (PARKROYAL Hotel အတွင်းရှိ Spice Restaurant)
၁၁း၄၀ Style Plus H မှ ကြီးမှူးကျင်းပသော Miss Grand International Myanmar 2016
၁၂း၃၅ အနုပညာမိုးကောင်းကင်
၄း၀၀ Cartoon Series (Welcome To Sky Ville)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၃၅)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၂၉)
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၈၂)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိ မိန်းမလှလေး" (အပိုင်း-၁၂)
၉း၅၀ အနုပညာမိုးကောင်းကင်

## အောဂုတ်စ်နဲ့ အထူးသီးသန့်စာချုပ်တွေ ထပ်မံချုပ်ဆိုသွားမယ့် ကေပေါ့ပ်အဖွဲ့ Secret



တောင်ကိုရီးယားဂီတလောကရဲ့ ကေပေါ့ပ်အဖွဲ့တွေထဲက တစ်ဖွဲ့ဖြစ်တဲ့ Secret အနေနဲ့ ဒီနှစ် နှစ်ကုန်ပိုင်းမှာ အောဂုတ်စ်နဲ့ သီးသန့်စာချုပ်တွေ ချုပ်ဆိုသွားမှာဖြစ်တယ်လို့ ဒေသတွင်းသတင်းဖော်ပြချက်တွေအရ သိရပါတယ်။

ငယ်ရွယ်နုပျိုပြီး အဆိုနဲ့ အကပိုင်းဆိုင်ရာတွေမှာလည်း မြူးကြွသွက်လက်လှတဲ့ မိန်းမပျိုလေး လေးဦးနဲ့ ဖွဲ့စည်းထားတဲ့ Secret အဖွဲ့ဟာ လာမယ့် အောက်တိုဘာလမှာ တီအက်စ်အင်န်တာတိန်းမန့်နဲ့ အထူးသီးသန့်စာချုပ်သစ် ချုပ်ဆိုသွားဖို့ရှိတယ်လို့ သိရပါတယ်။

အဲဒီစာချုပ်တွေမှာပါဝင်မယ့် အချက်အလက်တွေကိုတော့ အခုထိဆွေးနွေးနေဆဲဖြစ်ပြီး အဲဒီအချက်တွေထဲမှာ အဖွဲ့အနေနဲ့ အဖွဲ့သစ် ပြန်လည်ဖွဲ့၊ မဖွဲ့ဆိုတာလည်း ပါဝင်တယ်လို့ သိရပါတယ်။

Secret အဖွဲ့ဟာဆိုရင် ၂၀၀၉ ခုနှစ်မှာ ဂီတလောကကို စတင်လျှောက်လှမ်းလာတာဖြစ်ပြီး ၂၀၁၄ ခုနှစ်မှာ ထွက်ရှိခဲ့တဲ့ ပဥ္စမမြောက်အယ်လ်ဘမ် Secret Summer ဟာ ကေပေါ့ပ်ပရိသတ်တွေကြားမှာ အထူးအောင်မြင်မှုရရှိခဲ့တယ်လို့ သိရပါတယ်။

အကကောင်းတယ်လို့ ကေပေါ့ပ်တေးဂီတအဖွဲ့တွေကြားမှာ နာမည်ကြီးလှတဲ့ Secret အဖွဲ့ဟာ 12th Mnet Asian Music Awards ဆုပေးပွဲမှာ အကောင်းဆုံး အမျိုးသမီးအကအဖွဲ့အဖြစ် ဆန်ခါတင်ဆု ရွေးချယ်ခံခဲ့ရပြီး အကြိမ်(၂၀) မြောက်ဆိုးလ်ဂီတပွဲတော်မှာ မက်ဒေါနားလို့ အမည်ပေးထားတဲ့ သီချင်းနဲ့ Bonsang award ဆုကို ဆွတ်ခူးရရှိခဲ့ပါတယ်။

Secret အဖွဲ့ဟာလည်း အခြားအဖွဲ့တွေနည်းတူ ပြည်ပဖျော်ဖြေပွဲတွေ ကျင်းပခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ Secret Time လို့ အမည်ပေးထားတဲ့ ပထမဆုံးဂျပန်ခရီးစဉ်နဲ့ ၂၀၁၃ ခုနှစ်မှာ Secret Live in SINGAPORE လို့ခေါ်တဲ့ စင်ကာပူခရီးစဉ် ဂီတဖျော်ဖြေပွဲတွေကို ကျင်းပခဲ့ပါတယ်။



## ဒရမ်မာဇာတ်ကားသစ်တွင် လီမင်ဟိုနှင့်အပြိုင် သရုပ်ဆောင်သွားမည့် တေးသံရှင် Shin

ဖြစ်ရပ်မှန်ဒဏ္ဍာရီအချစ်ဇာတ်လမ်းတစ်ပုဒ်ကို အခြေခံရိုက်ကူးမည့် ဒရမ်မာဇာတ်ကားသစ်တွင် လီမင်ဟိုနှင့်အတူ တေးသံရှင် Shin က အတူပူးပေါင်းပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားသစ်ကို ယခုလက်ရှိတွင် 'Legend of the Blue Sea" ဟု ယာယီအမည်ပေးထားပြီး ယင်းဇာတ်ကားတွင် လီမင်ဟိုက နှစ်ကိုယ်ခွဲဇာတ်ရုပ်ဖြင့် သရုပ်ဆောင်မည်ဖြစ်ကာ မင်းသမီး ဂျန်ဂျီဟွန်းကလည်း ရေသူမတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Cross Gene. အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သလို သရုပ်ဆောင်၊ မော်ဒယ်နှင့် တစ်ကိုယ်တော် ဂီတလှုပ်ရှားမှုများကိုပါ လှုပ်ရှားဆောင်ရွက်လျက်ရှိသူ တေးသံရှင် Shin အနေဖြင့် ယင်းဇာတ်ကားသစ်တွင် နာမည်ကြီး ဟက်ကာတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။


တေးသံရှင် Shin သည် ၂၀၁၁ ခုနှစ်ကစတင်ကာ သရုပ်ဆောင်လုပ်ငန်းဖြင့် အနုပညာလောကသို့ စတင်ခြေချဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ယခုနောက်ပိုင်းမှ ဂီတအဖွဲ့များနှင့်ပူးပေါင်းကာ ဂီတလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မျိုးစန္ဒာမောင် - စုစည်းသည်

## ဒီစီ၏လူစွမ်းကောင်းဇာတ်ကောင်များကို ပြန်လည်ပုံဖော်ထားသည့် Suicide Squad မြောက်အမေရိကတွင် ရုံဝင်ငွေအကောင်းဆုံးအဖြစ်ရပ်တည်

ဒီစီ၏လူစွမ်းကောင်းဇာတ်ကောင်များကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ပုံဖော်ထားသည့် Suicide Squad စူပါဟီးရိုး ဇာတ်ကားသစ်ကို ယခုလ ပထမပတ်အတွင်းက အမေရိကန်နိုင်ငံရှိ ရုပ်ရှင်ရုံများတွင် စတင်ရုံတင်ပြသခဲ့ရာ ယခုအချိန်တွင် မြောက်အမေရိကရုပ်ရှင်ရုံများ၌ ရုံဝင်ငွေအများဆုံးဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိကြောင်း Box Office Mojo.com ဝက်ဘ်ဆိုက်မှ ဩဂုတ် ၁၄ ရက်က ထုတ်ပြန်ခဲ့သည်။

မင်းသား ဝီလ်စမစ်သ်နှင့်အတူ Will Smith Margot Robbie Jay Hernandez , Adewale Akinnuoye-Agbaje, Scott Eastwood တို့က ခေါင်းဆောင်ပါဝင်ထားသည့် ယင်းဇာတ်ကားသည် ရက်သတ္တတစ်ပတ်ကျော်အတွင်း ရုံဝင်ငွေအမေရိကန်ဒေါ်လာ ၄၈ သန်းကျော်ဖြင့်လည်းကောင်း၊ Sausage Party အမည်ရှိ အန်နီမေးရှင်းဟာသဇာတ်ကားက ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၃၃ သန်းကျော်ဖြင့် ဒုတိယနေရာတွင် လည်းကောင်း၊ Pete's Dragon ဇာတ်ကားက ရုံဝင်ငွေ အမေရိကန် ဒေါ်လာ ၂၁ သန်းကျော်ဖြင့် တတိယနေရာတွင် ရပ်တည်ခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။




Suicide Squad စူပါဟီးရိုးဇာတ်ကားကို ဩဂုတ် ၁ ရက်က နယူးယောက်မြို့ရှိ Beacon Theatre တွင် စတင်ပြသခဲ့ပြီး ဩဂုတ် ၅ ရက်တွင် အမေရိကန်နိုင်ငံရှိ 2D, 3D and IMAX 3D ရုပ်ရှင်ရုံများ၌ စတင်ရုံတင်ပြသခဲ့သည်။



# ဂျာမန်စူပါဖလား ဘိုင်ယန်မြူးနစ်အသင်း ဆွတ်ခူး

ဂျာမန်စူပါဖလားပြိုင်ပွဲအဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့ ဩဂုတ် ၁၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက ဒေါ့မွန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါဆုဖလားရရှိခဲ့ခြင်းသည် ဘိုင်ယန်မြူးနစ်အသင်းနည်းပြသစ် အန်ဆယ်လော့တီ၏ ဘိုင်ယန်မြူးနစ်အသင်းအတွက် ပထမဆုံး ရယူဆွတ်ခူးပေးနိုင်ခဲ့သည့် ဆုဖလားအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့၏ ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် လီဝန်ဒိုစကီး၊ ရိဘာရီ၊ သောမက်မူလာ၊ အယ်လ်ကန်တာရာ၊ အလွန်ဆို၊ ဗီဒယ်၊ အယ်လ်လာဘာ၊ ဂျာဗီမာတီနက်ဇ်၊ ဟမ်မဲလ်၊ ဖိလစ်လမ်း စသည့်ကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး ဒေါ့မွန်အသင်းမှာမူ အော့ဘာမေယန်၊ အက်ဒရီယန်ရာမို့စ်၊ ရှင်ဂျီကာဂါဝါ၊ ဒမ်ဘီလီ၊ ကတ်စထရို၊ ဘာထရာ၊ ရှမယ်ဇာ၊ ဆီဘတ်စတီယန်ရိုဒီ စသည့်ကစားသမားများကို အားပြုကာ ပွဲထွက်လာခဲ့သည်။

ယင်းပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် ရရှိခဲ့သည့် သွင်းဂိုးများကို ပွဲကစားချိန် ၅၈ မိနစ်တွင် ဗီဒယ်ကလည်းကောင်း၊ ပွဲကစားချိန် ၇၉ မိနစ်တွင် သောမက်မူလာကလည်းကောင်း အသီးသီးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဂျာမန်စူပါဖလားပြိုင်ပွဲသမိုင်းကို ကြည့်မည်ဆိုပါက အအောင်မြင်ဆုံးအသင်းများအဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့က ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိပြီး ဆုဖလားငါးကြိမ်စီ ဆွတ်ခူးထားကြသည်။

တတိယမြောက်အအောင်မြင်ဆုံးအသင်းမှာ ဝါဒါဘရီမင်အသင်းဖြစ်ပြီး သုံးကြိမ်အထိ ဆုဖလားဆွတ်ခူးထားနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် နည်းပြဂွါဒီယိုလာ ကိုင်တွယ်ခဲ့သည့် ကာလအတွင်း ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ သုံးကြိမ်စလုံး ဆုဖလားနှင့်လွဲခဲ့ရပြီး ယခုအန်ဆယ်လော့တီ လက်ထက်ရောက်မှသာ ဂျာမန်စူပါဖလားကို ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**

## ၂၀၁၆ ရီယို အိုလံပစ်ပြိုင်ပွဲ ထိပ်ဆုံးနိုင်ငံ ၂၀ ၏ ဆုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၂၆ | ၂၁ | ၂၃ | ၇၀ |
| ၂ | ဗြိတိန်နှင့်မြောက်အိုင်ယာလန် | ၁၅ | ၁၆ | ၈ | ၃၉ |
| ၃ | တရုတ် | ၁၅ | ၁၄ | ၁၇ | ၄၆ |
| ၄ | ရုရှား | ၉ | ၁၁ | ၁၀ | ၃၀ |
| ၅ | ဂျာမနီ | ၈ | ၅ | ၄ | ၁၇ |
| ၆ | အီတလီ | ၇ | ၉ | ၆ | ၂၂ |
| ၇ | ပြင်သစ် | ၇ | ၈ | ၇ | ၂၂ |
| ၈ | ဂျပန် | ၇ | ၄ | ၁၅ | ၂၆ |
| ၉ | ဩစတြေးလျ | ၆ | ၇ | ၉ | ၂၂ |
| ၁၀ | တောင်ကိုရီးယား | ၆ | ၃ | ၅ | ၁၄ |
| ၁၁ | ဟန်ဂေရီ | ၅ | ၃ | ၄ | ၁၂ |
| ၁၂ | နယ်သာလန် | ၅ | ၂ | ၃ | ၁၀ |
| ၁၃ | စပိန် | ၃ | ၀ | ၂ | ၅ |
| ၁၄ | နယူးဇီလန် | ၂ | ၆ | ၀ | ၈ |
| ၁၅ | ကနေဒါ | ၂ | ၂ | ၉ | ၁၃ |
| ၁၆ | ကာဇက်စတန် | ၂ | ၂ | ၄ | ၈ |
| ၁၇ | ကိုလံဘီယာ | ၂ | ၂ | ၀ | ၄ |
| ၁၈ | ပိုလန် | ၂ | ၁ | ၂ | ၅ |
| ၁၉ | ဆွစ်ဇာလန် | ၂ | ၁ | ၂ | ၅ |
| ၂၀ | ဘယ်လ်ဂျီယံ | ၂ | ၁ | ၁ | ၄ |

မှတ်ချက် -

၁၅-၈-၂၀၁၆ရက် မြန်မာစံတော်ချိန် ည - ၁၁ နာရီ ရလဒ်များဖြစ်ပါသည်။

# စပိန်စူပါဖလားပထမအကျော့ ဘာစီလိုနာအနိုင်ရရှိ

စပိန်စူပါဖလားပြိုင်ပွဲ၏ ပထမအကျော့ပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် ဆီဗီလာအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်စူပါဖလားသည် ဥရောပ၏ အခြားသော စူပါဖလားပြိုင်ပွဲများနှင့်မတူဘဲ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမအကျော့တွင် ဆီဗီလာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာအသင်းက အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၅၄ မိနစ်တွင် ဆွာရတ်ဇ်က တစ်ဂိုးသွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၈၁ မိနစ်တွင် မူနာအီဟက်ဒါဒီက တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

စပိန်စူပါဖလားပြိုင်ပွဲ၏ ဒုတိယအကျော့ပွဲစဉ်ကို ဩဂုတ် ၁၇ ရက်တွင် ဘာစီလိုနာအသင်း၏ အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘောလုံးရာသီ၏ စပိန်လာလီဂါပွဲစဉ်များကို ဩဂုတ် ၁၉ ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဘာစီလိုနာအသင်းမှာ လာလီဂါအဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၂၀ ရက်တွင် ရီးယဲလ်ဘတ်တစ်အသင်းနှင့် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဘာစီလိုနာအသင်းသည် တစ်ပတ်အတွင်း သုံးပွဲကစားရမည်ဖြစ်၍ ပွဲပန်းလာနိုင်သော်လည်း လက်ရှိချန်ပီယံဖြစ်ခြင်းကြောင့် ရာသီအဖွင့်ပွဲစဉ်တွင် အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်သွားမည်ဟု နည်းပြ ဟင်နရီကေးက ပြောသည်။

တိုက်စစ်မှူးနေမာ အိုလံပစ်ပြိုင်ပွဲကြောင့် မပါဝင်နိုင်သော်လည်း မက်ဆီနှင့် ဆွာရတ်ဇ်တို့ ဘာစီလိုနာအသင်းနှင့်အတူ ပါဝင်လာနိုင်ခဲ့သည်။

**(ငွေကြယ်)**





# ကမ္ဘာ့အမြန်ဆုံးအပြေးသမား အူစိန်ဘို့ မီတာ ၁၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိ

၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ၏ မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ဂျမေကာနိုင်ငံသား ကမ္ဘာ့အမြန်ဆုံးအပြေးသမား အူစိန်ဘို့သည် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

အူစိန်ဘို့သည် မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ၉ ဒသမ ၈၁ စက္ကန့်ဖြင့် အမေရိကန်အပြေးသမား ဂျက်စတင်ဂတ်လင်ကို အနိုင်ရရှိကာ ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အိုလံပစ်ရွှေတံဆိပ်ဆုကို သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ အူစိန်ဘို့သည် ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲ၊ ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲတို့တွင်လည်း ရွှေတံဆိပ်ဆုဆွတ်ခူးထားခဲ့သည်။

**(ငွေကြယ်)**

# အာဟာရရက်သတ္တပတ် ဖွံ့ဖြိုးရေးလှုပ်ရှားမှု ဆောင်ရွက်




**ညောင်လေးပင် ဩဂုတ် ၁၅**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၁) ရပ်ကွက် စက်ရုံလမ်းရှိ အထက(ခွဲ) ကျောင်း၌ ဩဂုတ် ၁၅ ရက်က အာဟာရရက်သတ္တပတ်ဖွံ့ဖြိုးရေး လှုပ်ရှားဆောင်ရွက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဌ ဒေါ်နန်းရွှေနွယ်နှင့် အသင်းအမှုဆောင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် အထက(ခွဲ)ရှိ ကျောင်းသား ကျောင်းသူများအား အိမ်သုံးဆားများတွင် အိုင်အိုဒင်းပါဝင်မှု လက်တွေ့သရုပ်ပြစစ်ဆေးပေးခြင်း၊ သန်ချဆေးတိုက်ကျွေးပေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ကျောင်းသားများ ဉာဏ်ရည်တိုးတက်စေရန်နှင့် ကျန်းမာရေးဗဟုသုတများပြည့်စုံစေရန်အတွက် ဆဋ္ဌမတန်းကျောင်းသား ကျောင်းသူများအား အာဟာရဗဟုသုတနှင့် အထွေထွေဗဟုသုတဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပ၍ ဖြေဆိုနိုင်သော ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မော်လမြိုင်၌ (၁၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းစည်းဝေး ထပ်ဆင့်ရှင်းလင်း

**မော်လမြိုင် ဩဂုတ် ၁၅**
ပြည်ထောင်စု တရားလွှတ်တော်ချုပ် နေပြည်တော်၌ ဩဂုတ် ၄ ရက်မှ ၆ ရက်ထိကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ် တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် ပြည်ထောင်စုတရားသူကြီးချုပ်၏မှာကြားချက်နှင့် လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းဆွေးနွေးပြီး မွန်ပြည်နယ် တရားလွှတ်တော် တရားရေးဦးစီးမှူး ဦးဌေးဝင်း၊ မော်လမြိုင်ခရိုင်တရားသူကြီး ဦးကြင်သောင်းနှင့် သထုံခရိုင်တရားသူကြီး ဒေါ်ဖြူဖြူသွယ်တို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေးအခြေအနေနှင့် ရုံးလုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြပြီး ပြည်နယ်တရားလွှတ်တော်တရားရေးဦးစီးမှူးက ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(၃၀၇)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၅**
မူးယစ်တပ်ဖွဲ့စု(၃၈)မော်လမြိုင်မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၄ ရက်က မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် တောင်ဝိုင်းလေးရပ် ပဓာနိကာရုံကျောင်း မုခ်ဦးရှေ့တွင် ဆိုင်ကယ်မောင်းနှင်လာသူ အေးမင်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၆၀၀ သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁) မြသုခလက်ဖက်ရည်ဆိုင်အနီးတွင် ဆိုင်ကယ်မောင်းနှင်လာသူ အောင်သန်းဦးအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၃၆၀ နှင့် ဘိန်းဖြူ ၁ ဒသမ ၄၅ ဂရမ် သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂) (၁၂)လမ်းရှိ ဆန်းသစ်တည်းခိုခန်းရှေ့တွင် ရဲသူအောင် မောင်းနှင်ပြီး သက်ပိုင်ဖြိုး လိုက်ပါလာသည့် ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ပြား ထပ်မံသိမ်းဆည်းရမိသည်။

ထို့အတူ ဩဂုတ် ၁၃ ရက်က မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် လှိုင်မြစ်လမ်းအရှေ့ ပေါက်တောမီးပွိုင့်တွင် SUZUKI မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ မော်တော်ယာဉ်ပေါ်တွင် နိုင်ကြီးနှင့် အောင်ပြည့်စုံတို့ကိုတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၈၈၈ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



အောင်သန်းဦး၊ သက်ပိုင်ဖြိုးနှင့် ရဲသူအောင်တို့ကို သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ဆဒုံးမြို့၌ ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**ဆဒုံး ဩဂုတ် ၁၅**
ကချင်ပြည်နယ် ဆဒုံးမြို့နယ် ဆဒုံးရေတံခွန်တွင် ဩဂုတ် ၁၃ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က ဆဒုံးမြို့ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ရေတံခွန်ဂိတ်၌စောင့်ဆိုင်းနေစဉ် ကန်ပိုက်တီဘက်မှ ဝိုင်းမော်ဘက်သို့ မောင်းနှင်လာသည့် ဆိုင်လော်ကျေးရွာနေ မောင်ယော်ဘော်(၂၀)နှစ်နှင့် မဇယ်ဒန် (၁၉)နှစ်တို့ မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မဇယ်ဒန်ကိုင်ဆောင်ထားသော ကျောပိုးအိတ်အတွင်းမှ ဘိန်းစိမ်းဟုယူဆရသော အမည်းရောင်အစေး အလေးချိန် ၃၂၆၀ ဂရမ်ပါ တစ်ထုပ်နှင့် အလေးချိန် ၁၆၃၀ ဂရမ်ပါတစ်ထုပ် စုစုပေါင်း ၄၈၉၀ ဂရမ်ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ဆဒုံးရဲစခန်းမှ(ပ)အမှတ်၊ ပုဒ်မ ယာဉ်(ပ) ၁၂/၂၀၁၆၊ မူး/စိတ်ပုဒ်မ-၁၅/၁၉(က)၂၁ အရ အမှုဖွင့်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

# လောင်းကစားမှုပြုလုပ်နေသူများအား ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၅**
ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်သက်ခိုင်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ ဩဂုတ် ၁၄ ရက် နံနက် ၁ နာရီခန့်တွင် လှိုင်သာယာမြို့ (၆)ရပ်ကွက် ပီမိုးနင်းလမ်းရှိ ကြာပန်းဟိုတယ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေစဉ် မခင်သူဇာ(၂၁)နှစ်နှင့် လုပ်ငန်းဗီဇာဖြင့်တည်းခိုနေသူ လျှူဝီကောင်း(၃၈)နှစ်ပါဝင်သော တရုတ်နိုင်ငံသား လေးဦးတို့အား မာကျောက်လောင်းကစားရာတွင်အသုံးပြုသော ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၁၀၇၂၅၀ တို့နှင့်အတူဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ လေးဦးအား လှိုင်သာယာမြို့မရဲစခန်းက (ပ)၁၇၃၂/၂၀၁၆၊ လောင်းကစားဥပဒေပုဒ်မ ၁၃(က)/၁၄(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



# မြေဩဇာအိတ်များ တင်ဆောင်လာသော ၂၂ ဘီးယာဉ် တိမ်းမှောက်

**ကညွတ်ကွင်း ဩဂုတ် ၁၅**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ ၂၂ ဘီးတွဲယာဉ်တစ်စီးသည် ဩဂုတ် ၁၅ ရက် နံနက် ၄ နာရီခန့်က ကညွတ်ကွင်းမြို့၏ မြောက်ဘက် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၁၃၃/၂)အနီးတွင် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မြေဩဇာအိတ်များ တင်ဆောင်၍ မန္တလေးဘက်သို့ ယာဉ်မောင်းထွန်းထွန်းနိုင် မောင်းနှင်လာသည့် ယာဉ်အမှတ် 7C/--- နောက်တွဲ ၂၂ ဘီးယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်ကာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

"မနက် ၄ နာရီဝန်းကျင်ပဲ ဝုန်းဆိုတဲ့ အသံကြီးကြားရတော့ ထွက်ကြည့်တယ်။ ကားက လမ်းမပေါ်မှာ ပက်လက်ကြီးဖြစ်နေပြီ။ ဟိုဘက်ကတည်းက လမ်းဘေးကိုငိုက်ပြီး ဆွဲချလာတာဖြစ်မယ်"ဟု ယင်းနေရာအနီးတွင် နေထိုင်သူတစ်ဦးက ပြောကြားခဲ့ပြီး ဖြစ်စဉ်ကို ကညွတ်ကွင်းနယ်မြေရဲစခန်းက ယာဉ် (ပ)၇/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၂၇၉ အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**စက်ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် ပညာရေးကောလိပ်များတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-
(တင်သွင်းသည့်ဈေးနှုန်းတွင် ရောင်းချသူမှ ရောင်းချရငွေအတွက် ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းရမည့် ကုန်သွယ်လုပ်ငန်းခွန် ၅ %အား ထည့်သွင်းတွက်ချက်ပြီးသား အဆိုပြုဈေးနှုန်းဖြစ်ရမည်။)
(က) စက်ပစ္စည်းများ
(ခ) ရုံးသုံးစက်ပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၇-၈-၂၀၁၆ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၆-၈-၂၀၁၆ ရက်၊ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၃၉၈၊ ၀၆၇-၄၀၇၆၅၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊**
**ရုံးအမှတ်(၁၃)၊ နေပြည်တော်**



## မိုင်းပျဉ်းမြို့၌ မိုးရွာသွန်းမှုကြောင့် နှစ်ထပ်အိမ်တစ်လုံး ပြိုကျပျက်စီး



**မိုင်းပျဉ်း ဩဂုတ် ၁၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့ ပိန်းဆန်းရပ်ကွက်တွင် ဩဂုတ် ၁၂ ရက်က မိုးရွာသွန်းမှုကြောင့် နှစ်ထပ်နေအိမ်တစ်လုံး၏ ညာဘက်အခြမ်း နံရံပြိုကျပျက်စီးခဲ့ရာ ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

အဆိုပါ ပျက်စီးခဲ့သည့်နေအိမ်သို့ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပစ္စည်းများ ပြောင်းရွှေ့ပေးခြင်း၊ ယာယီပြောင်းရွှေ့နေနိုင်ရန် မိုးကာတဲဆောက်လုပ်ပေးခြင်းနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ပြိုကျပျက်စီးခဲ့သည့် အဆိုပါနေအိမ်မှာ လွန်ခဲ့သောနှစ်ပေါင်းများ ၅၀ ခန့်က အုတ်စိမ်းများဖြင့်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ပြည်ပနိုင်ငံများသို့သွားရောက်ရန် မြို့နယ်အဆင့် ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆို

**လောင်းလုံး ဩဂုတ် ၁၅**
ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်ပညာရေးမှူးရုံးမှ ကြီးကြပ်ပြုလုပ်သော မြို့နယ်အတွင်း အခြေခံပညာရေးဦးစီးဌာနအောက်ရှိ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ထူးချွန် ဆရာ၊ ဆရာမများကို ပြည်ပနိုင်ငံများသို့စေလွှတ်ရန်အတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ဆရာ၊ ဆရာမများရွေးချယ်ရန် မြို့နယ်အဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်နိုင်ရန် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီတွင် အခြေခံပညာအထက်တန်းကျောင်း လောင်းလုံးစာစစ်ဌာန၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဝင်ခွင့်စာမေးပွဲသည် အစည်းအဝေး၊ ဆွေးနွေးပွဲ၊ သင်တန်း၊ လေ့လာရေး ပညာသင်ဆုယဉ်ကျေးမှုဖလှယ်ပွဲစသည့် အကြောင်းအရာများဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်ကြရန် ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုကြခြင်းဖြစ်သည်။

ဖြေဆိုသူစာရင်းရှိ ၃၂ ဦးရှိပြီး ဖြေဆိုသူ ၁၆ ဦး ပျက်ကွက်သူ ၁၆ ဦးရှိကာ နံနက် ၉ နာရီမှ ၁၀ နာရီအထိ အင်္ဂလိပ်စာ၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ သက်ဆိုင်ရာအဓိက ဘာသာရပ်၊ အထွေထွေဘာသာရပ်များဖြေဆိုကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

## ရီခေါဒါရ်မြို့၌အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏စီစဉ်ဦးဆောင်မှုဖြင့် လူထုအသိပညာပေး ဟောပြောပွဲပြုလုပ်

**ရီခေါဒါရ် ဩဂုတ် ၁၅**
ချင်းပြည်နယ် ရီခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများနှင့် ပြည်သူလူထုများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဌာနနှင့်ပြည်သူများ ချိတ်ဆက် ဆက်သွယ်ပူးပေါင်းရာ၌ အပြန်အလှန်အားကိုးယုံကြည်မှုနှင့် တက်ညီလက်ညီလက်တွဲပြီး ဥပဒေနှင့် လုပ်ထုံးလုပ်နည်းအတိုင်း ပူးပေါင်းဆောင်ရွက်နိုင်စေရေး ရည်ရွယ်ချက်ဖြင့် လူထုအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်းက အဖွင့်အမှာစကားပြောကြားပြီး တိုက်နယ်ဆေးရုံတာဝန်ခံ ဒေါက်တာစိုးသီဟက ကွမ်းစားသုံးခြင်း အန္တရာယ်နှင့် ဆိုးကျိုးများ၊ ကွမ်းစားသုံးမှုလျော့နည်းရေးနှင့် ကျန်းမာရေးအတွက် ထိခိုက်မှုဆိုင်ရာများအကြောင်း၊ အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ပညာရေးအဆင့်မြှင့်တင်မှုအကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစခန်းမှ ဒုတိယရဲအုပ်ခိုင်ဝင်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် တားဆီးကာကွယ်နှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယလက်ထောက်ဦးစီးမှူး ဦးဇလောမ်ဇွာလ်လာက နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးမှု၊ အိမ်ထောင်စုစာရင်းကိစ္စနှင့် အခြား လ-ဝ-က လုပ်ငန်းများအကြောင်းကို အသီးသီးဆွေးနွေးဟောပြောကြပြီးနောက် ဆွေးနွေးမှုများအပေါ် ပြည်သူလူထုများက သိရှိလိုသည်များမေးမြန်းရာ သက်ဆိုင်ရာများက ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့သည်။

ယင်းနောက် မြို့အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်စကားပြောကြားရာတွင် ယခုလိုပြည်သူများနှင့်ထိတွေ့ ဆက်ဆံရေးနှင့် အသိပညာပေးရေးလုပ်ငန်းစီစဉ်ဆောင်ရွက်ခြင်းသည် ဌာနဆိုင်ရာများနှင့်ပြည်သူများအကြား ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိလာစေရေး၊ ဌာနဆိုင်ရာများ၏ လုပ်ထုံးလုပ်နည်း ဥပဒေများအား ပြည်သူများက သိရှိနားလည်စေရေး၊ ပြည်သူများ၏ အခက်အခဲများတင်ပြဆွေးနွေး ဖြေရှင်းပေးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပြည်သူများ လက်တွဲညီစွာ ဥပဒေဘောင်အတွင်း ပူးပေါင်းဆောင်ရွက်နိုင်စေရေးအတွက် လူထုအသိပညာပေးခြင်းလုပ်ငန်းကို စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ယခုဟောပြောပွဲတွင် ဌာနဆိုင်ရာများကသာ ဆွေးနွေးဟောပြောခြင်းမပြုဘဲ ပြည်သူများဘက်ကလည်း လွတ်လွတ်လပ်လပ်ဖြင့် အပြုသဘောဆောင် ဆွေးနွေးပေးခြင်းကြောင့် ရရှိလာသည့်အဖြေ (Result) ကို ဒေသအကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားတွင် ရပ်ကွက်ပြည်သူ ၁၅၀ ဦးခန့် တက်ရောက်ကြကာ ယခုကဲ့သို့ လူထုအသိပညာပေးခြင်းကို အခြားသောရပ်ကွက်/ကျေးရွာများတွင်လည်းအခါအားလျော်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

## ကျောက်ပန်းတောင်းမြို့နယ်တွင် နှမ်းသီးနှံများ နုတ်သိမ်းလျက်ရှိပြီး မိုးဆွေရက်ကြာမြင့်ခဲ့မှုနှင့် ပျပိုးကျမှုတို့ကြောင့် ယမန်နှစ်ထက် နှမ်းအထွက်နှုန်း အနည်းငယ်ကျဆင်းနိုင်



**ကျောက်ပန်းတောင်း ဩဂုတ် ၁၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပြီးခဲ့သည့် ကဆုန်လအတွင်း စိုက်ပျိုးခဲ့ကြသည့် မိုးနှမ်းများကို ယခုအခါ နုတ်သိမ်းနေကြပြီဖြစ်ပြီး နှမ်းအနက်မျိုးမှာ အတော်အသင့်ရရှိကြမည်ဖြစ်သော်လည်း နှမ်းဖြူမျိုးမှာမူ တောင်သူတော်တော်များများ ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

"နှမ်းတွေက မညီဘူးဗျ။ စိုက်တာကတော့ နှမ်းအနက်တွေချည်းပဲ။ ဒါပေမဲ့ ဟိုဘက်အခင်းက ခုမနက်နုတ်ပြီးတာပဲ။ အပင်လည်းသန်တယ်။ အသီးလည်းပါတယ်။ ပိုးလဲလွတ်တယ်ဗျ။ အခုဒီအခင်းကတော့ အပင်ပုပြီး ပိုးကျထားတော့ ရိုးမဲတွေဆွေးနေပြီ။ နှမ်းအဆန်သိပ်မပါလောက်ဘူး။ စိုက်ထားတော့ နှစ်ဧကနဲ့တစ်မတ်လောက်ရှိမှာပေ့ါ။ မိုးဆွေရက်ကြာသွားလို့ ရိုးမဲတွေလိုက်ပြီး အသီးဖျင်းသွားတာ။ အစေ့အဆန်ပေါ်ချိန်ကျ ဈေးနှုန်းကလည်းကျသွားပါပြီ။ တောင်သူတွေက အလုပ်သမားလောက်တောင် တွက်ခြေမကိုက်တော့ဘူးဗျ။ ဒီအခင်းကို ပေါင်းနှစ်ခါနုတ်ရတယ်။ တစ်သိန်းခွဲလောက်ကုန်တယ်။ ပိုးကျလို့ဆေးဖျန်းရတယ်။ ဆေးဖိုးက ငါးသောင်းလောက်ကုန်တယ်။ မျိုးစေ့မျိုးဆန်ဖိုးနဲ့ ။ ကိုယ့်သီးနှံပြန်ရောင်းမယ်ဆိုတော့ ဈေးကမရှိတော့ဘူး" ဟု လယ်ယားတောင်ကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးမာရင်က ပြောပါသည်။

နှမ်းသီးနှံမှာ မိုးရက်ရှည်ဆွေရွာခြင်း၊ မိုးအုံ့မှိုင်းခြင်းများကို မကြိုက်ကြောင်းသိရပြီး မိုးရက်ရှည်ရွာပါက ပင်စည်များဝါလာပြီး အပင်လဲလိုက်လာကြောင်းနှင့် မိုးဆွေ၍ အုံ့ဆိုင်းမှုရက်ကြာရှည်သည့်အခြေအနေမျိုးတွင် ပျပိုးများကျရောက်၍ မိုးအုံ့မှိုင်းမှုရက်ရှည်လေ ပိုးပေါက်ပွားမှုနှုန်းမြန်ဆန်လေဖြစ်ကြောင်းသိရပြီး ပျပိုးမဲများကပ်တွယ်၍ အရွက်များကို လိပ်ကပ်သွားစေပြီး အပင်ဖွံ့ထွားမှုနှင့် အသီးသီးနှုန်းများကို ကျဆင်းစေသည်။ ၎င်းပျပိုးစွဲကပ်ခြင်းကို ဒေသခံတောင်သူများက ရိုးမဲစွဲသည်ဟုခေါ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် တောင်သူများမှာ နှမ်းသီးနှံတစ်မျိုးတည်းကိုသာ အားထားစိုက်ပျိုးကြသည်များရှိသလို များသောအားဖြင့် ပဲစင်းငုံသီးနှံနှင့် သီးညှပ်စိုက်ပျိုးကြသည်ကို တွေ့ရသည်။ မိုးနှမ်းစိုက်ဧကမှာ တစ်မြို့နယ်လုံးတွင် စုစုပေါင်းဧက ၁၅၀၃၉၀ စိုက်ပျိုးထားရှိသော်လည်း မြို့နယ်အတွင်း မိုးဆွေရက်များခြင်း၊ မိုးအုံ့မှိုင်းမှုရက်ရှည်ခဲ့ခြင်းတို့ကြောင့် အချို့နေရာများတွင် ပျပိုးကျရောက်မှုဖြစ်ကာ နှမ်းအထွက်နှုန်းညီမျှမှုမရှိဘဲ ယမန်နှစ်ကထက် အထွက်နှုန်းကျဆင်းနိုင်ကြောင်း သိရသည်။

ယမန်နှစ်က မြို့နယ်အတွင်း နှမ်းအဖြူကို အားထားစိုက်ပျိုးခဲ့ကြသော်လည်း ယခုနှစ်တွင်မူ ရာသီဥတုဒဏ်ခံနိုင်မှုနှင့် ဈေးကောင်းရရှိမှုတို့ကြောင့် နှမ်းအအနက်မျိုးများကိုပါ အားထားစိုက်ပျိုးလာကြသည်။ ယခုသီးနှံပေါ်စပြုချိန်တွင် နှမ်းဖြူတစ်တင်းမှာ ၂၉၀၀၀ ဈေးဖြစ်ပြီး နှမ်းအနက်မှာ ၄၅၀၀၀ ဝန်းကျင်ဈေးရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## လယ်ဝေးမြို့တွင် တိုင်းရင်းဆေးအသိပညာပေး ဟောပြောကာ အခမဲ့ကွင်းဆင်းကုသ

**လယ်ဝေး ဩဂုတ် ၁၅**
ကျေးလက်နေပြည်သူများ မိမိတို့ပတ်ဝန်းကျင်ရှိ ဆေးဖက်ဝင်အပင်များနှင့် အသီးအနှံများ၊ အစားအသောက်များအားရွေးချယ်၍ အန္တရာယ်ကင်းစွာ စားသုံးတတ်စေရန်၊ နေ့စဉ်နံနက်အိပ်ရာထချိန်မှ ညအိပ်ယာဝင်ချိန်အထိလိုက်နာဆောင်ရွက်သင့်သော ငွေကြေးကုန်ကျမှုမရှိသည့် ကျန်းမာစေမည့် အလေ့အကျင့်ကောင်းများအား သိရှိစေရန်နှင့်အရေးကြုံလာပါက အလွယ်တကူအသုံးချနိုင်စေရန်ရည်ရွယ်၍ လယ်ဝေးမြို့နယ်တိုင်းရင်းဆေးကုဦးစီးဌာနမှ ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက ကူသပိတ်ကျေးရွာအုပ်စု သာစည်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် တိုင်းရင်းဆေးဖြင့်အခမဲ့ကုသခြင်းနှင့်အသိပညာပေးဟောပြောခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ နေပြည်တော်တိုင်းရင်းဆေးဌာနမှူး ဦးစိုးမြင့်က ဆေးဖက်ဝင်အပင်များနှင့် နေ့စဉ်လိုက်နာဆောင်ရွက်သင့်သည့် ကျန်းမာရေးအလေ့အကျင့်ကောင်းများကို ဟောပြောခဲ့သည်။

ယင်းနောက် နေပြည်တော်တိုင်းရင်းဆေးဒုဌာနမှူးဦးထွေးမောင်၊ မြို့နယ်တိုင်းရင်းဆေးဌာနမှူး ဒေါ်အေးအေးနှင့် ဝန်ထမ်းများက သာစည်ကျေးရွာနေပြည်သူ ၁၁၆ ဦးအား တိုင်းရင်းဆေးဖြင့်အခမဲ့ကုသပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ကော်မတီဝင်များ၊ ဒေသခံများနှင့် တင်ဒါအောင်သောကုမ္ပဏီများ တွေ့ဆုံ

**မိုင်းတုံ ဩဂုတ် ၁၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်၊ ဖာချယ် (မြစိမ်းရောင်စီမံကိန်း) ကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇နှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းစတင်လည်ပတ်မည့် ကျေးရွာကော်မတီဝင်များနှင့် တင်ဒါအောင်သောကုမ္ပဏီများ တွေ့ဆုံရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက မိုင်းတုံမြို့နယ်၊ ဖာချယ်ကျေးရွာစာသင်ကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးအောင်လွင်က အမှာစကားပြောကြားရာ တင်ဒါအောင်သော Power up ကုမ္ပဏီနှင့် ပူးပေါင်း၍ ကျေးလက်လမ်း၊ တံတား၊ ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ချေးငွေလျှောက်လွှာများကို လုပ်ငန်းအမျိုးအစားအလိုက် စနစ်တကျ ထုတ်ချေးပေးနိုင်ရေးနှင့် စီမံကိန်းဆောင်ရွက်မှုများအားနည်းပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးလက်မြို့နယ်ဦးစီးမှူး ဦးစိုင်းဝုန်းကျော်မှ မြစိမ်းရောင်ကျေးရွာ (၅) ရွာမှ ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များအား မြစိမ်းရောင်စီမံကိန်းအကြောင်းနှင့် ငွေစာရင်းထိန်းသိမ်းမှုနည်းလမ်းများ၊ ချေးငွေလုပ်ငန်းကိစ္စများအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာကော်မတီဝင်များမှ သိလိုသည့်မေးမြန်းသည်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

ဩဂုတ် ၁၆၊ ၂၀၁၆

# ကျောက်ပန်းတောင်းမြို့ သီတာရေစင် လမ်း အန္တရာယ်ရှိလမ်းပေါက်အား ဖာထေးပြုပြင်ပေးစေချင်

**ကျောက်ပန်းတောင်း ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မကွက်သစ်ရပ်ကွက် သီတာရေစင်လမ်း (နီလာအေးဆေးဆိုင်လမ်း) ပေါ်ရှိ ကားလမ်းပေါက်ကြီးမှာ ကာလကြာမြင့်နေသည့်တိုင် ပြုပြင်ခြင်းမရှိဘဲ မော်တော်ယာဉ်ငယ်များနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူများအတွက် အန္တရာယ်ရှိနေသဖြင့် အမြန်ဆုံး ပြုပြင်ပေးရန် ရပ်ကွက်နေပြည်သူများက ဆန္ဒရှိနေကြကြောင်း သိရသည်။

"ဒီလမ်းက အရင်တစ်ခါလည်း ပေါက်လို့ဖာပြီးပြီဗျ။ ဒါပေမဲ့ ဖာတာက သံချောင်းတွေ ဘာတွေနဲ့မခံဘဲ အပေါ်ယံတင် ဖာသွားလို့လားမသိဘူး။ သိပ်ပြီး တာရှည်မခံလိုက်ဘူး။ အဲဒီနေရာမှာ အဲဒီအပေါက်ပဲပြန်ဖြစ်တာ။ လမ်းသွား လမ်းလာတွေ အန္တရာယ်ရှိတဲ့အတွက် အမြန်ဆုံးပြန်ပြီး ခိုင်ခိုင်မာမာဖြစ်အောင် ပြုပြင်စေချင်တာပဲ။ လမ်းထိပ်လည်းဖြစ်နေတော့ ဆိုင်ကယ်တွေ ကားတွေ ကွေ့တက်လာပြီး အရှောင်မှာ တော်တော်သတိထားကြရတယ်ဗျ" ဟု မြို့မကွက်သစ်ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါကားလမ်းပေါက်မှာ ရန်ကုန်-ပြည်-မန္တလေးလမ်းမကြီးမှခွဲ၍ ရပ်ကွက်အတွင်းဝင်သည့် လမ်းသွယ် (သီတာရေစင်လမ်း)ထိပ်တွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး အချင်းဝက်တစ်ပေခွဲကျော်ရှိ၍ အနက်မှာ ၄ ပေခန့်ရှိကြောင်းသိရသည်။

အဆိုပါလမ်းပေါက်အား ပြုပြင်ပေးရန်တင်ပြထားသော်လည်း ယနေ့အထိ လာရောက်ပြုပြင်ခြင်းမရှိသဖြင့် နီးစပ်ရာအိမ်များမှ လမ်းသွားလမ်းလာများ အန္တရာယ်မဖြစ်စေရန်အတွက် တုတ်များ၊ အိပ်များခံ၍ ခဲများဖြင့် ယာယီပိတ်ဆို့ထားရကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# လယ်ဝေးမြို့နယ်၌ သံပေါင်သစ်သားတံတား ရေစီးနောက်မျောပါ



**လယ်ဝေး ဩဂုတ် ၁၅**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဥသျှစ်လှိုင်းကျေးရွာအုပ်စု ဥသျှစ်လှိုင်းကျေးရွာနှင့် ရွာသစ်-ရွာမ ဆက်သွယ်ထားသော မေတ္တာပေါင်းကူးတံတားသည် ဩဂုတ် ၁၂ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ပလွေးချောင်းရေစီးဆင်းမှုကြောင့် ည ၈ နာရီတွင် တံတားသံပေါင်များပြုတ်ထွက်ကာ အရှည်ပေ ၅၀ ခန့် ပျက်စီးသွားခဲ့သည်။

အဆိုပါတံတားသည် အရှည်ပေ ၂၈၀ ပေ၊ အကျယ် ၄ ပေ၊ သံပေါင်သစ်သားတံတားဖြစ်ပြီး ကျေးရွာနေပြည်သူများ ကိုယ့်အားကိုယ်ကိုးဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ၏ ထောက်ပံ့ငွေထဲမှ ကျပ်သိန်း ၂၀ ဖြင့် ပြန်လည်ပြုပြင်ခဲ့သော တံတားဖြစ်ကြောင်းနှင့် ရွာသစ်ကျေးရွာရှိ အိမ်ခြေ ၁၁၀၊ လူဦးရေ ၂၀၀ ခန့်၊ ရွာမကျေးရွာရှိ အိမ်ခြေ ၃၆၀၊ လူဦးရေ ၉၀၀ နှင့် ကျောင်းသား၊ ကျောင်းသူများ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသော တံတားတစ်စင်းဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

ယခုအခါ ကျေးရွာချင်းဆက်သွယ်ထားသော မေတ္တာပေါင်းကူး သံပေါင်သစ်သားတံတားမှ ပြုတ်ပါသွားသောသံပေါင်များအား ကျေးရွာသူ၊ ကျေးရွာသားများက ရှာဖွေ၍ ကျွဲနွားများဖြင့် ချောင်းအတွင်းမှ ဆယ်ယူလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အလှူငွေနှင့် အစားအသောက်များ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ထံသို့ လှူဒါန်း



**အောင်လံ ဩဂုတ် ၁၅**

အောင်လံမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့(ပင်မကယ်ဆယ်ရေးစခန်း) သို့ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများမှ အလှူငွေများနှင့် အစားအသောက်များအသုံးအဆောင်ပစ္စည်းများကို လာရောက်လှူဒါန်းလျက်ရှိသည်။

ယင်းသို့လာရောက်လှူဒါန်းရာ ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက မြစ်ရေတွင်မျောပါသွားသော နေအိမ်ခြောက်လုံးအတွက် တစ်အိမ်လျှင် ၉၀၈၃၃ ကျပ်နှုန်းဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တစ်အိမ်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းနှင့် ခြင်ထောင်၊ ဒန်အိုး ကျားလုံးခြည်၊ မလုံးခြည်၊ မျက်နှာသုတ်ပဝါ၊ တီရှပ်၊ ဇလုံ၊ ကာဘော်လစ်ဆပ်ပြာ တစ်ခုစီကိုလည်းကောင်း၊ ဧရာဝတီဖောင်ဒေးရှင်း၊ Max Myanmar Holding နှင့် ဧရာဝတီဘဏ်မိသားစုမှ ဆန်အိတ် ၆၀၊ ဆီ ၁၂၀ ပိဿာကိုလည်းကောင်း၊ ရေနံချောင်းမြို့နယ် ပင်းဝရွာ ဆရာတော်ဦးပညာစာရ ဦးဆောင်သော ဖြူစင်မေတ္တာအခမဲ့ဆေးကုသရေးအဖွဲ့မှ အချိုရည် ၃၃၆ ဘူး၊ ဘီစကစ် ၂၅၀ ထုပ်၊ တစ်လီတာသောက်ရေသန့် ၁၅၆၀ ဘူး ခေါက်ဆွဲခြောက် ၂၇၀၀ ထုပ်နှင့် ဆေးကုသခြင်းလုပ်ငန်းများကိုလည်းကောင်း လှူဒါန်းခဲ့ကြသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းမိသားစုက ငွေကျပ် ၂၇၂၀၀၀၊ မြို့နယ်စာရင်းရုံးမိသားစုက ကျပ် ၂၀၀၀၀၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မိသားစုက ကျပ် ၁၀၀၀၀၊ ရွှေထူးမင်းကုမ္ပဏီ(ရန်ကုန်)က ဆန်အိတ် ၅၀၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမိသားစုက ငွေကျပ် ၇၀၀၀၀ ကျပ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မိသားစုက ငွေကျပ် ၂၀၀၀၀၀၊ ကျောက်စွယ်ကျိုးကျေးရွာသူ၊ ကျေးရွာသားများက ငွေကျပ် ၇၀၀၀၀ တို့အား လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# ရေဘေးရှောင်ပြည်သူများပံ့ပိုးနိုင်ရေး ရန်ပုံငွေဂီတပွဲတော် မန္တလေးအမျိုးသားကဇာတ်ရုံတွင် ကျင်းပ

**မန္တလေး ဩဂုတ် ၁၅**

မန္တလေးဒေသတစ်ဝိုက်ရှိ ရေဘေးရှောင်ပြည်သူများ ကူညီပံ့ပိုးနိုင်ရေးအတွက် ကျင်းပသော ရန်ပုံငွေဂီတပွဲတော်ကို ဩဂုတ် ၁၃ ရက် ည ၇ နာရီခွဲက မန္တလေး အောင်မြေသာစံမြို့နယ် ၆၆ လမ်း၊ လမ်း ၂၀ နှင့် ၂၁ လမ်းကြားရှိ အမျိုးသားကဇာတ်ရုံ၌ ပြုလုပ်ခဲ့သည်။

ရန်ပုံငွေတေးဂီတဖျော်ဖြေရေးတွင် မန္တလေးဂီတအစည်းအရုံး မန္တလေးဂီတမောင်နှမများပရဟိတအသင်းမှ အဖွင့်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး နိုင်ငံကျော်အဆိုတော်များဖြစ်ကြသော ဂျေမောင်မောင်၊ စည်သူလွင်၊ ဖိုးကာ၊ ဟဲလေး၊ စိုးထက်၊ ယုန်လေး၊ အောင်ထက်၊ Lဆိုင်းဇီ၊ အိမ့်ချစ်၊ နန်းဆုရတီစိုး၊ ဆုပြည့်မှူးဝေ၊ ဆူဇီ၊ လိမ္မော်သီးတို့မှ ဖျော်ဖြေတင်ဆက်ကြသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှု မန္တလေးဂီတအစည်းအရုံး၏စီစဉ်မှု မန္တလေးဂီတအဖွဲ့များ၏စုစည်းမှုဖြင့် ကျင်းပသော အဆိုပါရန်ပုံငွေဂီတပွဲတော်တွင် လက်မှတ်ရောင်းရငွေနှင့် စေတနာရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းသိန်း ၂၀၀ အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**(၀၀၂)**

# ဟိုပန်မြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်

**ဟိုပန် ဩဂုတ် ၁၅**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီက တပ်မတော်သား ၅၀ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၅၀ ဦး၊ ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်းအင်အား ၂၀၀ ကျော်သည် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းအပြင်၊ မြို့တော်ခန်းမ၊ ဧည့်ရိပ်သာတို့တွင် အမှိုက်သရိုက်များ၊ သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါအကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်းကို တိုင်းဦးစီးအဖွဲ့အတွင်းရေးမှူး ဦးကြည်မြင့်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်ကျော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသီဟန်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စီပီပြောင်းစိုက်တောင်သူများအောင်မြင်ဖြစ်ထွန်း၍အထွက်တိုးနိုင်

**ကျွန်းလှ ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် စပါး၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ပဲစင်းငုံနှင့် ပြောင်းသီးနှံတို့ကို စိုက်ပျိုးကြပြီး စီပီပြောင်းကို သီးညှပ်အဖြစ်စိုက်ပျိုးကြရသည်။

ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အရှေ့ခြမ်းနှင့် အနောက်ခြမ်းကျေးရွာများရှိ လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်ပြီး ယခုနှစ်တွင် ယာသီးနှံဖြစ်သည့် ပြောင်း၊ မိုးမြေပဲ၊ ပဲစင်းငုံသီးနှံများ အထွက်ကောင်းနိုင်ကြောင်း သိရသည်။

"စီပီပြောင်းကို နယုန်လဆန်းပိုင်းမှာ စတင်စိုက်ပျိုးကြပြီး မျိုးတစ်အိတ်ကို ပြောင်းပေါ်ချိန် အဆန်လေးတင်းပေးရပါတယ်။ တစ်ဧကလျှင် ထွန်ယက်ခ၊ မျိုးဖိုး၊ မြေဩဇာဖိုးနှင့် အလုပ်သမားခ ငွေကျပ်တစ်သိန်းခန့် ကုန်ကျပါတယ်။ ယခင်နှစ်က အထွက်နှုန်းမကောင်းခဲ့သော်လည်း ဒီနှစ် တစ်ဧကတင်း ၆၀ မှ ၇၀ အထိထွက်နိုင်ပါတယ်" ဟု ပြောင်းစိုက်တောင်သူတစ်ဦးက ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အဖြူရောင်လက်များအဖွဲ့မှ မီးသင်္ဂြိုဟ်စက် တည်ဆောက်

**ပွင့်ဖြူ ဩဂုတ် ၁၅**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အဖြူရောင်လက်များ ပရဟိတလူမှုကူညီရေးအသင်းတို့၏ ဦးဆောင်မှုဖြင့် ပွင့်ဖြူမြို့မသုသာန်တွင် မီးသင်္ဂြိုဟ်စက်တည်ဆောက်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိသည်။

မီးသင်္ဂြိုဟ်စက်တည်ဆောက်ခြင်းလုပ်ငန်းအတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၏ ကူညီထောက်ပံ့ငွေကျပ် ၁၅၀ သိန်းနှင့် မြို့နယ်အတွင်းရှိ စေတနာရှင်အလှူရှင်များ ထည့်ဝင်လှူဒါန်းငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အဖြူရောင်လက်များ ပရဟိတလူမှုကူညီရေးအသင်းတို့မှ ဦးဆောင်ကြီးကြပ်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**



# ဒါးကမြစ်ရေလှည့်လည်ဝင်ရောက်မှုကြောင့် ငါးသိုင်းချောင်းမြို့အတွင်း မြေနိမ့်ပိုင်းရပ်ကွက် အချို့ရှိ လမ်းပိုင်းများနှင့် လူနေအိမ်များသို့ ရေဝင်နစ်မြုပ်

**ငါးသိုင်းချောင်း ဩဂုတ် ၁၅**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဝေန်မြစ်ရေသည် ဩဂုတ် ၁၄ ရက် နံနက် ၆ နာရီတိုင်းထွာချက်အရ ၂၉ ဒသမ ပေ ၃၀၊ စိုးရိမ်ရေအမှတ်အထက် ၂ ပေနှင့် သုည ဒသမ ၃၀ လက်မ ကျော်လွန်လျက်ရှိပြီး မြစ်ရေဆက်လက် ကျဆင်းလျက်ရှိသော်လည်း ဒါးကမြစ်ဘက်မှ လှည့်လည် ဝင်ရောက်လာသော မြစ်ရေများ တိုးလာသဖြင့် ငါးသိုင်း ချောင်းမြို့အတွင်း မြေနိမ့်ပိုင်းရပ်ကွက်များရှိ လမ်းပိုင်း အချို့နှင့် လူနေအိမ်ခြေများတွင် ရေဝင်နစ်မြုပ်လျက်ရှိ ကြောင်း သိရသည်။

မြို့ပေါ်ရှိ မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သော ရွှေဘိုရပ် ကွက် လမ်းမတော်တာလေးလမ်းပိုင်း၊ နိဗ္ဗာန်လမ်း၊ မဂ္ဂင် လမ်း၊ ရွှေတောင်လမ်း၊ တိုးချဲ့ကွက်သစ်လမ်းပိုင်းများနှင့် လူနေအိမ်ခြေများ၊ မြို့သစ်ရပ်ကွက် ချမ်းသာကြီးလမ်း၊ အောင်ဇေယျလမ်း၊ ရိုးကြီးလမ်း အစရှိသည့် လမ်းပိုင်းများ ရှိ လူနေအိမ်ခြေအိမ်ထောင် စုစုပေါင်း ၄၈၄ စု၊ လူဦးရေ ၁၉၆၈ ဦး၊ လမ်းအနိမ့်ပိုင်းများ၌ ပေ ၄၀၀ ခန့်စီ ရေဝင် နစ်မြုပ်လျက်ရှိသည်။

နှစ်စဉ်ဒါးကမြစ်ရေများ အသုတ်မြို့နှင့်ကြိမ်ချောင်း ချောင်းဘက်မှ လှည့်လည်ဝင်ရောက်လေ့ရှိသော်လည်း ယခုနှစ်အတွင်း ရေလှည့်လည်ဝင်ရောက်မှု ပိုမိုမြန်ဆန် များပြားကြောင်း အဆိုပါမြေနိမ့်ပိုင်းရပ်ကွက်ရှိ လမ်းပိုင်းများအတွင်းနေထိုင်သူ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြို့ပေါ်ရပ်ကွက်မြေနိမ့် ပိုင်းအတွင်း လတ်တလောရေဝင်နစ်မြုပ်သောလမ်းပိုင်း များနှင့် လူနေအိမ်ခြေများ၏ ဆက်သွယ်သွားလာရေးနှင့် ရိက္ခာများ ထောက်ပံ့လှူဒါန်းပေးနိုင်ရေးအတွက် မြို့ သဘာဝဘေးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေးကော်မတီနှင့် အမြန်ဆုံး ပူးပေါင်းပိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက် နေထိုင်ရန်အခက်အခဲရှိသော အိမ်ခြေများကိုလည်း သက် ဆိုင်ရာကယ်ဆယ်ရေးစခန်းများသို့ အချိန်မီပြောင်းရွှေ့ ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်းက ပြောကြားခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**



## သာစည်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကွန်ပျူတာ အခြေခံပညာသင်တန်းဆင်းပွဲပြုလုပ်

**သာစည် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက် လူငယ်လူရွယ်များအတွက် ရည်ရွယ်ဖွင့်လှစ်ပေးခဲ့ သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကွန်ပျူတာအခြေခံပညာသင်တန်း ၁/၂၀၁၆ ဆင်းပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက မြို့မ ဈေးကြီးအနီးရှိ MCC ကွန်ပျူတာ သင်တန်းခန်းမ၌ ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းညွန့်ဦးက အမှာစကားပြောကြားပြီး သင် တန်းဆင်းလက်မှတ်များကို သင်တန်းသားများသို့ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက် အကူပြု ကွန်ပျူတာအခြေခံပညာ ၁/၂၀၁၆ သင် တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ အခြေခံ ပညာအလယ်တန်းအဆင့်အောင်၊ တက္ကသိုလ်ဝင် တန်းအောင်နှင့် ဘွဲ့ရရှိပြီး လူငယ်လူရွယ် အမျိုး သမီး ၇ ဦး၊ အမျိုးသားသုံးဦးတို့ တက်ရောက် သင်ယူခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့် ခဲ့သည်။

ယခုသင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေ ပညာတတ်လူငယ်များ ကွန်ပျူတာပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရေးနှင့် လုပ်ငန်း ခွင်ဝင်ရောက်နိုင်ရေး အသိပညာဗဟုသုတ တိုးပွား စေရေးတို့အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## မိုးကုတ်မြို့စစ်တန်းရပ်နေပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် မှုခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မိုးကုတ် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ် မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးကျင်းပ သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေး ဝါးအန္တရာယ်နှင့် မှုခင်းလျော့နည်းကျဆင်းရေးဆိုင် ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ ရက် က မိုးကုတ်မြို့ စစ်တန်းကုန်းရပ်ရှိ သီရိရာမချန္ဒရာ ဟိန္ဒူဘုရားရှိခိုးကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မိုးကုတ် မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးနိုင်က မှုခင်းဖြစ် စဉ်များအားလည်းကောင်း၊ လူမှုပတ်ဝန်းကျင်နှင့် အင်တာနက်ကွန်ရက်တို့မှတဆင့် လူမှောင်ခိုကူးမှု၊ လူကုန်ကူးမှုဖြစ်စဉ်များအားလည်းကောင်း၊ ၂၀၁၅ မော်တော်ယာဉ်ဥပဒေအကြောင်းနှင့် မော်တော် ယာဉ်များအား စည်းကမ်းမဲ့စွာ ရပ်နား၊ မောင်းနှင် မှုများကြောင့် ယာဉ်တိုက်ဆုံးသေဆုံး ထိခိုက်ဒဏ်ရာ ရရှိမှု မှတ်တမ်းဓာတ်ပုံများအား ပရိုဂျက်တာ ဖြင့် ရှင်းလင်းပြသကာ အသိပညာပေး ဟောပြော ခဲ့သည်။

ယင်းနောက် မြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းသိန်း ဝင်းက မူးယစ်ဆေးဝါး မှုခင်းဖြစ်စဉ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်း စရာများကို အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ဟောပြောပွဲသို့တက်ရောက်လာသူ များက မြို့နယ်အတွင်းရှိ ယာဉ်ကျောပိတ်ဆို့သည့် နေရာများနှင့် မှုခင်းများ၊ မူယစ်ဆေးဝါးပြဿနာ များနှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းခဲ့ကြ ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဖြေ ကြားခဲ့ပြီး ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်စည်း ကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရ သည်။

**နေဝါ(မိုးကုတ်)**

## ဝါးခယ်မမြို့နယ်အတွင်းတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ဝါးခယ်မ ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်း စေရေးအတွက် ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို ဈေးရပ်ကွက် ပတ္တမြားရပ်ကွက်တွင် ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့ ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိပြည်သူများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ်ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့နှင့် တာဝန်ရှိသူများပူး ပေါင်းကာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများပါ သွားရောက်၍ ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ အဘိတ်ဆေးခတ် ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဈေးရပ်ကွက်၊ ပတ္တမြားရပ်ကွက်အတွင်း ရှိ နေအိမ်များသို့ လိုက်လံကာ အဘိတ်ဆေးခတ်ခြင်းကို ဆောင်ရွက်ခဲ့ ပြီး ဩဂုတ် ၁၁ ရက်က မရမ်းချောင်ကျေးရွာအုပ်စု အခြေခံပညာ မူလတန်းကျောင်းနှင့် ကျေးရွာအတွင်းရှိနေအိမ်များ ခြင်ပေါက်ဖွား တတ်သောနေရာများအား ခြင်ဆေးဖျန်းခြင်းကို ပြုလုပ်ခဲ့ကြောင်း သိရ သည်။

**လွှမ်းသီဟ(ဝါးခယ်မ)**



## လယ်ဝေးမြို့နယ် ပြည်ဝင်ကျေးရွာအုပ်စု တက်တူးသဲကောရွာနှင့်ချောင်းခွကျေးရွာ ကျေးရွာချင်းဆက်လမ်း ဖွင့်လှစ်

**လယ်ဝေး ဩဂုတ် ၁၅**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ပြည်ဝင်ကျေးရွာအုပ်စု တက်တူးသဲကော ကျေးရွာနှင့် ချောင်းခွကျေးရွာ ကျေးရွာချင်းဆက်ရိစာလမ်းဖွင့်ပွဲအခမ်းအနား ကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက အဆိုပါလမ်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က အဖွင့်အမှာ စကားပြောကြားပြီး တာဝန်ခံအင်ဂျင်နီယာတစ်ဦးမှ လမ်းနှင့်ပတ်သတ်သည့် အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်တူးသဲကော-ချောင်းခွကျေးရွာချင်းဆက် ရိစာလမ်းအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကျေးရွာချင်းဆက်လမ်းသည် အရှည်ပေ ၅၀၀၀၊ အကျယ် ၁၂ ပေ ရှိပြီး လူထုဖွံ့ဖြိုးရေးစီမံကိန်းမှ ငွေကျပ် ၅၈ သိန်းဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သဘာဝသစ်သီးအခြေခံစားသောက်ကုန်ထုတ်လုပ်မှု သင်တန်း (၃/၂၀၁၆) ဖွင့်လှစ်သင်ကြား

**တပ်ကုန်း ဩဂုတ် ၁၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ပညာပေးသင်တန်းမျိုးစုံ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ နေပြည်တော် တပ်ကုန်းမြို့နယ်ရွေးစုကျေးရွာအုပ်စု၊ ရွှေးစုကျေးရွာတွင် သဘာဝသစ်သီး အခြေခံစားသောက်ကုန်ထုတ်လုပ်မှုသင်တန်း (၃/၂၀၁၆) ဖွင့်ပွဲအခမ်းအနား ကို ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ တောင်သူစိုက်ပျိုးစီးပွား အသိပညာပေးစင်တာတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ တိုင်းဦးစီးမှူး ဦးကိုကိုနိုင်က အဖွင့်အမှာစကားပြောကြားပြီးနောက် မြို့ နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော် ဟိန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ရွှေးစုကျေးရွာအုပ်စု အုပ်စုအုပ်ချုပ်ရေးမှူး ဦးမောင်လှိုင်က သင်တန်းလာရောက်ဖွင့်လှစ်ပေးသည့်အတွက် ကျေးလက်နေပြည်သူများအနေ ဖြင့် သဘာဝသစ်သီးအခြေခံစားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းအတွေ့ အကြုံဗဟုသုတများ တိုးပွားလာစေမည်ဖြစ်သောကြောင့် ဒေသခံပြည်သူများ ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးနှင့် ဒေသခံပြည်သူ ၇၀ ဦးခန့် တက်ရောက်၍ သင်တန်းကာလမှာ တစ် ပတ်ကြာမြင့်မည်ဖြစ်သည်။ ရှောက်သီး၊ ခရမ်းချဉ်သီး၊ ကျောက်ဖရုံသီး၊ စပျစ်သီး စသောအသီးမျိုးစုံကို ယိုထိုးနည်းများ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်းသိရသည်။

**တင်ရိုးလှိုင်**

# အလှူရှင်လောင်းလှည့်လိုက်ရန်ပြင်ဦးလွင်ရထားလုံးပုံစံကို အတုယူကာ ရုပ်စုံရွှေလှည်းဖန်တီးလာ

**မန္တလေး ဩဂုတ် ၁၅**

မန္တလေးမြို့အနီး အလှူရှင်လောင်းလှည့်ပွဲများတွင် ရွှေလှည်း၊ ငွေလှည်း၊ ပတ္တမြားလှည်းများကို အဆန်းထွင်ပြုလုပ်ကာ အငှားလိုက်ကြသည်။ ၂၀၁၅ ခုနှစ်တွင် ရွှေလှည်း၊ ငွေလှည်း၊ ပတ္တမြားလှည်းများအပြင် ဘုံခုနှစ်ဆင့်လှည်းကို လက်ရာမြောက်စွာဖန်တီးပြီး အလှူရှင်လောင်းလှည့်လိုက်ကြသည်။ ဘုံခုနစ်ဆင့်လှည်းမှာ လှပသည့်အတွက် ငှားရမ်းအသုံးပြုမှုများလာခဲ့သည်။ ယခုနှစ် ၂၀၁၆ တွင် အလှူရှင်လောင်းလှည့်ပွဲများတွင် အသုံးပြုရန်အတွက် ရုပ်စုံလှည်းကို အဆန်းထွင် စမ်းသပ်ပြုလုပ်လာကြသည်။

လှပသော ရုပ်စုံလှည်းဖန်တီးရာတွင် ဒေသအသီးသီးမှ နာမည်ကြီးလှည်းပစ္စည်းများကို အော်ဒါမှာယူကာ ပေါင်းစပ်ပြုလုပ်ကြသည်။ ရုပ်စုံလှည်းမှာ ပြင်ဦးလွင်ရှိ ရထားလုံးပုံစံကို အခြေခံထားပြီး မြန်မာမှုပန်းပုလက်ရာများဖြင့် အလှဆင်မည်ဖြစ်သည်။ လှည်းမှာ နွားနှစ်ကောင်ဖြင့် မောင်းနှင်ရအောင်ပြုလုပ်ထားပြီး လှည်းရှေ့ဘီးနှင့် လေးထုပ်ကို ပြင်ဦးလွင်မှ အော်ဒါမှာယူကြသည်။ ရှေ့ပိုင်းဘီးနှင့် လေးထုပ်ကို ငွေကျပ်လေးသိန်းပေးရသည်။ နောက်ပိုင်းလှည်းဘီးကြီးကို ပျဉ်းမနားမှမှာယူပြီး ငွေကျပ်နှစ်သိန်းပေးရသည်။

ရုပ်စုံလှည်းဖန်တီးရာ၌ လှည်းပတ်ပတ်လည်တွင် အညာဒေသ ရှင်လောင်းလှည့်ပွဲဆင်နွဲနေဟန်ကို ပန်းပုထုကာ တပ်ဆင်မည်ဖြစ်သည်။ ရှင်လောင်းလှည့်တန်း၊ ကံသာဦးရွက်ပုံ၊ အလှူဒါယိကာ အလှူဒါယိကာမ၊ ကွမ်းတောင် ပန်းတောင်ကိုင်မှအစ အညာရှင်လောင်းလှည့်ပုံရသစုံအောင် ပန်းပုထုကာ တပ်ဆင်မည်ဖြစ်သည်။ လက်ရှိကာလတွင် အလှူပွဲများအတွက် ရုပ်စုံလှည်းကို ကြံဆဖန်တီးလျက်ရှိသည်။

မန္တလေးမြို့အနီးတွင် နာမည်ရသောလှည်းများမှာ လှည်းကြမ်းဆိုလျှင် ရေဂမိုးမြင်းဆည်လှည်း၊ လှည်းယာဉ်နှင့် ရွှေလှည်းများအတွက်မူ စစ်ကိုင်းနယ်ရှိ မန်ကျည်းစင်၊သလွန်ဖြူကြွယ်လူး အိုးဘို၊ အုန်းတော၊ ဆားတောင်၊ ရွာသစ်ကြီးနှင့် ညောင်ပင်ဝန်းများသို့ သွားရောက်မှာယူကြသည်။

ရှင်လှောင်းလှည့်လိုက်သည့် ရွှေလှည်းများကို အဆန်းထွင်ပြုလုပ်မှုတွင် အုန်းတောရွှေလှည်းများမှာ နာမည်ရလျက်ရှိပြီး အဆက်မပြတ်မှာယူသူများပြားလျက်ရှိသည်။ အညာဒေသအလှူပွဲများ ပေါ်များလာသည့်အတွက် အလှူ့ဒါယိကာ၊ အလှူ့ဒါယိကာမများအကြိုက် လှည်းများကို အဆန်းထွင်လာကြသည်။ အထူးသဖြင့် အလှူ့ဒါယကာသမီး၊ သားတို့မှာ အခြားရှင်လောင်းနားဖောက်သည်များနှင့်မတူ တမူထူးခြားအောင် ပြုလုပ်လေ့ရှိသည်။ **တိမ်တမန်**



# မွန်ပြည်နယ်တိုင်းရင်းဆေးဦးစီးဌာနမှကျေးရွာများသို့ကွင်းဆင်း၍ ဆေးဝါးကုသပေး

**သံဖြူဇရပ် ဩဂုတ် ၁၅**

မွန်ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင်(၅၀) ဆံ့ မော်လမြိုင်တိုင်းရင်းဆေးရုံမှ ပြည်နယ်ဦးစီးမှူး ဒေါ်သန်းသန်းမြင့်နှင့်အဖွဲ့သည် သံဖြူဇရပ်မြို့နယ် တိုင်းရင်းဆေးဌာနနှင့်ပူးပေါင်း၍ ဩဂုတ် ၁၄ ရက် နံနက်ပိုင်းမှစတင်ကာ သံဖြူဇရပ်မြို့နယ် ပငကျေးရွာ၌ ပြည်သူများအား အခမဲ့ကွင်းဆင်းကုသမှုဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ပြည်သူများအား ပြည်နယ်ဦးစီးမှူး ဒေါ်သန်းသန်းမြင့်က မိုးရာသီ၌ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် တိုင်းရင်းဆေးနည်းဖြင့် ကျန်းမာအောင်နေထိုင်နည်းအကြောင်းကို အသိပညာပေးဟောပြောပြီးနောက် ဆေးကုသခံယူရန်ရောက်ရှိကြသည့် ကျေးရွာပြည်သူများအား အထွေထွေရောဂါနှင့် အကြောပြင်ခြင်း၊ ဆေးကြပ်ထုပ်ထိုးခြင်းတို့ကို ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှုအခမ်းအနား ရေးမြို့၌ကျင်းပ

**ရေး ဩဂုတ် ၁၅**

မွန်ပြည်နယ် ရေးမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ရေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဌ ဒေါ်စန္ဒာက အမှာစကားပြောကြားပြီး မြို့နယ်ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာမေစန်းချိုက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ထွေးကြည်က အိုင်းအိုဒင်းချို့တဲ့ရောဂါများအကြောင်းကိုလည်းကောင်း၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ဘက်စုံသားဖွားဆရာမ ဒေါ်အေးမွန်က ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးနှင့် မိခင်နို့စနစ်တကျတိုက်ကျွေးခြင်းကို (သရုပ်ပြ) ရှင်းပြောကြားခဲ့သည်။

ယင်းနောက် အိုင်အိုဒင်းဆားပါဝင်မှုရာခိုင်နှုန်းကို ကျန်းမာရေးဝန်ထမ်းများက လက်တွေ့စစ်ဆေးပြသပြီး ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးတိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပြည့်အစားအစာများနှင့် အားဆေးများကို ပေးအပ်သည်။ ဆက်လက်၍ ရပ်ကွက်နှင့်ကျေးရွာများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက အာဟာရ(၃) အုပ်စုတွင်ပါဝင်ပြီး ရောဂါကင်းဝေးစေသော အသီးအရွက်နှင့် ငါးများဖြင့် ချက်ပြုတ်သရုပ်ပြကြပြီး မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ဆုရရှိသူများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေကာတာ သဲအိတ်ဖို့ခြင်း ရဲတပ်ဖွဲ့ဝင်များ ကူညီဆောင်ရွက်

**ပုသိမ် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငနှုဖြူမြို့နယ်တွင် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက် ရေကာတာတွင် မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမျိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ထွေ/အုပ်မှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများ စုစုပေါင်းအင်အား ၉၀ ဦးတို့က ရေကြီးမှုကိုကာကွယ်ရန် ရေကာတာတွင် သဲအိတ်ဖို့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့တွင် ညောင်တုန်းမြို့နယ် တာကွေ့ကျေးရွာအုပ်စုရှိ ဆည်မြောင်းတာတွင် ဆည်းမြောင်းတာရေစိမ့်ထွက်နေသဖြင့် ငနှုဖြူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းသိန်းနှင့်တပ်ဖွဲ့ဝင်တို့သည် ဒေသခံပြည်သူ ၃၀ ဦးတို့နှင့်ပူးပေါင်း၍ သဲအိတ်များထည့်ခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**



# လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်း ပေါင်းစုံပါဝင်သောသုံးသပ်ခြင်းအစည်းအဝေးနှင့် ဆောင်ရွက်မှု အကောင်းဆုံးကျေးရွာ ဆုချီးမြှင့်

**ကျွန်းစု ဩဂုတ် ၁၅**

ကျွန်းစုမြို့နယ်၌ ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၏ ၂၀၁၅-၂၀၁၆ ခုနှစ် (တတိယနှစ်စက်ဝန်း) တွင် ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၀ မှ ကျေးရွာပေါင်း ၁၆၃ ရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ ကျောင်း၊ ဆေးခန်း၊ ရေပေးဝေရေးလုပ်ငန်းများအစရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၁၇၀ ခုရှိကာ ထောက်ပံ့ငွေသိန်းပေါင်း ၁၅၈၀,၀၀၀,၀၀၀ ကျပ် (တစ်သောင်းငါးထောင်ရှစ်ရာကျပ်) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း ကျွန်းစုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းဦးထံမှ သိရသည်။

အဆိုပါ ၂၀၁၅-၂၀၁၆ ခုနှစ် လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း) တွင် လုပ်ငန်းများအားအကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ မြို့နယ်အဆင့် သက်ဆိုင်ရာအဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ခြင်းအစည်းအဝေးနှင့် လုပ်ငန်းဆောင်ရွက်မှုအကောင်းဆုံးကျေးရွာအုပ်စုများနှင့် ကျေးရွာများအားဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ကျွန်းစုမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ကျွန်းရတနာခန်းမ၌ ပြုလုပ်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်မှ) ညွှန်ကြားရေးမှူး ဦးလှခိုင်နှင့် ဝန်ထမ်းများ၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုးလွင်၊ ကျွန်းစုမြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်မှ) ညွှန်ကြားရေးမှူး ဦးလှခိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျွန်းစုမြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား (ခေတ္တ) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ယင်းနောက် ကျွန်းစုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းဦးက ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်၊ စီမံကိန်းအကြောင်းနှင့် လုပ်ဆောင်မှုအကောင်းဆုံးကျေးရွာအုပ်စုနှင့် ကျေးရွာများအားရွေးချယ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ကျွန်းစုမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးစိုးဇာနည်မော်ကတတိယနှစ်စီမံကိန်းစက်ဝန်း အကောင်အထည်ဖော်ခြင်းဆိုင်ရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ကျေးရွာစီမံကိန်းအထောက်အကူပြုကော်တီဝင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကဏ္ဍအလိုက် အဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကြပြီး ၎င်းအဖွဲ့အလိုက် ဆွေးနွေးချက်ရလဒ်များကို ပြန်လည်သုံးသပ် အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပြီး (တတိယနှစ်စက်ဝန်း) တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအကောင်းဆုံး ကျေးရွာအုပ်စုများနှင့် ကျေးရွာများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

၂၀၁၅-၂၀၁၆ ခုနှစ် (တတိယနှစ်စက်ဝန်း) တွင် စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု အကောင်းဆုံးကျေးရွာအုပ်စုအဖြစ် ကတ္တလူကျေးရွာအုပ်စု(ပထမ)၊ ကဘင်ကျေးရွာအုပ်စု(ဒုတိယ)နှင့် ရေကန်တောင်ကျေးရွာအုပ်စု (တတိယ) ဆုတို့ရရှိခဲ့ပြီး အကောင်းဆုံးဆောင်ရွက်မှုကျေးရွာများတွင် ကတ္တလူကျေးရွာ (ပထမ)၊ သဲချောင်းကျေးရွာ(ဒုတိယ)နှင့် လင်မလိုကျေးရွာ(တတိယ) တို့ အသီးသီးရရှိခဲ့ကြရာ ၎င်းဆုများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်မှ) ညွှန်ကြားရေးမှူး ဦးလှခိုင်နှင့် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုးလွင်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ကျွန်းစုမြို့နယ်၌ ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ် (ပထမနှစ်စက်ဝန်း) တွင် ကျေးရွာပေါင်း ၁၄၉ ရွာ၌ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ ၁၄၉ ခု ဖွဲ့စည်း၍ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ ဝင် ၂၀ ဦးဖြင့် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၄၃ ခုကို ရန်ပုံငွေထောက်ပံ့ငွေကျပ် သိန်း ၅၄၇,၁၂၈,၀၀၀ ကျပ်ဖြင့် ဆောင်ရွက်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ်(ဒုတိယနှစ်စက်ဝန်း)တွင်ကျေးရွာပေါင်း ၁၆၂ ရွာ၌ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ ၁၅၉ ခုဖွဲ့စည်းကာ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီဝင် ၂၀ ဦးဖြင့် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၇၂ ခုကို ရန်ပုံငွေထောက်ပံ့ငွေကျပ်သိန်း ၁၃၄၀,၀၀၀,၀၀၀ ဖြင့်လည်းကောင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရန်နိုင်(ကျွန်းစု ပြန်/ဆက်)**

# ချိန်ခါသမယ ဝါခေါင်လမှာ လူသားတိုင်းကို မေတ္တာထားခြင်းဖြင့် သာယာနေပျော်ဖွယ်ကောင်းသော ကမ္ဘာကြီးဖြစ်မည်



ခ ဝိသုဇ္ဇက(ပဲခူး)

ချိန်အခါသမယဝါခေါင်လမှာ လူသားတိုင်းကို မေတ္တာထားခြင်းဖြင့် သာယာဖွယ်ကောင်း၊ နေပျော်ဖွယ်ကောင်းသော ကမ္ဘာကြီးရွာကြီးဖြစ်လာပေမည်။ ဝါခေါင်လပြည့်နေ့သည် မေတ္တာအခါတော်နေ့ဟူ၍ ဗုဒ္ဓဘာသာဝင်တိုင်း အသိအမှတ်ပြုထားသော နေ့ထူးနေ့မြတ်ဖြစ်၏။ ထိုသို့အသိအမှတ်ပြုရခြင်းအကြောင်းရင်းမှာ မေတ္တာသုတ်ဖြစ်ပေါ်လာပုံနှင့် ဆက်နွယ်လျက်ရှိ၏။

မေတ္တာသုတ်ဒေသနာတော်ကို ညွှန်ပြတော်မူသော မြတ်ဘုရားရှင်သည် မေတ္တာတရားဖြင့်သာလျှင် ရန်သူဟူသမျှကို အောင်တော်မူခဲ့ခြင်းဖြစ်၏။ ရန်ပြုလာသမျှကို အောင်ပွဲဆင်ခဲ့၏။ မေတ္တာသည် ဗြဟ္မဝိဟာရတရားလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်၏။ ဒေါသ၏ဆန့်ကျင်ဘက်ဖြစ်ကာ သီတာရေအသွင်ကြည်လင်အေးမြ၍ လရောင်ပမာအေးချမ်းသဖွယ်ဖြစ်ပြီး ငြိမ်းချမ်းလှပါပေ၏။

**ရုက္ခစိုးနတ် ခြောက်လှန့်နှောင့်ယှက်**

ဂေါတမဘုရားရှင် လက်ထက်တော်တွင် ရဟန်းတော်မြတ်ငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားကို ဆောင်ယူကာ ဟိမဝန္တာအနီး တောအုပ်ကြီးအတွင်း ဝါဆိုဝါကပ်ပြုတော်မူကြ၏။ တောအုပ်အတွင်းမှ ရုက္ခစိုးစသည့် နတ်များအား မေတ္တာပို့သရန် မေ့လျော့ခဲ့ကြသည်။ ရုက္ခစိုး အစရှိသော နတ်တို့မှာ ရဟန်းတော်တို့၏ သီလတန်ခိုးကြောင့် ဆောက်တည်မရ၊ ပကတိနေရာမှာပင် မနေနိုင်အောင်ဖြစ်ကြရသည်။ ထိုအခါ ရုက္ခစိုးနတ်တို့က ခြောက်လှန့်နှောင့်ယှက်ကြတော့၏။

**မေတ္တာသုတ်တော် ဟောကြား**

ယုတ်ရင်းကြမ်းတမ်းသောအသံ၊ ကြောက်မက်ဖွယ်အဆင်းတို့ဖြင့် ရဟန်းတို့အား တရားအားမထုတ်နိုင်အောင် ခြောက်လှန့်ကြသည်။ ရဟန်းငါးရာတို့မှာ တရားကမ္မဋ္ဌာန်းတို့ကို နှလုံးမသွင်းနိုင် စိတ်ဓာတ်ချောက်ချား နှလုံးစိတ်ဝမ်း ပင်ပန်းနွမ်းနယ်ဖြစ်ကြ၏။ ရဟန်းတော်တို့သည် ဝါတွင်းကာလ ဝါဆိုဝါကပ်ပြုနေစဉ်မှာပင် မြတ်ဘုရားရှင်သီတင်းသုံးရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ခိုဝင်ချဉ်းကပ်ရတော့၏။ အကြောင်းအရင်းကို ဘုရားရှင်က စုံလင်စွာကြားသိတော်မူသောအခါ ရဟန်းတို့အား မေတ္တာသုတ်တော်ကို ဟောကြားပေးခဲ့တော်မူ၏။

ရဟန်းတော်တို့မှာ အစွမ်းထက်လှသော မေတ္တာတရားကိုဆောင်၍ မေတ္တာဘာဝနာစီးဖြန်းကာဆက်လက်အားထုတ်ကြရန်အတွက် မြတ်ဘုရားရှင်ညွှန်ကြားကာ တောအုပ်သို့ ပြန်လွှတ်လိုက်လေ၏။ ရဟန်းတို့သည် ဘုရားရှင် မှာကြားတော်မူသည့်အတိုင်း မေတ္တာစီးဖြန်းကာ ဆက်လက်အားထုတ်ကြ၏။ ထိုအခါမှစ၍ ရုက္ခစိုးနတ်တို့သည် ရဟန်းတို့အား ချစ်ခင်လာလျက် မည်သို့မျှ အနှောင့်အယှက် မပြုလုပ်ကြတော့ပေ။ ထိုစဉ် ရဟန်းတို့သည် ထိုအတောအတွင်းမှာပင် ဝါခေါင်လအတွင်း ဒုတိယဝါကပ်တော်မူကြကာ သီတင်းဝါလမကျွတ်မီမှာပင် ရဟန္တာကိုယ်စီ ဖြစ်တော်မူကြ၏။ မြတ်ဘုရားရှင်သည် ရဟန်းတော်ငါးရာတို့အား အကြောင်းပြု၍ မေတ္တာသုတ်ကို ဝါတွင်းကာလဝါခေါင်လ၌ ဟောကြားတော်မူခဲ့ခြင်းဖြစ်ပေ၏။

**မေတ္တာသုတ်နိဒါန်း**

ဤအကြောင်းများကိုထောက်ရှု၍ ဝါခေါင်လပြည့်နေ့အား မေတ္တာအခါတော်နေ့ဟု ဗုဒ္ဓသာသနာနွယ်ဝင်တို့က သတ်မှတ်ကျင်းပလာကြ၏။ မြတ်ဘုရားရှင်က မေတ္တာသုတ်နိဒါန်းတွင် မေတ္တာဘာဝနာပွားများသူတို့ လိုက်နာပြုကျင့်ထိုက်သော တရားများကို မိန့်မှာတော်မူသည်။ မေတ္တာစွမ်းအားရှိရမည်။ ကာယကံ၊ ဝစီကံဖြောင့်မှန်၍ မှန်တာလုပ်၊ ဟုတ်တာပြောရမည်။ စိတ်သဘောအထူးဖြောင့်မတ်ရမည်။ ပညာရှိ သူတော်ကောင်းစကားနားထောင်ရမည်။ လိုက်နာရမည်။ နူးညံ့သိမ်မွေ့၍ မာန်မာနကင်းရမည်။ ရောင့်ရဲနိုင်ရမည်။ လွယ်ကူစွာအသက်မွေးရမည်။ အပိုကိစ္စနည်းပါးရမည်။ ငြိမ်သက်သောဣန္ဒြေရှိပြီး ရင့်ကျက်ရမည်။ ကိုယ်နှုတ်နှလုံးကြမ်းတမ်းမှုကင်းစေရမည်။။ ငါဟူသော အစွဲကင်းရမည်။ အချုပ်အားဖြင့် ပညာရှိများကဲ့ရဲ့နိုင်သော မကောင်းမှု အသေးအဖွဲ့များကိုပင် ရှောင်ကြဉ်ရမည်ဖြစ်၏။

**မေတ္တာပို့ရန် မိန့်ကြား**

ကြောက်တတ်၊ မကြောက်တတ် နှစ်ရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ မြင်ဖူးမမြင်ဖူး နှစ်ဦးများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဝေးနေ နီးနေ နှစ်ထွေများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဘဝဇာတ်ဆုံး မဆုံးများစွာ သတ္တဝါချမ်းသာကိုယ်စိတ်မြဲပါစေ၊ ကြီးငယ်အလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဆူကြုံအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေဟူ၍ နှစ်စု သုံးစုခွဲကာ မေတ္တာပို့ရသည်။ တစ်ဖက်သားတို့ ချမ်းသာစေရန် ဒုက္ခမရောက်စေရန် အရင်းခံစေတနာဖြင့်"လူအချင်းချင်း လှည့်စားခြင်း ကင်းရှင်းကြပါစေ၊ လူအချင်းချင်း အထင်သေးခြင်း ကင်းရှင်းကြပါစေ၊ လူအချင်းချင်း နှိပ်စက်ခြင်း ကင်းရှင်းကြပါစေ" ဟူ၍ ဆက်လက်မေတ္တာပို့ရန် ဘုရားရှင်က မိန့်ကြားတော်မူ၏။

မေတ္တာဟူသည် သန့်စင်အေးမြလှ၏။ သူတစ်ပါး၏ ကောင်းကျိုးစီးပွားကို လိုလား၏။ အငြိုးအာဃာတကို ပယ်ဖျောက်တတ်၏။ သူတစ်ပါးကောင်းကျိုးကို ဆောင်ရွက်ပေးတတ်သော သဘောရှိလေ၏။ မေတ္တာဟူသည် အစိုးဓာတ်၊ အစေးဓာတ်၊ အအေးဓာတ်ရှိသည်။ တစ်ဦးနှင့်တစ်ဦး အစေးမကူးခြင်း၊ အစေးမကပ်ခြင်းမှာ မေတ္တာမထားနိုင်ခြင်း၊ မေတ္တာပျက်နေခြင်းကြောင့်ဖြစ်၏။

မြတ်စွာဘုရားရှင်အား ဆန့်ကျင်သော မာရ်နတ်၊ အာဠဝကဘီလူး၊ နာဠာဂီရိဆင်၊ အင်္ဂုလိမာလ၊ စိဉ္စာမာဏ၊ သစ္စကပရဗိုဇ်၊ နန္ဒောပနန္ဒ နဂါးမင်း၊ ဗကဗြဟ္မာတို့ကို မေတ္တာဖြင့်အောင်မြင်တော်မူခဲ့၏။ အကြမ်းမဖက် မေတ္တာသက်သက်ဖြင့် အောင်မြင်ခြင်းတို့ဖြစ်သည်။

**အကျိုးတရားများ ခံစား**

မေတ္တာပို့လျှင် အောင်မြင်မှုရကြ၏။ မေတ္တာဘာဝနာပွားများခြင်းဖြင့် ချမ်းချမ်းသာသာ အိပ်ရနိုးရ၏။ အိပ်မက်ကောင်းကိုသာ မြင်မက်ရ၏။ လူနတ်တို့ချစ်ခင်ကြ၏။ နတ်များ၏ ကူညီခြင်းကိုခံရမည်။ မီး၊ အဆိပ်၊ ဓား စသည့်အန္တရာယ်မှ ကင်းဝေး၏။ လျင်မြန်စွာ သမာဓိရ၍ မျက်နှာမှာကြည်လင်လန်းဆန်းနေတတ်၏။ မတွေမဝေသေဆုံးရ၏။ ဗြဟ္မာပြည်သို့ လားရာရောက်ရ၏။ နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ရန် အထောက်အပံ့ကြီးလည်းဖြစ်၏စသော အင်္ဂုတ္တရနိကာယ်နိပါတ်တော်မှ ဖော်ပြထားသော အကျိုးတရားများ ခံစားကြရမည်။

သိဟ်ရာသီဝါခေါင်လသည် ခတ္တာပန်းများနှင့်ပွင့်လန်းကာ မြစ်ချောင်းအင်းအိုင်များတွင် ရေများပြည့်လျှံကာ ထန်းသီးများဝင်းမှည့်ကုန် ကြ၏။ စာရေးတံပွဲများလည်း ကျင်းပလေ့ရှိ၏။ ဤမြင်ကွင်းကို ရှေးစာဆိုတစ်ဦးက "ရေဘောင်ငယ်ပြည့်လျှမ်း သောင်တင်းကျမ်းနှင့် မှည့်လေရွှေညာ . . . ဝါခေါင်လမို့ . . . ပန်းခတ္တာနှင့် . . . ခိုင်ညှာပွင့်ကြူး . . . ရွှေပြည်သူတို့ လှူစာရေးတံ သဘင်စုံစံဆဲမို့၊ လွမ်းရန်ဘွဲ့သည့်ချိန်ကို စသည်ဖြင့် ရေးဖွဲ့ထားခဲ့၏။

**လင်္ကာကိုစပ်ဆို**

အညာဒေသ၌ ထနောင်းပင်၊ ကြောင်ကျစ်ပင်၊ ဆူးရစ်ပင်တို့ ဝါခေါင်လတွင် ပွင့်ကြ၏။ မိုးမှာမူ သဲသဲမဲမဲရွာလေ့မရှိတတ်ပေ။ ရှေးတောင်သူကြီးများက "ဝါခေါင်တစ်ကြောင်း ထနောင်းကြောင်းကျစ်၊ ဆူးရစ်ပွင့်ကာ၊ မိုးမရွာ၊ ရွာပါသော်လည်း၊ မိုးမသည်း" ဟု မိုးလင်္ကာကိုစပ်ဆိုခဲ့ကြ၏။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ၌ မိုးများစွာရွာသွန်းတတ်၏။ မဟာအတုလမင်းကြီး၏ ဝါခေါင်လဘွဲ့ လွမ်းချင်းတွင် "ဒေဝရိန်ပဇ္ဇုန်မှူးငယ်က မြူးလှတယ်လေး" ဟု ထည့်သွင်းစပ်ဆိုခဲ့သည်။

ဆရာကြီးဦးပြုံးချို၏ ဝါခေါင်လဘွဲ့ လေးဆစ်သဖြန်းတွင်"လဆန်းရယ်တဲ့ နွေဘုံဆောင်၊ ပြည့်ရှန်း ကြယ်သရဝဏ်နှင့်၊ နယ်တစ်ဝန်း ရှစ်ခွင်တိုင်မှာ၊ မှိုင်းရီလို့မှောင်။ ငွေတာရာကြယ်သိန္ဒာငယ်တို့၊ ဝေဟာမှာ အရှိန်ပြပါတဲ့၊ ချိန်ခါသမယဝါခေါင်မှာ၊ ငွေတောင်ပြည့်လွှမ်း။ ခတ္တာငုံချပ်လွှာ၊ မှုံတစ်ကြူကြူနဲ့၊ ပြည်နိဗ္ဗူပတ္တနာသန်လို့၊ စာရေးတံလှူတော်ပွဲကို နွဲပျော်ဖို့လှမ်း"ဟူ၍ တွေ့ရသည်။

> စည်းစည်းလုံးလုံးရှိနိုင်ဖို့ အဓိက မောင်းနှင်အားသည် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် မေတ္တာထားကြရန်လိုအပ်၏။

**စာရေးတံမဲအလှူ**

ဂေါတမမြတ်ဘုရားရှင်လက်ထက်တော် အခါသမယ ဝါခေါင်လတွင် သံဃာအများနှင့် စပ်ဆိုင်သော ဆွမ်းအလှူကိုစ္စ၊ ဝိနည်းကိစ္စတို့တွင် ပြဋ္ဌာန်းဆုံးဖြတ်ရာ၌ အမှုကိုပြီးစေလွယ်စေသော၄ှာ စာအက္ခရာအမှတ်အသားပါသော ဝါးခြမ်းတံကို မဲနှိုက်စေ၍ ဆုံးဖြတ်ပြီး လှူဒါန်းကြသော အလှူရှိခဲ့သည်။ စာရေးတံဟုခေါ်၏။ သံဃာတော်များကို ဒါယကာ၊ ဒါယိကာမများက ဆွမ်းပင့်ဖိတ်သောခါ မည်သည့်ဒါယကာ၊ ဒါယိကာမသည် မည်သည့်သံဃာအား ဆွမ်းကျွေးစေဟူ၍ ဆုံးဖြတ်ရန်မရကောင်းသောအခါ၌ စာရေးတံဟုခေါ်သော ဝါးခြမ်းတံဝယ် သံဃာအရေအတွက်ကို အမှတ်အသားပြု၍ ကံအလျောက်ဆွမ်းကပ်နိုင်ကြစေရန် အိမ်စဉ်အလိုက်မဲနှိုက်စေ၍ "သလာကဘတ်" စာရေးတံမဲအလှူဖြစ်ပေ၏။ ဆွမ်းကိုသာမက ရဟန်းအသုံးအဆောင်များဖြစ်သော ထီး၊ ဖိနပ်၊ သင်္ကန်း စသည်တို့ကို မဲချလှူဒါန်းခြင်းမျိုးဖြစ်၍ အလှူရှင်တို့က နှစ်သက်မြတ်နိုးကြောင်း လေ့လာတွေ့ရှိရ၏။

**မေတ္တာစိတ်များအရင်းခံ**

အရာရာကိုအောင်နိုင်ဖို့ အခက်အခဲများကို ကျော်လွှားနိုင်ဖို့ မေတ္တာတရားလိုအပ်ပေပြီ။ မိသားစုညီအစ်ကိုမောင်နှမ၊ ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်၊ နိုင်ငံအတွင်းတွင် အားလုံးသည် စည်းစည်းလုံးလုံးရှိဖို့လိုလေသည်။ စည်းစည်းလုံးလုံးရှိနိုင်ဖို့ အဓိကမောင်းနှင်အားသည် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖက်နှင့် တစ်ဖက်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် မေတ္တာထားကြရန်လိုအပ်၏။ သို့မှသာ လူ့ဘောင်ကမ္ဘာကြီးသည် သာယာဖွယ်ကောင်းသော၊ နေပျော်ဖွယ်ကောင်းသော ကမ္ဘာ့ရွာကြီးဖြစ်လာပေမည်။ သို့ဖြစ်၍ မြတ်ဘုရားရှင် မေတ္တာသုတ်တော်ဟောကြားတော်မူခဲ့သော ဝါခေါင်လမြတ်တွင် လူတိုင်းတစ်ဦးနှင့်တစ်ဦး ဣဿာမစ္ဆရိယစိတ်များ ကင်းစင်လျက် မေတ္တာစိတ်များအရင်းခံကာ ပေါင်းသင်းဆက်ဆံနိုင်ကြပါစေ။ လောကကောင်းကျိုးတို့ သယ်ပိုးဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်းဖြင့် ဆုတောင်း၍ မေတ္တာပို့သလိုက်ပါသည်။



# ဒီမိုကရေစီရမြတ်ဓမ္မ နှင့် ဝါခေါင်လ

**ခ ဖိုးလေးသုမိတ္တ**

တစ်ဆယ့်နှစ်လရာသီစက်ဝန်းတွင် 'ဝါခေါင်' လသည် ပဉ္စမမြောက်လဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓသာသနာကို အခြေခံ၍ ဖြစ်ပေါ်လာရသော လများ၏ အမည်နာမများတွင် ရှေးကတည်းက "ဝါဆို၊ ဝါခေါင်၊ ဝါကျွတ်" ဟု ခေါ်ဝေါ်သုံးစွဲကြသည်။ လောကီစကားများတွင်လည်း နေ့လယ်ခေါင်၊ အလယ်ခေါင်၊ ပွဲလယ်ခေါင်ဟု ပြောဆိုကြသည်ရှိ၏။ ထို့ကြောင့် ဝါတွင်းသုံးလ၏ အလယ်ခေါင်ဖြစ်သဖြင့် ဝါခေါင်လဟုအမည်ရှိလာကြောင်း လောကုတ္တရာ ကျမ်းစာပေစာများတွင် လေ့လာဖတ်ရှုမှတ်သားရပါသည်။

**ဝါခေါင်လဘွဲ့စပ်ဆို**

ရခိုင်ပညာရှိ သုခမိန်အမတ်ကြီး မဟာပညာကျော်သူ၏ တစ်ဆယ့်နှစ်လရာသီ မော်ကွန်းတွင် ဝါခေါင်လဘွဲ့ကို ဤသို စပ်ဆိုထားသည်ကိုတွေ့ရလိမ့်မည်။ 'ရာသီသိဟ်ဆောင်၊ လဝါခေါင်ဝယ်၊ ဖလ်ရောင်ငြိမ်းကာ၊ ဝိသာခါနှင့် ခတ္တာပန်းလှိုင် သန်းခေါင်တိုင်က၊ မြင်းတာရနှင့် ထွန်းပသရဝဏ် ရုပ်မွန်ခြသေ့်၊ စာရေ့တံဖွဲ့၊ နှစ်ဆယ့်ခြောက်ည၊ ဇရ-ကြိန်း၊ နေ့ ကိန်းနာရီ ကုန်ညီဖဝါး၊ တစ်ပြန်ထားရှင့်" ဟူ၏။

စာဆိုဥက္ကာပျံ၏ ဝါခေါင်လဘွဲ့တွင်လည်း 'ဝါဆိုကုန်မှန်း၊ ဝါခေါင်ဆန်းသည်၊ မိုးပန်းဖြူလျှင်၊ ကျူးမည်အင် - မိုးနတ်သား" ဟူ၍လည်းကောင်း 'စုံကထူး-မြင့်တာရှည်၊ ဝါခေါင်မိုးမင်း-အချမ်းသွင်းလာသည်" ဟူ၍ လည်းကောင်း ရေးဖွဲ့စပ်ဆိုထားပါသည်။

**သံဃရတနာပေါ်**

ဝါခေါင်လဟူသော အမည်နာမသည် ဗုဒ္ဓသာသနာတော်နှင့် သက်ဆိုင်သော အမည်နာမဖြစ်သည်။ မြတ်ဗုဒ္ဓ၏ ပရိယတ္တိသာသနာစတင်ရောက်ရှိလာပြီး ရဟန်းသံဃာတော်များကြောင့် သံဃရတနာ ပေါ်လာ၍ သာလျှင် ဤအမည်နာမများ ဖြစ်ပေါ်လာခဲ့ရပေသည်။

ဝါခေါင်လဟူသည်မှာ ဝါ-တစ်ပုဒ်၊ ခေါင်-တစ်ပုဒ်ဖြစ်သည်။ "ဝါ"မှာ "ဝါသ"ဟူ သော ပါဠိအရေးအသားဖြစ်သည်။ နေခြင်း(သီတင်းသုံးနေထိုင်ခြင်း) ဟု အဓိပ္ပာယ်ဖြစ်သည်။ "ခေါင်" မှာ "အလယ်တွင်ရှိသည်" ဟု အဓိပ္ပာယ်ရပေသည်။ (ဝါ+ခေါင်) ဖြစ်လာသော "ဝါခေါင်" သည် ဝါတွင်း၏ အလယ်ခေါင်လ၊ ဝါခေါင်လဟု အဓိပ္ပာယ် ဖြစ်လာရ၏။

အထူးအားဖြင့် ရခိုင်စာပေကို လေ့လာဖတ်ရှုလျှင် "ခေါင်"ဟူသော အခေါ်အဝေါ်အရေးအဖွဲ့များကို အထင်အရှားတွေ့နိုင်ပေသည်။ ရခိုင်ပြည်သို့ ပရိယတ္တိသာသနာ ရောက်ရှိပြန့်ပွားလာသော တတိယဓညဝတီခေတ်၊ သူရိယစက္ကမင်းလက်ထက်(ဘီစီ-၃၁၆-၂၇၂)မှစ၍ မြောက်ဦးခေတ်အထိတိုင် စာရေးတံပွဲ ကျင်းပပုံများ၌ "ဝါခေါင်" လ ဘွဲ့များကို လေ့လာမှတ်သားရနိုင်သည်။

**ကောက်သားမွေးလ**

(ဝါ+ခေါင်) ဝါနှင့်ခေါင်၏ သီးခြားအဓိပ္ပာယ်ဖွင့်ဆိုချက်များကိုလည်း သိရှိခွင့် ရနိုင်ပေသည်။ ဝါခေါင်လကို ရခိုင်လူမျိုးတို့သည် ရှေးအခါက "ကောက်သားမွေးလ" ဟုခေါ်ခဲ့ကြောင်းလည်း လေ့လာတွေ့ရှိရသေး၏။

> နိုင်ငံသူ နိုင်ငံသားများက သူတို့ တတ်နိုင်သော အစုအဖွဲ့များဖြင့် စုပေါင်းစာရေးတံမဲပွဲတော်ကို ကျင်းပ

စာရေးတံမဲပွဲကို ကျမ်းစာ၌ ဝါခေါင်လဆန်း ၈ ရက်မှ လမပြည့်မီအတွင်း တစ်ရက်ရက်၌လည်းကောင်း၊ လပြည့်ကျော် တစ်ရက်နေ့မှ လဆုပ် ၈ ရက်အတွင်း တစ်ရက်ရက်၌လည်းကောင်း "စာရေးတံမဲပွဲ" ကျင်းပသော နေ့ရက်များဖြစ်ကြသည်။ လပြည့်နေ့ကို မရွေးချယ်ခြင်းမှာ သံဃာတော်များ ဥပုသ်ပြု ကံဆောင်ရက်ဖြစ်သောကြောင့်တည်း။

စာရေးတံကို သစ်သားပျဉ်ချပ်၊ ဝါးခြမ်းပြား၊ နှီးပြား၊ ထန်းရွက်၊ ပေရွက် စသည်တို့၌ ရေးသားလေ့ရှိကြသည်ကို ကြည့်ခြင်းအားဖြင့် ထိုခေတ်ထိုကာလ၏ စာရေးကိရိယာ ပစ္စည်းကို သိရှိနိုင်ပါသည်။

ယင်းတို့အနက် စာရေးတံအတွက် ဝါးခြမ်းပြား၏ ကျောဘက်တွင် သံစူးဖြင့် ရေးသားထားခြင်းသည် ရေစိုစွပ်သော်လည်း ဆေးမှာ ပျောက်ပြယ်သွားခြင်းမရှိ။ ရေရှည်ခိုင်ခံမှု ရှိပါသည်။ ရှေးကရခိုင်ပြည်တွင် လူတို့၏ မွေးဖွားသော သက္ကရာဇ်၊ လ၊ ရက်၊ နေ့တို့ကို မပျောက်ပျက်စေရန် အမှတ်အသား ရက်ချုပ်ကို ဝါးခြမ်းပြားတံ၌ ရေးထိုးကာ မှတ်တမ်းတင်ခဲ့လေ့ရှိ၏။

ထန်းရွက်၊ ပေရွက်၊ သင်ပုန်းနှင့်ဝါးခြမ်းပြားတို့၌သာ စာပေရေးသားနေကြသော ခေတ်ကတောသူ တောင်သားတို့ အဖို့ဝါးသည် အလွယ်ကူဆုံး၊အနီးစပ်ဆုံးပစ္စည်းဖြစ်ခဲ့၏။ "ဝါးခြမ်းပြားတံ" တွင် အက္ခရာ စာပေရေးထိုးသော အလေ့အထသည် ဗုဒ္ဓခေတ် အိန္ဒိယ၊ မဇ္ဈိမဒေသတွင်ရှိခဲ့သလို၊ ရခိုင်ပြည် ဓညဝတီခေတ်တွင်လည်း သည်အလေ့အထရှိခဲ့ကြပေသည်။ ဝါဆိုဝါကပ် ပြုကြသော ဓုရနှစ်ဖြာကို ရွက်ဆောင်တော်မူလျက်ရှိကြသော ရဟန်းသံဃာတော်များအတွက် ဆွမ်းအစရှိသော အထောက်အပံ့ပစ္စည်းများ ရရှိနိုင်ကြစေရန် ရည်သန်၍ စာရေးတံမဲပွဲတော်ကို ကျင်းပပြုလုပ်ကြခြင်းဖြစ်ပါသည်။

အလှူရှင်ဖြစ်သော ဒကာ၊ ဒကာမတို့၏ အမည်နာမကိုလည်းကောင်း၊ ကျောင်းနှင့် ပင့်သံဃာဆရာတော်များ၏ အမည်နာမကိုလည်းကောင်း စာရေးတံ(ဝါးခြမ်းပြား စသည်၌ စာရေးထားသောအတံ) ၌ ရေးသားဖော်ပြထားပြီးလျှင် သေသပ်ကျနစွာပြုလုပ်ထားသော တစ်ဖက်ဖွင့်ဝါးကျည်တောက်၌ ထည့်သွင်းထားပါသည်။

**စာရေးတံမဲချ**

မည်သည့်ကျောင်းတိုက်မှ မည်သည့်ဆရာတော်ကို လှူဒါန်းလိုသည်ဟူသော ပုဂ္ဂလိကဒါန်အလှူမျိုး မဟုတ်ဘဲ၊ ကံအလိုက်ကျချင်သလိုကျနိုင်သည့်အတွက် သံဃာတော်များကိုသာ ရည်စူးထားကြရပြီးလျှင် ဓမ္မဓိဌာန်ကျသော သံဃိကဒါနမျိုးဖြစ်သည်။ ဆောင်အပ်သာဆွမ်း(ဘတ္တ=ဘတ်) ဘတ်ခုနှစ်မျိုး၌ "သလာကဘတ်" ဟူသည် စာရေးတံမဲချ၍ လှူဒါန်းအပ်သော အလှူဒါနကောင်းမှုကို ခေါ်ပေသည်။

ဆင်းရဲနွမ်းပါးသော အလှူရှင်များက သာသနာပိုင်ဆရာတော်ကြီးကိုလည်း စာရေးတံမဲပေါက်နိုင်သလို၊ သာမန်မထင်ရှားသော ရဟန်းသံဃာတစ်ပါးကိုလည်း လွန်စွာချမ်းသာကြွယ်ဝသူ အလှူရှင်များက မဲပေါက်နိုင်သည်။ ဤကဲ့သို့ ဖြစ်ရခြင်းပင်လျှင် ကြည်နူးဝမ်းမြောက်စရာ တရားမျှတ၍ ပျော်ရွှင်စရာ ဖြစ်ကြရပါသည်။

(အထက်ဖော်ပြပါ စာရေးတံမဲပွဲတော်၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက် ကျမ်းရင်းစာမူရင်းအတိုင်း ရေးသားတင်ပြခြင်းဖြစ်ပါသည်။ အရှင်ကုသလ(ငွေသဇင်) ပြုစုသည့် ရခိုင့်ဌာနီလရာသီကျမ်း စာမျက်နှာ ၃၁၉-၃၂၀ မှ ဖြစ်သည်)

နိုင်ငံသူနိုင်ငံသားများက သူတို့တတ်နိုင်သော အစုအဖွဲ့များဖြင့် စုပေါင်း၍ စာရေးတံမဲပွဲတော်ကို ကျင်းပကြသကဲ့သို့ တိုင်းနိုင်ငံ၏ ပြည့်ရှင်ဘုရင်အစိုးရက ဦးဆောင်၍ မင်းနေပြည်တော်၌ စည်းကားသိုက် မြိုက်၍ ကျယ်ဝန်းသော အလှူကြီးပေးကာ စာရေးတံမဲပွဲတော်ကို စီစဉ်ကျင်းပကြသည်။

**ထမင်းရည်ချောင်းစီး အလှူပွဲ**

နိုင်ငံတော်တွင် စစ်ပွဲများငြိမ်းလျက် အေးချမ်းသာယာပြီး၊ နိုင်ငံသူနိုင်ငံသားတို့ ကိုယ်တိုင်(မကြွယ်ဝသည့်တိုင်) စား-ဝတ်-နေရေး မချို့တဲ့သည့်အခါက စာရေးတံမဲပွဲတော်ကြီးသည် ထမင်းရည်ချောင်းစီး အလှူပွဲကြီးဖြစ်ခဲ့ဖူးသည်။ ဆီကို ရေချိုးဆေးကိုမီးလုံ့နိုင်သော အချိန်အခါကောင်းသည် မြန်မာတို့၏ အောင့်မေ့ဖွယ်ပင်တည်း။ ရှင်ပြုတုန်းက ပိုးပုဆိုးဝတ်ခဲ့ရခြင်းကို တမ်းတနေခြင်း မဟုတ်ပါသော်လည်း ငယ်စဉ်က ချမ်းသာခဲ့ပြီး၊ အသက်ကြီးလာမှ ဆင်းရဲလာရခြင်းကို အဖြေရှာရကောင်းမှန်းသိကြရဦးမည်ဖြစ်၏။

"စာရေးတံမဲ" သည် လွတ်လပ်၍ တရားမျှတသော သံဃိကဒါနမဲပွဲဖြစ်သည်။ အဂတိတရားလေးပါး လုံးဝကင်းစင်သည်။ သန့်ရှင်း၍ စည်းကမ်းပြည့်ဝသောစစ်မှန်သည့် ဒီမိုကရေစီကို ဖြစ်တည်စေပါသည်။ မြတ်ဗုဒ္ဓ လက်ထက်တော် (ဘီစီ-၆ရာစု) ကာလကတည်းကပင် မြတ်ဓမ္မသည် တရားမျှတလာခဲ့သည်။ ယခုဆိုပါလျှင် နှစ်ပေါင်း (၂၆၅၀) ကျော်လာခဲ့ပေပြီ။ ယခုထိတိုင် မြတ်ဗုဒ္ဓ၏ တရားဓမ္မတို့မှာဒီမိုကရေစီ နည်းစစ်ဖြင့် ရှင်သန် ပြန့်ပွားနေဆဲဖြစ်သည်ကိုတွေ့မြင်နိုင်၏။

ဝါဆိုဝါဦး ကုန်ဆုံး၍ ဆန်းသစ်စွာ ပြောင်းလဲလာသည့် "ဝါခေါင်လ" သို့ရောက်ခဲ့ပြန်ပါပြီ။ လူငယ့်ဘဝ လေ့လာသင်ယူခြင်းလျှောက်လမ်းပေါ်မှာ တို့ထိ တီးခတ်၍ ရလသော ဝါခေါင်လ၏ ရသအလင်္ကာများကို ခံစားလေ့လာမိသမျှမျှဝေ၍ရေးသားကာ တင်ပြလိုက်ရပေသည်။

## ကျောင်းမုန့်ဈေးတန်း အစားအသောက်အန္တရာယ် ကင်းရှင်းရေး ဟောပြော

**မြင်းခြံ ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျောင်းကျန်းမာရေး သိတင်းပတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ကျောင်းမုန့်ဈေးတန်း အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးထိုက်နှင့် ခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးသန်းဌေးတို့က အမှာစကားပြောကြားခဲ့ကြပြီး ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကေသီဝင်းမောင်က ကျောင်းမုန့်ဈေးတန်း၌ ရောင်းချနေသည့် အစားအသောက်များတွင် ဘေးအန္တရာယ်များဖြစ်စေသော ဆိုးဆေးများအကြောင်း ရက်လွန် (သက်တမ်းလွန်) မုန့်များ ရောင်းချမှုမရှိစေရေးအကြောင်း၊ ရောင်းချသည့် အစားအစာများကို သန့်ရှင်းသပ်ရပ်စွာထားသိုရောင်းချနိုင်ရေးအကြောင်းများကို ပရိုဂျက်တာများဖြင့်ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် အ-ထ-က (၁) ကျောင်းသူလေးများကအေရိုးဗစ်အကဖြင့် ဖျော်ဖြေပြီးနောက် ကျောင်းကျန်းမာရေး သိတင်းပတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပေးခဲ့ကြသည်။

ယင်းနောက် ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ပြသထားသော ပြခန်းကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ အဖွဲ့ဝင်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## စေတုတ္တရာ–စလင်းကားလမ်းမှ ပဇောချောင်းတံတားပြန်လည် ပြုပြင်ဆောက်လုပ်ပြီးစီး၍ပုံမှန် သွားလာလျက်ရှိ

**စေတုတ္တရာ ဩဂုတ် ၁၅**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်းရှိ စလင်း-စေတုတ္တရာ ဆက်သွယ်သည့် ကားလမ်းမှ မိုင်တိုင်အမှတ် (၃၂/၂) အနီး၊ (ညောင်အိုင်ကျေးရွာနှင့် မကြီးစုကျေးရွာအကြားရှိ) ပဇောချောင်းတံတားသည် ဇူလိုင် ၃၀ ရက်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေတိုက်စားသဖြင့် တံတားနှင့် ချဉ်းကပ်လမ်း ပြိုကျပျက်စီးခဲ့ရာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ရသည်။

အဆိုပါတံတားအား တံတားအထူးအဖွဲ့(၃) ပခုက္ကူမှ ဩဂုတ် ၅ ရက်မှစ၍ အရှည် ၁၂၀ ပေ၊ အကျယ် ၁၂ ပေရှိဘေလီသံပေါင်တံတားအား အမြန်ပြန်လည်တည်ဆောက်ခဲ့ရာ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် တည်ဆောက်ပြီးစီး၍ စေတုတ္တရာ-စလင်း-မင်းဘူး-မကွေး ယာဉ်လိုင်းပြေးဆွဲ လျက်ရှိသည့် ခရီးသည်တင်ယာဉ်များနှင့် ဆိုင် ကယ်များ ပုံမှန်ပြန်လည်ပြေးဆွဲသွားလာနေလျက်ရှိကြောင်း သိရသည်။ **တင်ထွန်းဦး**

## လှိုင်းဘွဲ့မြို့နယ်တွင် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကျင်းပ

**လှိုင်းဘွဲ့ ဩဂုတ် ၁၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းကကြီးမှူး၍ နှစ်စဉ်မပျက်ဆင်ယင်ကျင်းပလေ့ရှိသော ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၇ နာရီတွင် အောင်မြေသာယာဘုန်းတော်ကြီးကျောင်း၌ မြို့ပေါ်လေးရပ်ကွက်ရှိ ကရင်တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးစောအုန်းတင်က အမှာစကားပြောကြားပြီး ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော် ဖြစ်ပေါ်လာပုံများကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာများဖြင့် အသီးသီးဖတ်ကြားကာ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ပွဲတော်သို့ လာရောက်သူများအား ကရင်တေးသံသာများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကြပြီး ချည်ဖြူဖွဲ့လက်ချည်ပေးခြင်းများကို ပြုလုပ်ခဲ့သည်။

နှစ်စဉ်မပျက်ဆင်ယင်ကျင်းပလေ့ရှိသော ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲကို ကွဲကွာနေသော ဆွေမျိုးများပြန်လည်ဆုံတွေ့ရန်၊ မိသားစုအချင်းချင်းပြန်လည်စုစည်းကြစေရန်၊ ကရင်အမျိုးသားအချင်းချင်း ချစ်ကြည်သွေးစည်းမှုခိုင်မြဲစေရန်၊ ကရင်လူမျိုးအချင်းချင်းညီညီညွတ်ညွတ် တစ်ဦးကိုတစ်ဦး ထောက်ပံ့ကူညီပြီး အေးချမ်းစွာနေထိုင်စေရန်၊ လူငယ်လူရွယ်များကို လူကြီးသူမများက သွန်သင်ဆုံးမစကားပြောကြားနိုင်စေရန်၊ မိစ္ဆာကောင်များက ကရင်လူမျိုးအချင်းချင်း သွေးခွဲစေရန် ပြောဆိုသောစကားကို နားမယောင်မိစေရန်၊ ယဉ်ကျေးမှု ငါးမျိုးဖြစ်သော စကား၊ စာပေ၊ အနုပညာ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာဓလေ့များမပျောက်ကွယ်စေရန်၊ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို မြတ်နိုးထိန်းသိမ်းတတ်သော အသိပညာ၊ အတတ်ပညာ မြင့်မားသော လူမျိုးများအဖြစ် အစဉ်တည်တံ့စေရန်ရည်ရွယ်၍ ဆင်ယင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြို့တော်ရှန်ဟိုင်း၏ ကျန်းမာရေးစောင့်ရှောက်မှု ပြုပြင်ပြောင်းလဲရေး၊ အောင်မြင်မှုနှင့် စိန်ခေါ်ချက်များ(၃)

ဒေါက်တာ ထိန်လင်းအောင်

**ဆေးရုံအသစ်တွေက ဘယ်နှစ်ခုတင်ဆံ့ပါလဲ။**

ခုတင် ၆၀၀ ဆံ့ ဆေးရုံအသစ် ၅ လုံး၊ ခုတင်အသစ် ၃၀၀၀ ပေါ့။

ကုတင် ၁၀၀၀ ဆံ့ ဒုတိယအဆင့် ဆေးရုံတွေကို အဆင့်မြင့်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ခဲ့တယ်။ ဒါကြောင့် အဆင့်မြင့်ဆေးရုံအနေဖြင့် ခုတင်သစ် လက်ခံနိုင်တဲ့ လူနာအရေအတွက် ၆၀၀၀ ဖြစ်လာတယ်။

**ဆေးရုံသစ်တွေမှာ ခန့်မယ့် ဝန်ထမ်းအင်အားကရော။**

မြို့လယ်ကောင်ဆေးရုံတွေက ဆရာဝန်အချို့ကို ရွှေ့လိုက်တယ်။

**ဟင်-အဲတာဆို ဆေးရုံဟောင်းတွေမှာ ဆရာဝန်မလုံလောက်မှု ဖြစ်သွားမှာပေါ့။**

ဆေးရုံကောင်းတွေမှာ ပုံနေတဲ့ဆရာဝန်အင်အားက ဆေးရုံအသစ် နှစ်ခုစာ ခန့်လို့ရတယ်။ သူတို့က ဆေးရုံဟောင်းမှာ နေရာမရဘူးဖြစ်နေတယ်။ ဆေးရုံသစ်ပို့လိုက်ခြင်းဖြင့် သူတို့ရဲ့လုပ်အားက ပိုမိုအကျိုးရှိလာတယ်။

လူတွေက ဘွဲ့ရပြီး သုံးနှစ်ထက် လေ့ကျင့်သင်ကြားမှုယူပြီးမှ ဆရာဝန်အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုခွင့်ရှိမယ်ဆိုတာကို သိပ်သဘောမကျဘူး။ ဒါပေမယ့် ဒီဆေးရုံသစ်ကိစ္စကျ တော်တော်ကြိုက်ကြတယ်။

**ဆေးရုံသစ်တွေရဲ့ ကုသမှုအရည်အသွေးကရော။**

အရင်ရှိပြီးသားဆေးရုံတွေနဲ့ အတူတူပါပဲ။ အစိုးရက အဆောက်အအုံဆောက်ရုံတင်မကဘူး ပစ္စည်းကိရိယာတွေပါ တပ်ဆင်ပေးလိုက်တော့ ဆေးရုံတွေအနေနဲ့ ကိုယ်ပိုင်ရန်ပုံငွေကနေ ထပ်အကုန်ခံစရာ မလိုတော့ဘူး။

ဆရာဝန်တွေဟာ ဆရာဝန်ပေါင်း ၁၀၀၀ ရှိတဲ့ ဆေးရုံဟောင်းမှာ အများထက်ဘာမှ ပိုမထူးဘူး။ ဒါပေမယ့် တစ်ဝက်လောက်ကို ဆေးရုံသစ်ပို့လိုက်တော့ သူတို့လုပ်ရည်ကိုင်ရည်တွေ အများကြီးတိုးတက်လာတယ်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးက လူနာတွေဟာ ရန်ကုန်၊ မန္တလေးပြည်သူ့ဆေးရုံကြီးကိုပဲ ပြုံတိုးနေတယ်။ ပိုအားကိုးတာက ရန်ကုန်လူနာတွေ ပြည့်ကျပ်သိပ်နေတယ်။

ထပ်ချဲ့ဖို့ အထပ်ထပ်မြှင့်ဖို့က အောက်ခံဖောင်ဒေးရှင်း၊ လျှပ်စစ်ဓာတ်အား အာမခံနိုင်မှုတွေ လိုအပ်လာတယ်။

**ရန်ကုန်မှာ ခရိုင်ဆေးရုံတွေရှိတယ်။ ၎င်းဆေးရုံတွေကို အဆင့်မြှင့်တင်လို့ ရ-မရ။**

အဆင့်မြှင့်တင်ပြီးရင်လည်း လူနာတွေ လာတက်ချင်အောင် Promotion (မြှင့်တင်ရေး) လုပ်ရလိမ့်မယ်။ ပိုသန့်ရှင်းသပ်ရပ်မှုလား၊ လူနာခုတင်တွေ ပိုကျယ်ကျယ်လွန့်လွန့်ရှိမလား၊ ရပ်ဝေးကလာရတဲ့ လူနာစောင့်တွေ ခေတ္တစားရေး၊ တည်းခိုရေး ပိုအဆင်ပြေသက်သာမှုနဲ့ ဆွဲဆောင်မလား။

ဓာတ်ခွဲစမ်းသပ်မှုတွေ၊ ဓာတ်မှန်ဘက်ဆိုင်ရာတွေရော အပြည့်အဝတပ်ဆင်ပေးမှာလား။ ခုတင်တွေ၊ ဆရာဝန်တွေရှိပါရဲ့၊ ဒီသွေးလေး မြို့ထဲကဓာတ်ခွဲခန်း သွားစစ်မှရမယ်တို့၊ MRI (သံလိုက်ဓာတ်မှန်)က ဒီမှာမရှိဘူး။ မြို့ထဲသွားရိုက်လိုက်ပါဦးတွေ ဖြစ်နေမယ်ဆိုရင်တော့ အရင်ဆေးရုံကြီးများမှာပဲ လူနာပြန်တိုးမယ်။

**ဝန်နှင့်အားမျှအောင်**

တစ်ခုသတိထားရမည်မှာ ဆေးကုသရေးသည် Team Work ဖြစ်သည်။ ဆရာဝန်ခန့်ထားရုံနဲ့ မရ။ သူနာပြု၊ ဆေးစပ်ဆရာ၊ လုံခြုံရေးဝန်ထမ်း (တံခါးစောင့်ရုံသာမဟုတ်)၊ အထွေထွေလုပ်သားတို့ကိုပါ ဝန်နှင့်အားမျှအောင် တိုးချဲ့ခန့်ထားရန်လိုမည်။

ဆရာဝန်ငယ်ဘဝသည် ဘွဲ့လွန်အောင်ရင်အောင်၊ မအောင်သေးရင် နှစ်နှစ်၊ သုံးနှစ်ပြည့်ရင် နယ်ထွက်ရမည်။ တိုက်နယ်ဆေးရုံများသို့ ရောက်နိုင်သည်။

တိုက်နယ်ဆေးရုံများတွင် ဆရာဝန် ၂ ယောက် ယခုနှစ်ပိုင်းတွင် ခန့်အပ်လာနိုင်ပြီ။ ထိုတိုက်နယ်ဆေးရုံတွင် တော်ရုံတန်ရုံရောဂါလောက်ကို ကုပေးနိုင်မှ၊ ခွဲပေးနိုင်မှ နယ်ခံလူထုအားကိုးမယ်။ နယ်ခံလူထုအားကိုးမှလည်း ဆရာဝန်ထိုနယ်မှာ နေပျော်မည်။

ထိုသို့ကုသပေးနိုင်ရန် သေချာသင်ကြားပေးသော (Godfather) ဝါရင့်ဆရာကြီးများရှိသော ဆေးရုံများ၊ လူနာဆောင်များသည် ဆရာဝန်ငယ်များ၏ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်သည်။

အနာဂတ်အတွက်မူ ကင်ဆာကုသမှုဆေးပညာရပ် (Oncology) နှင့် သွေးရောဂါဗေဒဆေးပညာ (Haematology) တို့ကို ရန်ကုန်မြို့ပြင်ဘက်တွင် သီးခြားဆေးရုံထောင်နိုင်ရန် စီမံကိန်းရှိသင့်သည်။

နှလုံးရောဂါ၊ အဆုတ်ရောဂါများကို အဓိကဖြစ်စေတတ်သော ဆေးလိပ်သောက်သုံးမှုလျော့ချရေးကို ခုကတည်းက ဆောင်ရွက်ထားသင့်သည်။

အဆိုပါရောဂါများကို စမ်းသပ်စစ်ဆေးခြင်း၊ ကုသခြင်းတို့သည် စရိတ်စက လွန်စွာကြီးမားသည်။

ငါးနှစ်အောက် ကလေးများ တဖြုတ်ဖြုတ်သေဆုံးနေပြီး မိခင်သေနှုန်း မြင့်မားနေသော မြန်မာပြည်တွင် ပြည်သူ့ဘဏ္ဍာဖြင့် နှလုံးအစားထိုး၊ အဆုတ်အစားထိုးတွေ အောင်မြင်ကြောင်း ထကြေညာနိုင်ရုံဖြင့် နိုင်ငံ၏ကျန်းမာရေး အဆင့်အတန်း မြင့်မားလာမည်မဟုတ်ပါ။

နှလုံး၊ အဆုတ်ရောဂါများအတွက် ပုဂ္ဂလိကကဏ္ဍ အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရန် လိုအပ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် ကျောက်ကပ်အစားထိုး၊ အသည်းအစားထိုး ခွဲစိတ်ကုသမှုများ အောင်မြင်ပြီးဖြစ်သည်။

**အဓိကအတားအဆီး**

သို့သော် လိုအပ်သလောက် ခွဲစိတ်ကုသမှုများ၊ ခွဲစိတ်ကုသအပြီး လိုအပ်သောစောင့်ကြည့်ကုသမှုများ Team Work အလိုက် များစွာပြုလုပ်မပေးနိုင်သေးသည့်အတွက် လူနာများသည် အိန္ဒိယ၊ စင်ကာပူနိုင်ငံများသို့ သွားရောက်နေရဆဲဖြစ်သည်။ အစိုးရ၏ အဓိကအတားအဆီးမှာ ဘဏ္ဍာငွေကြေးဖြစ်သည်။ ထိုအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပါဝင်နိုင်ရင် ကောင်းမယ်။

ကျောက်ကပ်ရောဂါလူနာတော်တော်များများသည် နာတာရှည်ရောဂါများဖြစ်သည့် သွေးတိုး၊ ဆီးချိုရောဂါတို့၏ နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်သည်။

မြန်မာနိုင်ငံသည် ကူးစက်ရောဂါ (ငှက်ဖျား၊ တီဘီ၊ HIV၊ AIDS) များရော မကူးစက်တတ်သောရောဂါများ (နှလုံး၊ သွေးတိုး၊ ဆီးချို) ကိုပါ ရင်ဆိုင်တိုက်ဖျက်နေရသည်။ စကားလုံးလှလှဖြင့် Double Burden of Diseases ဟု သုံးနှုန်းကြသည်။

လူတွေက အရက်သောက်ရင် အသည်းခြောက်တတ်တယ်ဟု သိထားကြသည်။ သို့သော် အရက်မသောက်သော မိန်းမများပါ အသည်းခြောက်လာသောအခါ မျက်လုံးတွေပြူးကုန်ကြသည်။ အကြောင်းရင်းကို ရှာသောအခါ ကူးစက်အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးကြောင့်ဖြစ်မှန်း သိလာကြသည်။

ထို့အတွက် ရောဂါဖြစ်စေသော လမ်းကြောင်း (Chain of Transmission)ကို ဖြတ်ရန် သွေးလှူရှင်အသင်းဝင်များ၊ သံဃာတော်များ၊ သီလရှင်များကို အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး ထိုးပေးကြသည်။ ဤလုပ်ငန်းကို အသည်းရောဂါပါမောက္ခ ဒေါက်တာခင်မောင်ဝင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ အသည်းရောဂါပါမောက္ခ ဒေါက်တာညိုမီခိုင်သန်းလှိုင်၊ မြန်မာနိုင်ငံဆရာဝန်အသင်း (SHWEBO BRANCH) တို့က တက်တက်ကြွကြွ ဆောင်ရွက်နေကြသည်။

**အသုံးချမှုနည်းပါး**

နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီးများသည် ပစ္စည်းကိရိယာ အပြည့်အစုံတပ်ဆင်ထားသော်လည်း ပြည်သူလူထုမှ အသုံးချမှုနည်းပါးသည်။

ပြည်သူလူထု အသုံးချမှုတိုးတက်ရန် မြှင့်တင်နိုင်သည်။ သို့သော် ရန်ကုန်၊ မန္တလေးမှ အထူးကုဆရာဝန်ကြီးများ လာရောက်အမှုထမ်းရမည်။ မြန်မာနိုင်ငံသည် ဆင်းရဲသည့် အလျောက် နိုင်ငံ့ဝန်ထမ်း အထူးကုဆရာဝန်ကြီးများကို ပညာနဲ့ ထိုက်တန်စွာ လစာရိက္ခာ မချီးမြှင့်နိုင်ပါ။

ထို့အတွက် အထူးကုဆရာဝန်ကြီးများသည် မိသားစုအတွက် ရုံးချိန်ပြင်ပတွင် ပြင်ပဆေးရုံ၊ ဆေးခန်းများ ဆက်ထိုင်ရသည်။

နေပြည်တော်တွင် စီးပွားရေးအရ အောင်မြင်နေသော ပုဂ္ဂလိကဆေးရုံများ များစွာမရှိပါ။ လာရောက်အမှုထမ်းမည့် အထူးကုဆရာဝန်ကြီးများအတွက် Incentives စဉ်းစားပေးသင့်သည်။

> “ရှန်ဟိုင်းသားတွေရဲ့ဝင်ငွေက တရုတ်ပြည် တစ်ပြည်လုံးထက် နှစ်ဆ။ လူဦးရေ ၂၈ သန်း နေထိုင်နေတဲ့ ရှန်ဟိုင်းမှာ တရုတ်ပြည်ရဲ့ ခေတ်အမီဆုံး ကျန်းမာရေး. . .”

**လုပ်အားဝန်ထုပ်ဝန်ပိုး**

ပုဂ္ဂလိကဆေးရုံများသည် ပြည်သူ့ဆေးရုံများ၏ ဝန်ထုပ်ဝန်ပိုးကို ခွဲထမ်းပေးသည်။ ငွေကြေးတတ်နိုင်သူများက ပြည်သူ့ဘဏ္ဍာဖြင့် လည်ပတ်နေရသော ပြည်သူ့ဆေးရုံများတွင် လာတက်နေပါက သာမန်နိုင်ငံသားများအတွက် ဆေးဝါးဘတ်ဂျက်လျော့နည်းသွားမည်။ လုပ်အားဝန်ထုပ်ဝန်ပိုး တက်လာမည်။

ပုဂ္ဂလိကဆေးရုံများရှိသဖြင့် တတ်နိုင်သူများ ၎င်းဆေးရုံများသို့တက်က ပြည်သူ့ဆေးရုံတွင် သာမန်နိုင်ငံသားများ ဆေးကုသမှု ပိုမိုကောင်းမွန်စွာ ခံယူနိုင်မည်။

အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်မည်။ လေ့လာကြည့်မိသလောက် ပုဂ္ဂလိကဆေးရုံမရှိသော နယ်မြို့ကြီးများတွင် အထူးကုဆရာဝန်များ မပျော်ပိုက်သည်ကို တွေ့ရသည်။

ရှန်ဟိုင်းသားတွေရဲ့ ဝင်ငွေက တရုတ်တစ်ပြည်လုံးထက်နှစ်ဆ။ လူဦးရေ ၂၈ သန်း နေထိုင်နေတဲ့ ရှန်ဟိုင်းမှာ တရုတ်ပြည်ရဲ့ ခေတ်အမီဆုံး ကျန်းမာရေးစောင့်ရှောက်မှုစနစ် တည်ရှိပါတယ်။ ဒါပေမယ့် စိန်ခေါ်မှုတွေက တောက်လျှောက်ထွက်ပေါ်နေဆဲ။

**အားလုံးလွှမ်းခြုံ ဘတ်ဂျက်စနစ်ကို ရှန်ဟိုင်းမှာ ဘယ်အချိန်ကစခဲ့သလဲ။ ဘာကြောင့် စခဲ့ရတာလဲ။ ၂၀၀၈ ခုနှစ်ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့်လား။ ဒါမှမဟုတ် အသုံးစရိတ်တအားတက်လာတာကို ဟန့်တားဖို့လား။ ဆေးကုသမှု ကုန်ကျစရိတ်ကို ထိန်းညှိနိုင်ခဲ့သလား။**

အားလုံးလွှမ်းခြုံ ကျန်းမာရေးဘတ်ဂျက်စနစ်ကို ရှန်ဟိုင်းရဲ့ ဒေသန္တရကျန်းမာရေးဆေးပေးခန်းတွေမှာ ၂၀၀၆ ခုနှစ်က စခဲ့တယ်။ ၂၀၀၉ ကျတော့ ရှန်ဟိုင်းမှာရှိတဲ့ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်းတွေမှာ ဒီစနစ်ကို သုံးပြီ။

ဒါပေမယ့် ကျန်းမာရေးအသုံးစရိတ်ကြီးထွားလာမှုကို ကျွန်တော်တို့ မတားဆီးနိုင်ခဲ့ပါဘူး။ ကျွန်တော် ဒုတိယမြို့တော်ဝန်အဖြစ် တာဝန်စယူတော့ ရှန်ဟိုင်းရဲ့ ကျန်းမာရေးစရိတ်က တစ်နှစ်ကို ၂၂×၂၅ ရာခိုင်နှုန်း ခုန်တက်နေတယ်။ လွန်ခဲ့တဲ့ ၂ နှစ်မှာတော့ ၈×၉ ရာခိုင်နှုန်းလောက်ပဲ တက်တော့တယ်။

ဆေးရုံတွေက ကျန်းမာရေးအသုံးစရိတ် တအားတက်နေတာကို ထိန်းလည်းမထိန်းနိုင်ဘူး။ ထိန်းချင်စိတ်လည်း မရှိဘူး။

**မြန်မာနိုင်ငံ**

၂၀၁၁ ခုနှစ်တွင် ရွေးကောက်ခံအစိုးရတက်လာပြီးနောက် ကျန်းမာရေးဘတ်ဂျက်တိုးလာခဲ့သည်။ အကျိုးကျေးဇူးများလည်း ဖြစ်ထွန်းခဲ့သည်။

၂၀၁၁ ခုနှစ်မတိုင်မီက ဆေးရုံတက်လျှင် ဆေးထိုးအပ်ကအစ ရောက်ရောက်ချင်း ပြေးဝယ်ရခြင်း၊ ဆေးဖိုးစရိတ်စကများ ကြီးမားခြင်း၊ ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းများနှင့် ပြောဆိုဆက်ဆံရမှု အဆင်မပြေခြင်းတို့ကြောင့် ပြည်သူများသည် ဆေးရုံတက်ရန် အလွန်ဝန်လေးသည်။ ရောဂါနောက်ဆုံးအဆင့်ရောက်မှသာ ဆေးရုံတက်ခဲ့ကြသဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျားကုတ်ကျားခဲကုသရခြင်း၊ သာမန်ဆေးဝါးများမတိုးဘဲ ဈေးကြီးသောဆေးများ သုံးရသဖြင့် ဆေးဖိုးပိုမိုကုန်ကျခြင်း၊ ကုသမှု၏အဖြေများ မကောင်းခြင်း စသည့်ဆိုးကျိုးများ ဖြစ်ထွန်းခဲ့သည်။

ကျန်းမာရေးဘတ်ဂျက်တိုးပြီးနောက် လူနာများသည် ဆေးကုသစရိတ် သိသာစွာလျော့နည်းသွားသဖြင့် ရောဂါကနဦးအဆင့်မှာပင် ပြည်သူ့ဆေးရုံ၊ ဆေးခန်းများသို့ စောစီးစွာ ကုသနိုင်သဖြင့် ရလာဒ်များ တိုးတက်ကောင်းမွန်ခဲ့သည်။ ဆေးရုံရောက်သည်နှင့် ဆေးပြေးဝယ်စရာမလိုတော့ဘဲ ဆေးကုသမှုအဆင်သင့်ရသည်ဖြစ်ရာ ဆေးရုံဝန်ထမ်းများနှင့် ပြည်သူလူထုအကြား ဆက်ဆံရေး ပြဿနာတက်မှုများ သိသာစွာ လျော့နည်းကျဆင်းသွားခဲ့ပါသည်။ သို့သော် ဘေးထွက်ဆိုးကျိုးများလည်း ပေါ်ပေါက်ခဲ့သည်။

၁။ ဆေးကုသမှုကို မလိုအပ်ဘဲ မကြာခဏသုံးလာခြင်း (Overuse)

၂။ ဆေးရုံများတွင် လုပ်အားဝန်ထုပ်ဝန်ပိုး များပြားလာခြင်း (overload)

၃။ ဆေးရုံများတွင် ဆရာဝန်က ဆေးရုံဆင်းလို့ရပြီပြောသည့်တိုင်အောင် ဆက်လက်ကုသမှု ခံယူလိုခြင်း (overstay)။

ထိုပြဿနာသုံးရပ်၏ အဓိကအကြောင်းရင်းမှာ ပြည်သူလူထုမှ ၎င်းတို့အိတ်ကပ်တွင်းမှ ကျခံသုံးစွဲစရိတ် (out of pocket expenditure) သည် မရှိသလောက် နည်းပါးသွားခြင်းကြောင့်ဟု သုံးသပ်ပါသည်။

ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ပြည်သူ့ကျန်းမာရေးကဏ္ဍကို လေ့လာကြည့်လျှင် -

**၁။ ဂျပန်နိုင်ငံ**

ကျန်းမာရေးအာမခံစနစ် ကြိုတင်ဝယ်ယူထားရသည်။ အကြမ်းဖျင်းအားဖြင့် ဆေးကုသမှုစရိတ် ၁ သိန်းကျပ် ကုန်ကျတိုင်း ကျန်းမာရေးအာမခံစနစ်မှ ၇ သောင်းကျပ် ထုတ်ပေးပြီး ၃ သောင်းကို ဆေးကုသမှုခံယူသူနိုင်ငံသားမှ ကျခံရသည်။

**၂။ ဗြိတိန်နိုင်ငံ**

အစိုးရက နိုင်ငံသားများကို ဝင်ငွေခွန်ကောက်ခံပြီး ကျန်းမာရေးရန်ပုံငွေ တည်ထောင်ထားကာ ဆေးကုသမှုအတွက် ထိုကျန်းမာရေးရန်ပုံငွေမှ ကျခံသုံးစွဲပေးသောစနစ်ဖြစ်သည်။

ဂျပန်နှင့် ဗြိတိန်နှစ်နိုင်ငံစလုံးသည် ဆေးကုသမှု၊ ဓာတ်ခွဲ၊ ဓာတ်မှန်စစ်ဆေးစမ်းသပ်မှုများကို အများတတ်နိုင်သော သင့်တင့်လျောက်ပတ်သော နှုန်းထားသတ်မှတ်လည်ပတ်နိုင်သည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ အဓိကပြဿနာမှာ ကျန်းမာရေးအာမခံစနစ်လည်း မရှိ၊ ဝင်ငွေခွန်စနစ်လည်း ကောင်းစွာမဖွံ့ဖြိုးသေးခြင်း ဖြစ်သည်။

လက်ရှိ အခမဲ့ကျန်းမာရေးစနစ်သည် သဘာဝသယံဇာတများကို အထည်ကြီးပျက်ဈေးဖြင့် ချရောင်းနေရရာမှ ရရှိလာသော ပြည်သူ့ဘဏ္ဍာများကို ဖြုန်းတီးရာရောက်ပါသည်။

ပွင့်ပွင့်လင်းလင်းဝေဖန်ရလျှင် ပြည်သူလူထုမှလည်း အကုန်အခမဲ့ရနေသဖြင့် တန်ဖိုးမထားပါ။ ဆေးရုံများအနေဖြင့်လည်း လေ့လွင့်မှုများ ရှိနေသည်။

အသင့်တော်ဆုံးနည်းလမ်းမှာ အများတတ်နိုင်သော ကျန်းမာရေးအာမခံကြေး ပုံမှန်ထည့်သွင်းစေပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း ဖြစ်ပါသည်။

**ကျန်းမာရေးအာမခံစနစ်**

အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို တဖြည်းဖြည်း ရုပ်သိမ်းရင်း (Gradually taper) တစ်ပြိုင်နက် ကျန်းမာရေးအာမခံစနစ် ထူထောင်သွားရန်ဖြစ်ပါသည်။

အခမဲ့စနစ်ကို မည်သို့ Gradually taper လုပ်မည်နည်း။

* ဆေးရုံစတက်သည့် ပထမဆုံး ၃ ရက်ကိုသာ အခမဲ့ကုသမှုပေးသည့် စနစ်။

* ဆေးရုံတက်နေစဉ်အတောအတွင်း အခမဲ့ကုသပေးပြီး ဆေးရုံဆင်းသောအခါ ဆက်သောက်ရန် လိုအပ်သည့် ဆေးများကို လူနာစရိတ်ဖြင့် ကျခံစေသောစနစ် (ပြင်ပဆေးခန်းများတွင် ငွေပေးချေပြီး သောက်ရသော ဆေးဝါးများကိုတောင် ရောဂါသက်သာပျောက်ကင်းသွားလျှင် ဆက်မသောက်ဘဲ ဆေးအထုပ်လိုက်ကြီး ကျန်နေသော လူနာများကို တွေ့ဖူးပါသည်။ အခမဲ့ရသော ဆေးဝါးများဆိုလျှင် စဉ်းစားကြည့်ပါရန်။)

* ပိုမိုကောင်းမွန်သော နည်းလမ်းများ

သို့ရာတွင် ငါးနှစ်အောက်ကလေးလူနာများနှင့် ကိုယ်ဝန်ဆောင်မိခင်၊ မီးဖွားလူနာများအတွက်မူ အခမဲ့ကျန်းမာရေးစနစ်ကို အပြည့်အဝ ဆက်လက်ကျခံပေးသင့်ပါသည်။

■ ■ ■

ကြေးမုံ
ဩဂုတ် ၁၆၊ ၂၀၁၆



# TOTO

## July Promotion မှ ကံထူးရှင်များစာရင်း


Handset ကံထူးရှင် (၁၀)ဦး

| | | | | |
|---|---|---|---|---|
| ကိုစိုးသူ (မော်လမြိုင်) | ဦးထေရဝံသ (မော်လမြိုင်) | ကိုထင်လင်းအောင် (မန္တလေး) | ဒေါ်တင်တင်ချို (ရန်ကုန်) | ဦးတင်နိုင်လင်း (ညောင်ရွှေ) |
| မခင်မွန်ဆွေ (ရွှေညောင်) | ဦးမောင်မောင်လွင် (ပြည်) | ကိုတင်မျိုးမြင့် (အင်းတော်) | ကိုအောင်ကျော်ဇင် (မကွေး) | ဦးဟန်မင်းထွန်း (ထားဝယ်) |

Dinner Ticket ကံထူးရှင် (၄)ဦး



ဦးခင်မောင်ဦး (ရန်ကုန်)
ကိုအောင်ကိုကိုသစ် (ရန်ကုန်)
ကိုအောင်မိုးလွင် (မန္တလေး)
ကိုလှမျိုးကျော် (မန္တလေး)



Yangon : Park Royal Hotel
Mandalay : Golden Duck Restaurant



# DoZo

## FASHION DESIGN TECHNICAL SCHOOL

Daw Thida Win B.Sc (Dip in Fashion Design, Japan)
Thet Hnin Aye (BA.Fashion Design, Japan)

1991ခုနှစ်မှစ၍မြန်မာနိုင်ငံတွင်ပထမဦးဆုံးဖွင့်လှစ်ခဲ့သောနိုင်ငံတကာအဆင့်မီ Fashion Design Schoolဖြစ်သည်။ Design,Pattern, Cutting, Sewing များကို တိကျ မှန်ကန်သော Japan နိုင်ငံမှနောက်ဆုံးပေါ် နည်းစနစ်များဖြင့်သင်ကြားပေးလျက်ရှိသည်။

Courses -Basic,Advance,FashionIllustration,PatternMagic,Drapping, HandMade,WeddingDress,Children Wear's,မြန်မာပွဲတက်နှင့်ထိုင်မသိမ်း

**Start Date-13.8.16 (Sat,Sun), 29.8.16(Mon,Tue)**


"DoZoကျောင်းဆင်းပွဲရှိပါသဖြင့် ကျောင်းသား/ကျောင်းသူဟောင်းများဆက်သွယ်ကြပါရန်"
မန္တလေးတွင် သင်တန်းကျောင်း ဖွင့်လှစ်နေပါပြီ။"

Yangon - No.506, Damaryone St, Hlaing T/S, 10 Qr, 6 ½ Miles
Mandalay- No.(Nagyi-2/94),Between 63 × 64Street, Chan MyaTharZi T/S
Phone(ရုံးချိန်အတွင်း)- 09420301999, 09 5004830 www.dozofashion.com



# ပုလုတ်တုတ်

Miss O & Friends ကို
တည်ထောင်သူလေး Juliette Brindak၊
Game Section၊ ချစ်စရာပုံတူဆွဲပွဲ၊ ဝတ်ပါ



တစ်နှစ်စာ ကြိုတင်ငွေပေးသွင်းပြီးသူများထံ ဆိုင်များသို့ မပြန့်ဖီ ငါးရက်ကြိုတင်ပြီး (အိမ်တိုင်ရာရောက်) ပို့ဆောင်ပေးနေပါပြီ။

၁,၅၀၀ ကျပ်

တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။



အရည်အချင်းပြည့် အတွေ့ အကြုံရင့်ဆရာများ၊ ဦးစီးသော
မာန် ငွေတိုက်-စိစစ်ရေးမှူး-၂
အလုပ်/ဝင်ခွင့်များအားလုံး ဖြေဆိုနည်း
ဘိုး(၇)၊ လှည်းတန်း၊(၁)လမ်း၊ရန်ကုန်။ Ph:09786583429



FAME
**Nature-A®**
Carotenoid complex
သဘာဝ ဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 009439 (1014)

FAME
**Phototec®**
Natural antioxidant for eye
မျက်စိဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 008234 (1115)



# တိုက်ခန်းသစ်ရောင်းရန်ရှိသည်

ရေကျော်(ပုဇွန်တောင်)၊ ဒေါနလမ်းတွင် အဆင့်မြင့်ပြင်ဆင်ပြီး ပေ(၁၄×၆၃)အကျယ်အဝန်းရှိသည့် ၈ထပ်ခွဲတိုက်တွင် ၇လွှာ၊ ၈လွှာ၊ Penthouse တိုက်ခန်းသစ်များ ရောင်းရန်ရှိသည်။

(၁) ဓာတ်လှေကားနှင့် Aircon, Master Bedroom(၁)ခန်း၊ Single Bedroom(၁)ခန်း၊ Living Room, Kitchen Room(Basin & Cabinet အပါ)၊ ပါကေး(Vinyl)၊ ကြွေပြား၊ ရေပူရေအေးစက်၊ Design Ceilling၊ Video intercom တို့ဖြင့် အဆင့်မြင့်အခန်းဖွဲ့စည်းပေးထားပါသည်။

(၂) ပိုင်ရှင်ကိုယ်တိုင် တိုက်ရိုက် ငွေပေးချေမှုစနစ်(သို့) ဘဏ်နှင့်ချိတ်ဆက်၍ (၅)နှစ်အရစ်ကျ ငွေပေးချေမှုစနစ်တို့ဖြင့် ရောင်းချပေးနေပါသည်။

ဆက်သွယ်ရန်-09-8302000, 09-8302888, 09-260192329





၁၈-၈-၂၀၁၆ ကြာသပတေးနေ့ "အောင်သိဒ္ဓိ" ဗီဒီယိုထုတ်လုပ်ရေးမှ ဖြန့်ချိပါမည်။



SIM GLOBAL EDUCATION
simge.edu.sg

USA, UK နှင့် Australia နိုင်ငံများရှိ ထိပ်တန်းတက္ကသိုလ်များ၏ ဘွဲ့များကို

"Singapore Institute of Management တွင် ရယူနိုင်မည့် အခွင့်အရေးများအကြောင်းဆွေးနွေးပွဲ"



Su Myat Moe (Helen)
SIM GE Scholar
BSc (Business Administration)
University at Buffalo (SUNY),US

CROWN EDUCATION
Award Winning Company

**MANDALAY**
Date : 20 Aug 2016
Time : 12:00 pm - 2:00 pm
Venue : HOTEL MANDALAY, Sabai Phyu Ballroom

**YANGON**
Date : 21 Aug 2016
Time : 2:00 pm - 4:00 pm
Venue : PARKROYAL HOTEL, Yadanar 1 Ballroom

- Singapore Institute of Management (SIM) နှင့် ချိတ်ဆက်ထားသော US, UK နှင့် Australia ထိပ်တန်းတက္ကသိုလ်များအကြောင်း
- Singapore Institute of Management (SIM) တွင် တက်ရောက်ရယူနိုင်သော ဘွဲ့ ၊ ဘွဲ့လွန်ဘာသာရပ်များအကြောင်း
- တက္ကသိုလ်ဝင်တန်းနှင့် IGCSE အောင်မြင်ထားသော ကျောင်းသားကျောင်းသူများအတွက် ဝင်ခွင့်လိုအပ်ချက်များ၊ HND အောင်မြင်ပြီးသူများအတွက် တိုက်ရိုက်ဝင်ခွင့်အခွင့်အရေးများ
- ၁၀၀% ပညာသင်ဆုအကြောင်းနှင့် ပညာသင်ဆုလျှောက်ထားခြင်းတွင် လိုအပ်သောအရည်အချင်းများ စသည့်အချက်များကို SIM မှ တာဝန်ရှိသူကိုယ်တိုင်ဆွေးနွေးပေးမည်ဖြစ်ပါသည်။

**Call us : 01 527 838, 09 450 200 040, 09 730 40 688, 09 732 732 77**



# တက်နေဝန်း

ဆိုင်းဘုတ်/ဆိုင်းအလှဆင်ခြင်း
(10"/14")Box ကာများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721


## အများသိစေရန်ကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/က်ဘဲ့၊ မြေကွက်အမှတ်-၉၁/က၊ မြေကွက်တည်နေရာအမှတ်-၂၊ မဂ္ဂင်လမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဒေါ်သန်းနု အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းနု [၁၂/ရကန(နိုင်)၀၅၁၀၆၈]ကိုယ်တိုင်မဂရန်မူရင်းပျောက်ဆုံးကြောင်းကျမ်းကိုန်လွှာ၊ သက်ဆိုင်ရာရပ်ကွက်၊ အုပ်ချုပ်ရေးမှူး ထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလထုတ်ပေးထားသည့် မြေငှားစာချုပ် အမှတ်-၇က/၁၈၈/၉၂ (၇-၁၀-၉၂)ဒေါ်သန်းနုအမည်ပေါက်နှစ်(၆၀)မြေငှား စာချုပ်(ဂရန်) မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




**ကား မျိုးစုံ**

(Alphard/Crown/MarkII/...)

Ph : 09795549249, 095418126

**ဆုံသစ္စာ**

Ph: 0973174066
095504667

ODYSSEY

01-246334,246339,240545

FORWARD CAR RENTAL

Ph: 09 5089800
09 252522200

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)နှင့် အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)တို့မှ ထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)နှင့် အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)တို့မှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၅-၈-၂၀၁၆ရက်မှ ၁၈-၈-၂၀၁၆ရက်ထိ နေ့စဉ် ၉း၃၀နာရီမှ ညနေ ၄နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၁၈-၈-၂၀၁၆ရက် ညနေ ၄း၀၀နာရီဖြစ်ပါသည်။

၃။ သတ်မှတ်အချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။**




# ရောင်းရန်ရှိသည်

Aye Mg Ga Services Co., Ltd. မှ အသုံးပြုဆဲ
DC-70G, DC-95GM Kubota စပါး ရိတ်သိမ်းမွေလှေ့စက်အား
ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည်။ အရစ်ကျငွေပေးချေမှုစနစ်ဖြင့်
ရောင်းချပေးပြီး စက်ဝယ်ယူသူစိတ်တိုင်းကျ ပြုပြင်ဆောင်ရွက်ပေးပါမည်။
အင်ဂျင်၊ ဂီယာဘောက် (၂ မျိုးအား) (၆) လ အာမခံပေးပါမည်။
စိတ်ပါဝင်စားသူများမှာ အောက်ပါလိပ်စာအတိုင်း
လာရောက်မေးမြန်း ဝယ်ယူနိုင်ပါသည်။
အမှတ် (၃)၊ စံပယ်လမ်း၊ သီရိမွန်ပလာဇာ၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၆၈၁၁၃၁၊ ၀၁ ၆၈၆၆၆၆၊

## ပြင်ဆင်ပြီး (မြေညီထပ်)တိုက်ခန်းရောင်းမည်

- ပေ(၁၂½×၅၀)၊ ကျွန်းတောလမ်းမအနီး၊ စမ်းချောင်းမြို့နယ်။
- မြေညီ(Hall)ကြွေပြားပြည့်ခင်းကပ်/ထပ်ခိုး(¾)ပါ။ အထူးပြင်ဆင်ပြီး။
- MBR(1), BR(1)၊ ရေပူရေအေး၊ A/C(2)၊ ဘိုထိုင်၊ လိုက်ကာ၊ ရေမီးစုံ။
- (ဈေး ကား/ဂိတ်)နီး၊ ကားထားလို့ရ၊ ပွဲစားမလို၊ ကျပ်သိန်း(၉၅၀)

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၈၅၃၅၀၊ ၀၉-၇၃၁၅၆၄၉၄

**ဟိုက်ဒြောလစ်/လေဝီအား/Fully Auto**

**ဘွန်ကာချစ် အုတ်ရိုက်စက်**

**ခေတ်မီမြေအုတ်ရိုက်စက် ရပြီ**

**09 4200 35882**
**09 4200 35884**

**HLEDAN CENTRE CONDO (600 sqft)**
1200 USD/Month
09 963429399
09 423696547

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/ဒက္ခိဏသီရိအရှေ့၊ မြေကွက်/ဦးပိုင်အမှတ်(ဒ-၂၃၉၄)၊ ဧရိယာ(၀. ၂၂၉)ဧကရှိ ဦးမင်းသက်နိုင် အမည်ပေါက် ပါမစ်မြေကွက်အား အမည် ဦးတိုးတိုး [၉/၀တန (နိုင်) ၁၀၂၇၂၉] အဖအမည် ဦးတိုင်းရင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**လိပ်ခေါင်းရောဂါ** 09-261206102

အဖုအကျိတ်၊ ဂရင်ကျိနာ 09-731 21554

09-30285755

နီလာ ဆေးခန်း

09-43088215, 09-73038158



## ကြော်ငြာ


**"ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"**

သံဝေဇနီယလေးဌာန (အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို (၁၄နှစ်) တိုင်အောင်မြင်စွာ ပို့ဆောင်ပေးခဲ့သော **"ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"** သည် (၁၂ရက်-၁၅ရက်) ခရီးစဉ်များကိုစိတ်ချမ်းသာစွာဖြင့် ဘုရားဖူးသွားလိုသောရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေများအနေဖြင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။ (နယ်ဝေးမှဘုရားဖူးဧည့်သည်များကို ယခင်အတိုင်းရန်ကုန်တွင် အခမဲ့တည်းခိုနိုင်ရန်စီစဉ်ထားပါသည်။)

(၁၄ည/၁၅ရက်) ခရီးစဉ်များတွင် နယူးဒေလီမြို့သို့ တယ်(၂)ညတည်းခိုမည်ဖြစ်ပါသည်။

(၁) ၁၇.၁၀.၂၀၁၆ (၂) ၈.၁၁.၂၀၁၆ (၃) ၂၄.၁၁.၂၀၁၆ (၄) ၂၄.၀၂.၂၀၁၆
(၅) ၁၄. ၁.၂၀၁၇ (၆) ၄. ၂.၂၀၁၇ (၇) ၂၀. ၂.၂၀၁၇ (၈) ၂၅. ၂.၂၀၁၇
(၉) ၄. ၃.၂၀၁၇ (၁၀) ၁၈. ၃.၂၀၁၇ (၁၁) ၈. ၄.၂၀၁၇ ခန့်တွင်ထွက်ခွာပါမည်။

အမှတ် (၄၄)၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၂၁၁၉၄၄၊ ၂၁၁၉၅၅၊ ၂၂၉၃၁၅၊ ၂၂၂၇၂၀
၀၉-၅၆၄၀၀၅၆၅၆ / ၀၉-၅၆၄၀၀၇၅၇ / ၀၉-၅၆၄၀၀၅၀၅၀ / ၀၉-၅၆၄၀၀၉၉၆

**မှော်ဘိုသား** ထူးထူးခြားခြားဒါနခရီးစဉ်များ
... ၃၅၀၀၀ ...
... ၁၅၀၀၀ ...
Ph:09425334456,0949323965,0949578205

(၆၇)နှစ်ပြည့် အဘထွက်ရပ်ပွဲ ...
မင်းမြင့်ရွာ ...
55000/-Ks Ph:09 450024419
09 790629747

**FULLY LIGHT** ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်..
လိပ်စာ - ဒဂုံစင်တာ(၁)၊ ဘီဆောင် - ၈၀၁၊ မြေနီကုန်း၊ စမ်းချောင်း။
01-503815 ,09-333 777 82,09-42 101 3085

Virgin Land
* မြို့တွင်း/မြို့ပြင် ... Express ...
09-5018433, 09-5133703, 09-261027002

Star Space since 2003
Media & Advertising
09 79700 2450 ~ 2460

NT Car Rental 09 73139320 01 661668
ခရီးစဉ်မျိုးစုံနှင့် လချုပ်
ကားမျိုးမျိုးငှားရန်ရှိသည်

မြင့်သူထက်
B.Ed
နိုင်ငံခြားရေး
(၂)နှစ်သင်တန်း
ဝင်ခွင့်ရသင်တန်း
Computer
English
(4) Skills

**Holiday** အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၆-စက်တင်ဘာလ (၃) ရက်နေ့ ဖွင့်မည်



သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် INTERNET WALLET OK$ ဖြင့်
မည်သည့်နေရာဒေသမှမဆို လှူဒါန်းနိုင်ပါသည်။




OK$ ဖြင့် Scan ဖတ်ရန်
QR Code
ဖုန်းအကောင့်
09 45-1500-100



LMA တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 006583 (0118)
**လှိုင်မြင့်အောင်**

- အသားအရောင်းရင်းလှပစေခြင်း
- အရေအကြောင်းများလျော့ပါးစေခြင်း
- အနာကျက်မြန်စေခြင်း
- သွေးလည်ပတ်မှုအားကောင်းစေခြင်း
- ...
- ဆံပင်ပြင်း

ISO 9001:2008 နှင့် GMP ...

**Powertona 3G**
Ginseng Garlic Ginkgo
60 Soft Caps
KOREA UNITED PHARM. INT'L JSC
• YANGON TEL : 01 203103, 0973083319, 09 977111546
• MANDALAY TEL : 09 2037314, 09 91012541








**ဂရိတ်ဝေါ်ရှေ့မြေကုမ္ပဏီလီမိတက်**

**ရယ်ဒီမိတ်အိမ်** များကို စတင်ထုတ်လုပ်ပေးနေပါသည်။

◆ ရယ်ဒီမိတ်အိမ်များကို စိတ်တိုင်းကျ တပ်ဆင်ပေးနေပါသည်။
◆ ရယ်ဒီမိတ်အိမ်တွင် မျက်နှာကျက် ၊ ခြင်လုံဇကာ ၊ အိပ်ခန်း ၊ ဧည့်ခန်း ၊ ရေချိုးခန်း ၊ သန့်စင်ခန်း ၊ မီးဖိုခန်းများကို ( ၂၄ - ၈၀ )နာရီအတွင်း အပြီးအစီး တပ်ဆင်ပေးပါမည်။ (အဆင်သင့်နေနိုင်ပါသည်)



◆ ကိုယ်စားလှယ်ယူလိုသူများ လာရောက်ဆက်သွယ်နိုင်ပါသည် ◆

➢ အမှတ် (၈၅) ၊ ကနောင်မင်းသားကြီးလမ်း ၊ ရွှေလင်ပန်းစက်မှုဇုန် ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 250500099, 09 250500088, 09 250500066, 09 73227622, 09 31652227, 09 263442264, 09 785092343
➢ အမှတ် (၉၇/၉၉)၊ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01 381999, 01 382333, 09 250065716, 09 73048157

OK$
INTERNET WALLET LIMITED
မန္တလာမင်း ကားဂိတ်သို့
ဖုန်းဆက် လက်မှတ်ဝယ်ပြီး
OK$ ဖြင့် ငွေပေးချေပါက
၁၀၀၀ိ/-ကျပ် Discount
အစီအစဉ်ကာလ
၁၇.၈.၂၀၁၆ မှ ၂၂.၈.၂၀၁၆ အထိ
မန္တလာမင်း 09-776143360, 09-440997066, OK$ 09-450144455, 09-30000066, 01-377888

Since 1996 Home
ပါကေးအစားထိုး ကြမ်းခင်း Special Promotion
READY MADE FLOOR
** Selected items only
၃ ကျင်းဝယ် → ၁ ကျင်းလက်ဆောင်
Buy "Floor" Get Free
လက်ဆောင် Japan Wall Leather
** Terms & conditions applied
မြန်မာတနိုင်ငံလုံး ဆိုင်ခွဲပေါင်း(၁၁)ခုတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည် HOTLINE: 09 79 700 70 70 09 79 700 70 80

THERMOFOCUS® သာမိုမီတာ
NANOVA Co.,Ltd.
09 977 300 300, 09 977 400 400
ဆေးဆိုင်၊ ဆေးခန်းများ၊ Super Market များတွင် ဝယ်ယူနိုင်ပါသည်။

ရောင်းမည်
(B.C.C ရရှိပြီး)
ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၀

ကမ္ဘာ့အဆင့်မီ အရည်အသွေးမြင့် MGC
(၈) ပေါက်အုတ်စက်ရုံ မှော်ဘီမြို့နယ်။
၀၉-၃၀၀၈ ၁၁၁၁၊ ၀၉-၃၀၀၈ ၂၂၂၂
၀၉-၃၀၀၈ ၃၃၃၃

6e
Microsoft, Intel တို့နှင့်ပူးပေါင်းထုတ်လုပ်သော မြန်မာနိုင်ငံ၏
ပထမဦးဆုံး ကိုယ်ပိုင်အမှတ်တံဆိပ်
234,000/-
- Intel Atom Z3735F, 2MB Cache, 1.33 GHz
- 2GB RAM
- 32GB SSD Storage
- Intel HD Graphic (1920x1080)
- Touchpad
- Window10 Home (32bit) License
1 YEAR WARRANTY
intel
Desktop
Keyboard PC
- Dealer Welcome -
01 - 385077
09 - 448017941
Avaliable at: Technoland - 09 970035100, ICE - 01 228805, Citicom - 01 240620, Idea Link - 09 5044688, King Empire - 01 386925, Evo - 01 373631, KMD - 01 385877,

KONICA MINOLTA
PRINTING SOLUTIONS
ကမ္ဘာ့ဈေးအသက်သာဆုံး
ရောင်စုံ မိတ္တူကူးစက်
bizhub C221
3 Years Unlimited On-site Service
မိုးရာသီ အထူး PROMOTION 18 July to 30 September 2016
လုပ်ငန်းရှင်များနှင့် မိတ္တူဆိုင်များအတွက် ငွေကျပ် (၁၀) သိန်း
အထိ လျှော့ဈေးရရှိမည့် အထူးအခွင့်အရေး။
Authorized Distributer
Gandamar O.A. & Business Solutions Since 1951
HOTLINE : 09-253 547 980 09-253 547 981
FREE GIFTS
Pagepro 5650DN (Mono Laser Printer)
Copier Desk

WAVE MONEY

YOMA BANK The Responsible Bank. | telenor

လွယ်ကူ၊ လျင်မြန်ငွေလွှဲရန်




## Wave Money ဆိုင်သို့သွားပြီး (သို့) Wave Money App နဲ့ ငွေလွှဲ၊ ငွေထုတ်ရင်း Lucky Draw အစီအစဉ်မှာ ပါဝင်ဆင်နွှဲလိုက်ပါ။

အသေးစိတ်အချက်အလက်များအတွက် အချိန်မရွေးခေါ်ဆိုမေးမြန်းရန်
တယ်လီနောအသုံးပြုသူများ - ၉၀၀၊
တယ်လီနောအသုံးမပြုသူများ - ၀၉၇၉၀၀၀၉၀၀၀

ပရိုမိုးရှင်းအစီအစဉ်များ ပိုမိုသိရှိနိုင်ရန်
Facebook.com/WaveMoney
တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

### ကံစမ်းမဲအစီအစဉ်

- Wave Money ရဲ့ကံစမ်းမဲအစီအစဉ်ကို Digital Money Myanmar Limited မှ (၄၅)ရက်ကြာ ပြုလုပ်မှာဖြစ်ပါတယ်။
- ဆုမဲများအနေဖြင့် Mitsubishi Car ကားအသစ် 1စီး၊ Sony LED 48" တီဗွီ 2 လုံး၊ Samsung S7 Edge 32 GB ဖုန်း 2 လုံးနှင့် Wave အကောင့်ထဲထည့်ပေးမယ့် E-money 5 သိန်းဖိုးတို့ ပါဝင်ပါတယ်။
- Wave ဆိုင်ငွေလွှဲမှုဖြစ်စေ၊ Wave အကောင့်မှဖြစ်စေ Wave Money ဖြင့် မည်သည့်လုပ်ငန်းစဉ်ကိုမဆို ပြုလုပ်ပြီး ကံစမ်းမဲ အစီအစဉ်မှာ ပါဝင်နိုင်ပါတယ်။ အကျုံးဝင်သော လုပ်ငန်းစဉ်များ - ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ငွေလက်ခံခြင်းနှင့် ဖုန်းငွေဖြည့်ခြင်း။
- ကံထူးရှင်များကို ဖုန်းဆက်အကြောင်းကြားသွားမှာ ဖြစ်ပါတယ်။
- ကံစမ်းမဲအစီအစဉ် အသေးစိတ်အချက်အလက်များအတွက် Wave Money Facebook Page facebook.com/WaveMoney မှာ ဝင်ရောက်လေ့လာနိုင်ပါတယ်။


HITACHI
Inspire the Next
စိတ်ကူးအကြံဉာဏ်ကောင်းများကို
ပွင့်လင်းစေမည့် အနာဂါတ်
လူမှုဘဝတွင်ဆန်းသစ်ခြင်းနှင့် သင့်ရဲ့ မနက်ဖြန်ကို စောင့်လိုက်ကြပါစို့၊ ရိုးရှင်းသော
စိတ်ကူးအကြံဉာဏ်လေးတစ်ခုသည် ကမ္ဘာလောကကြီးကိုပြုပြင်ပြောင်းလဲ ဖန်တီးနိုင်ပါသည်၊ ထိုသို့သော
အလားအလာကောင်း များကိုပူးပေါင်းဆောင်ရွက်ခြင်း မှတစ်ဆင့် ရှင်သန်ကြီးထွားလာစေနိုင်ပါသည်။
Hitachi အနေဖြင့် အင်တာနက်နှင့် ဆက်စပ်သောအရာများအတွက်ဆန်းသစ်သော Co-creation Platform များကို
အတွေးအခေါ်ပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ပူးပေါင်းရင်း ပိုမို ကောင်းမွန်သည့် အနာဂါတ်တစ်ခုအတွက်
လူမှုဘဝ တီထွင်ဆန်းသစ်မှုများကို အရှိန်မြှင့်တင်ကာ တီထွင်ဖန်တီးမှုများ ပြုလုပ်လျက် ရှိပါသည်။
social-innovation.hitachi
Hitachi Social Innovation


Facebook ကို
အကန့်အသတ်မရှိ သုံးနိုင်ပြီ
Facebook ဗီဒီယိုကြည့်မလား၊
ပုံတင်မလား၊ ချက်တင်လုပ်မလား
ကြိုက်သလို မရပ်မနားအသုံးပြုနိုင်ပါပြီ
ooredoo
နေ့စဉ်
၁၉၉ ကျပ်
အကန့်အသတ်မရှိ
အပတ်စဉ်
၉၉၉ ကျပ်
အကန့်အသတ်မရှိ
အစီအစဉ်ကို ရယူရန်
*133#
ကို ခေါ် ဆိုပါ
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။



# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကူးစက်ရောဂါဖြစ်ပွားခဲ့သော ကျေးရွာများရှိ ပြည်သူများအတွက် တပ်မတော်လေယာဉ်ဖြင့် စားသောက်ကုန်များထောက်ပံ့

**ရန်ကုန် ဩဂုတ် ၁၅**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ ကူးစက်ရောဂါဖြစ်ပွားခဲ့သော ကျေးရွာများသို့ အာဟာရအခြေအနေမြှင့်တင်ပေးရန်အတွက် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်ရှိ တပ်မတော်လေယာဉ်ဖြင့် စားသောက်ကုန်ပစ္စည်းများကို သွားရောက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၁၅**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ်ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံအိတ်ကို ဩဂုတ် ၁၇ ရက်(ဗုဒ္ဓဟူးနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူနိုင်ကြောင်းသိရသည်။

အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ဩဂုတ်လ ၁၈ ရက်မှ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ အပါအဝင်(ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)တွင် လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၇၆၇၇ နှင့် ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**



**ဂျာမန်စူပါဖလား ဘိုင်ယန်မြူးနစ်အသင်း ဆွတ်ခူး**

စာမျက်နှာ - ၁၃

# ညောင်တုန်းမြို့၌ ပိတ်ထားခဲ့သော စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေ

**ညောင်တုန်း ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေအထက်နှင့် အန္တရာယ်ရေမှတ် ၂၄ ဒသမ ၅ ပေအထက်သို့ မွန်းလွဲ ၂ နာရီအချိန် တိုင်းထွာချက်များအရ ၂၆ ဒသမ ၃ ပေသို့ အဆင့်အန္တရာယ်ရှိနိုင်သည့် အနေအထားသို့ ဖြစ်ပေါ်လာသောကြောင့် အခြေခံပညာကျောင်းအချို့ ရေကြီးနစ်မြုပ်မှုများရှိလာခြင်း၊ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်လာခြင်း၊ သဘာဝဘေးအန္တရာယ်အခြေအနေများကြောင့် ခေတ္တယာယီစာသင်ကျောင်းအချို့အား ဩဂုတ် ၆ ရက်မှစ၍ ပိတ်ထားခဲ့ကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းမှစ၍ အန္တရာယ်ရှိရေမှတ် ၂၄ ဒသမ ၅ ပေအောက်သို့ ကျဆင်းမှုများ ဆက်တိုက်ရှိလာသဖြင့် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းမှစ၍ ဧရာဝတီမြစ်ရေဝင်ရောက်ပြီး

**စာမျက်နှာ ၈ ကော်လံ ၄ သို့ ✳**





